# ကြေးမုံ

*The Mirror Daily*

Established in 1957


အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday 14 December 2019 ၉၈၆၃


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကော်ပိုရေးရှင်းဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ဒုတိယအကြိမ် တက်ရောက်ရှင်းလင်းပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ဂမ်ဘီယာနိုင်ငံက တင်သွင်းသည့်ကိစ္စအပေါ် ဒုတိယအကြိမ် ရှင်းလင်းပြောကြားစဉ်။

**သည်ဟိတ်ဂ် ဒီဇင်ဘာ ၁၃**

နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်၏ကိုယ်စားလှယ်အနေဖြင့် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ပြုလုပ်သည့် မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက တင်သွင်းသည့်ကိစ္စအပေါ် ဒုတိယအကြိမ် ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံကိုယ်စား နိဂုံးချုပ်လျှောက်လဲရာတွင် အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ဂမ်ဘီယာနိုင်ငံမှ တင်သွင်းထားသည့် အမှုကိစ္စအား ရုံးတော်စာရင်းမှ ပယ်ဖျက်ပေးရန် သို့မဟုတ် ဂမ်ဘီယာမှတောင်းဆိုသည့် ကြားဖြတ်စီမံဆောင်ရွက်ချက်အားပယ်ချရန် ရုံးတော်သို့ မေတ္တာရပ်ခံပြောကြားသည်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှင်းလင်းပြောကြားမှုအား အလွတ်သဘော ဘာသာပြန်ဆို၍ စာမျက်နှာ(၄)တွင် ဖော်ပြထားပါသည်)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ ယနေ့ ဖတ်စရာ

ခေတ်မီတောင်စောင်း စိုက်ပျိုးနည်းစနစ်ကို ရှမ်းပြည်နယ် တောင်ကြီး၊ ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့တွင် အကောင်အထည်ဖော်မည်

စာမျက်နှာ » ၈

မြေဆိပ်ဖြေဆေးစောစီးစွာရရှိရန် ကျေးလက်ဌာနခွဲ ဌာနပေါင်း ၁၀၂၁ ခုကို ဖြန့်ဝေသွားမည်

စာမျက်နှာ » ၉




# ကြေးမုံ

## မတူကွဲပြားမှုများကြား ထပ်မံကွဲပြားအောင်မလုပ်သင့်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားစွဲဆိုလျှောက်ထားမှုကို တုံ့ပြန်ရန်အတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ တရားရုံးတော်တွင် မြန်မာနိုင်ငံကို စွပ်စွဲပြောဆိုမှုများအား မှန်မှန်ကန်ကန် ခြေခြေမြစ်မြစ် ဓမ္မဓိဋ္ဌာန်ကျကျ ရှင်းလင်းပြောကြားခဲ့သည်။

ဂမ်ဘီယာနိုင်ငံ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ပေးရန် လျှောက်ထားချက်နှင့်ပတ်သက်၍ နှစ်ဖက်စလုံးက နှုတ်ဖြင့်လျှောက်လဲတင်သွင်းခြင်းများကို အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဒီဇင်ဘာ ၁၀ ရက်တွင် ဂမ်ဘီယာနိုင်ငံက လျှောက်ထားခြင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် မြန်မာနိုင်ငံက လျှောက်ထားခြင်းနှင့် ဒီဇင်ဘာ ၁၂ ရက်တွင် နှစ်နိုင်ငံ အပြန်အလှန် လျှောက်ထားခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံရင်ဆိုင်ရသော လူမျိုးပြုန်းတီးစေမှု စွပ်စွဲချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံဘက်မှ လိုက်ပါဆောင်ရွက်သည့်ရှေ့နေအဖွဲ့က ဒီဇင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီမှ ၁၁ နာရီခွဲအထိ အချိန် ၁ နာရီခွဲကြာ အပြီးသတ်လျှောက်လဲချက် လျှောက်တင်ခဲ့ရာ ပထမတရားရင်ဆိုင်မှု ပြီးဆုံးခဲ့သည်။

မြန်မာနိုင်ငံအပေါ် လူမျိုးပြုန်းတီးစေမှု တားဆီးရေးဆိုင်ရာ ၁၉၄၈ ခုနှစ် ကွန်ဗင်းရှင်းနှင့်ပတ်သက်၍ လျှောက်ထားမှုသည် ရခိုင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်ကာလ ပဋိပက္ခဖြစ်ပွားစဉ်က ပေါ်ပေါက်ခဲ့သော ပြဿနာကို အကြောင်းပြုသည်ဖြစ်ရာ ထိုဒေသရှိ လူ့အသိုက်အဝန်းတစ်ခု လူမျိုးပြုန်းတီးစေခြင်းဖြစ်၊ မဖြစ်ကို အနည်းငယ်ဆန်းစစ်လေ့လာရုံမျှဖြင့် သိနိုင်မည်ဖြစ်သည်။ လက်သည်မှာ ARSA အကြမ်းဖက်သမားများဖြစ်သည်ကို သိပြီးဖြစ်သော်လည်း ဖြစ်ပွားစဉ်ကာလ အကြောင်းအမျိုးမျိုးတို့တွင် နှစ်ဖက်အမြင်ရှုမြင်သုံးသပ်ခြင်းမရှိဘဲ တစ်ဖက်အမြင်ထိခိုက်ဆုံးရှုံးမှု၊ နေရပ်စွန့်ခွာမှုများကိုအကြောင်းပြု၍ လူမျိုးပြုန်းတီးစေမှု တံဆိပ်ကပ်လိုက်သည်မှာ စိတ်မကောင်းစရာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် ကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးထားသောနိုင်ငံဖြစ်၍ တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာဖြင့် ပကတိအရှိတရားနှင့်အမှန်တရားတို့ကို ရဲရဲဝံ့ဝံ့ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သည်။ တရားစွဲဆိုမှုသည် ပဋိပက္ခဖြစ်စဉ်ကာလက အကြောင်းကိစ္စသာဖြစ်ပြီး ထပ်မံလည်း ဖြစ်ပွားခြင်းမရှိ၊ ဖြစ်ပွားစဉ်ကာလက ဥပဒေနှင့်မညီညွတ်မှုများကို အရေးယူခဲ့၊ အရေးယူဆဲလည်းဖြစ်၊ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရန် အဘက်ဘက်က ဆောင်ရွက်နေဆဲလည်းဖြစ်ပါလျက် လူမျိုးပြုန်းတီးစေမှု တံဆိပ်တပ်ခြင်းသည် လျော်ကန်သင့်မြတ်ခြင်းအလျှင်းမရှိပေ။

မြန်မာနိုင်ငံ၏ စစ်ဘက်၊ အရပ်ဘက် တရားစီရင်ရေးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးမှာ အလွန်အရေးကြီးသည်ဖြစ်ရာ ထိုအရေးကိစ္စကိုဖြစ်မြောက်အောင် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မတူကွဲပြားသော လူ့အသိုက်အဝန်းများနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပဋိပက္ခများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကြားမှ အားလုံးရင်ကြားစေ့ရေးကို ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ရခိုင်ပြည်နယ်အနေဖြင့် မတူကွဲပြားသည့် လူ့အသိုက်အဝန်းနှစ်ခုအကြား ပြန်လည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာအောင် ခက်ခက်ခဲခဲကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဤသို့တံဆိပ်တပ်၍ တစ်စုံတစ်ရာပြုလုပ်မည်ဆိုပါက နိုင်ငံပြိုကွဲပျက်စီးအောင် လုပ်ဆောင်ရာရောက်မည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်ဖြစ်စဉ်ကို အကြောင်းပြု၍ဖြစ်ပေါ်လာသော ဤအရေးကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသော အစိတ်အပိုင်းများ မပြိုကွဲမပျက်စီးရေး၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ပြဿနာများမတိုးပွားရေး၊ တစ်ကျော့ပြန်မဖြစ်ရေးအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့၏ လျှောက်လဲချက်များကို ဆင်ခြင်ထောက်ရှု၍ အမှုမှပယ်ဖျက်ပေးရန်သာ လိုရင်းဖြစ်သည်ဟု ရှုမြင်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၃

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ် ပင်းပက်ဒေသတွင် ရုရှားနိုင်ငံ၏ နည်းပညာအကူအညီဖြင့် အမှတ်(၂) သံမဏိစက်ရုံစီမံကိန်း (ပင်းပက်) ပြန်လည်စတင်နိုင်ရေး အတွက် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဦးဆောင်သော နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီဝင်များနှင့် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Timur Maksimov ဦးဆောင်သောအဖွဲ့တို့သည် ရုရှားနိုင်ငံမှ နည်းပညာအကူအညီရရှိရေးနှင့် စက်ရုံဝန်ထမ်းများအား နည်းပညာဆိုင်ရာ သင်တန်းများပေးရေး၊ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရေးအပါအဝင် စက်ရုံစီမံကိန်း ပြန်လည်စတင်နိုင်ရေး အတွက် နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

သတင်းစဉ်

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃-၁၂-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၅၀၀ | ၁၄၉ | ၁,၆၈၀,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၃,၀၅၆ | ၁၁,၆၃၁,၆၅၀ |
| MCB | ၇,၆၀၀ | ၈,၂၀၀ | ၁၀၂ | ၇၇၆,၄၀၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၁,၀၂၇ | ၂၃,၃၅၇,၅၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၅၀၂ | ၁,၄၅၅,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၁၃

ရန်ကုန်(ရွှေဈေး) ၁၁၈၀၅၀၀ မန္တလေး(ရွှေဈေး) ၁၁၈၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၅၅ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၈၀ ကျပ် | ၁၀၂၅/၁၀၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၃၀/၈၈၅ကျပ် | ၉၂၀/၉၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၇၀ ကျပ် | ၉၇၅/၉၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၈/၇၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၀.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၇.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၁၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၉၇၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄.၈၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၆၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၇.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၉၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅.၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၆.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံ

**သည်ဟိတ်ဂ် ဒီဇင်ဘာ ၁၃**

နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ညပိုင်းနှင့် ယနေ့ နံနက်ပိုင်းတို့တွင် ခေတ္တတည်းခိုသည့်နေရာ၌ နယ်သာလန်နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ နယ်သာလန်နိုင်ငံသို့ လာရောက်ထောက်ခံဝန်းရံကြသည့် မြန်မာနိုင်ငံသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**ပြည်သူများ၏ဝိုင်းဝန်းပေးမှုများသည် ခွန်အားဖြစ်စေ**

တွေ့ဆုံပွဲများတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ညီညွတ်သည့် စိတ်ဓာတ်မှာ အလွန်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံသည် ရုပ်ပိုင်းဆိုင်ရာ အင်အားတောင့်တင်းသည့် နိုင်ငံတစ်နိုင်ငံမဟုတ်ပါကြောင်း၊ သို့ဖြစ်၍ စိတ်ဓာတ်အင်အား၊ ဝီရိယ၊ ဇွဲလုံ့လအင်အားတို့ဖြင့် ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ အခက်အခဲများနှင့် ရင်ဆိုင်ရာတွင် ပြည်သူများ၏ဝိုင်းဝန်းပေးမှုများသည် ခွန်အားဖြစ်စေပါကြောင်း၊ မိမိတို့နိုင်ငံသားများအနေဖြင့် မည်သည့်နိုင်ငံတွင် နေထိုင်သည်ဖြစ်စေ၊ မည်သည့်နိုင်ငံသားဖြစ်စေ မြန်မာမိသားစုဝင်များသာ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများအနေဖြင့် အမှန်တကယ်လိုအပ်ချိန်တွင် ဝိုင်းဝန်းရပ်တည်ပေးသည့်အတွက် မိမိအနေဖြင့် အမြဲအမှတ်ရနေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တက်ရောက်လာကြသူများ တင်ပြသည့် နိုင်ငံသားပြန်လည်ရရှိရေးနှင့် မြန်မာနိုင်ငံသို့ပြန်လာပြီး တတ်မြောက်ထားသည့် ပညာအတွေ့အကြုံတို့ဖြင့် လုပ်အားပေးဝန်ထမ်းဆောင်ရွက်နိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**သတင်းစဉ်**



ရင်းရင်းနှီးနှီးတွေ့ဆုံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ နယ်သာလန်နိုင်ငံသို့ လာရောက်ထောက်ခံဝန်းရံကြသည့် မြန်မာနိုင်ငံသားများအား ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ နယ်သာလန်နိုင်ငံသို့ လာရောက်ထောက်ခံဝန်းရံကြသည့် မြန်မာနိုင်ငံသားများအား ဒီဇင်ဘာ ၁၂ ရက် ညပိုင်းတွင် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

**☆ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

မြန်မာနိုင်ငံဘက်မှ လိုက်ပါဆောင်ရွက်ကြသည့် ဥပဒေအကြံပေးများနှင့် ရှေ့နေများက ဂမ်ဘီယာနိုင်ငံမှ ယမန်နေ့နံနက်က တင်ပြခဲ့သည့်ကိစ္စများအပေါ် ပြန်လည်တုံ့ပြန်မှုများ ပြုလုပ်ကြပြီး ဒေါက်တာ Christopher Staker က prima facie jurisdiction နှင့် prima facie standing အပါအဝင် ကြားဖြတ်စီမံဆောင်ရွက်ချက် တောင်းဆိုမှုတို့နှင့်စပ်လျဉ်း၍ ဂမ်ဘီယာမှ ပြောကြားချက်များအပေါ် ပြန်လည်တုံ့ပြန်ပြောကြားသည်။

**တုံ့ပြန်ပြောကြား**

အလားတူ ပါမောက္ခ William Schabas က ဂမ်ဘီယာမှ ပြောကြားသည့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့(United Nations Fact Finding Mission) နှင့် Lack of a Plausible Claim နှင့်စပ်လျဉ်း၍ ပြန်လည်တုံ့ပြန်ပြောကြားသည်။

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ရှင်းလင်းပြောကြားမှု အစီအစဉ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးကျော်တင်၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘက်မှ လိုက်ပါဆောင်ရွက်နေကြသည့် ပြည်တွင်း၊ ပြည်ပဥပဒေပညာရှင်များနှင့် ၎င်းတို့၏ အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။




မြန်မာနိုင်ငံမှ လာရောက်ကြသော ပြည်သူများနှင့် နယ်သာလန်နိုင်ငံနှင့် အခြားနိုင်ငံများမှ လာရောက်ကြသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ရှေ့၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လာရောက်ထောက်ခံအားပေး ဝန်းရံကြစဉ်။

**အားပေးဝန်းရံ**

ယနေ့တွင်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆောင်ရွက်မှုကို ထောက်ခံအားပေး ဝန်းရံကြသည့် မြန်မာနိုင်ငံမှ လာရောက်ကြသော ပြည်သူများနှင့် နယ်သာလန်နိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ လာရောက်ကြသည့် မြန်မာနိုင်ငံသားများက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ရှေ့၌ လာရောက်ထောက်ခံအားပေး ဝန်းရံကြသည်။

ဂမ်ဘီယာနိုင်ငံက ဒုတိယအကြိမ် နှုတ်ဖြင့် လျှောက်လဲမှုကို ယမန်နေ့ နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

တရားရုံး ကြားနာမှုပြီးနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သည်ဟိတ်ဂ်မြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာအသိုက်အဝန်းနှင့် လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ လာရောက်ကြသည့် ပြည်သူများအပါအဝင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာအသိုက်အဝန်းနှင့် လည်းကောင်း တွေ့ဆုံသည်။

**သတင်းစဉ်**

အလွတ်သဘောဘာသာပြန်ဆိုချက်

# အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ ဒုတိယအကြိမ်ရှင်းလင်းပြောကြားချက်

(သည်ဟိတ်ဂ်မြို့၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

**သဘာပတိကြီးနဲ့တရားသူကြီးများရှင့်-**

မြန်မာနိုင်ငံမှာ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးစနစ်ရှိတာဟာ အငြင်းပွားနေစရာ ကိစ္စတစ်ခုမဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်နိုင်ငံတို့မှာလည်း အလားတူ တရားစီရင်ရေးစနစ်များရှိကြတာပါပဲ။ မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံတဲ့ ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေး ရှင်သန်ထွန်းကားဖို့ဆိုရင် မြန်မာနိုင်ငံရဲ့ လက်ရှိအခြေခံဥပဒေကို လျစ်လျူရှုဖို့ မကြိုးစားသင့်သလို လျစ်လျူရှုထားလို့လည်း မရပါဘူး။ နိုင်ငံတကာရာဇဝတ်ခုံရုံးတွေမှာတောင် ကြီးလေးတဲ့နိုင်ငံတကာရာဇဝတ်မှုတွေကို ရုံးတင်စစ်ဆေးစီရင်ဖို့အချိန် (၄) နှစ်ကနေ (၈) နှစ်အထိ၊ တစ်ခါတလေ ဒီထက်တောင်ကြာတတ်ပါတယ်။ ARSA ကို တုံ့ပြန်တဲ့ လက်နက်ကိုင်ပဋိပက္ခအခြေအနေတွေ ဖြစ်ပွားခဲ့ပြီး (၂) နှစ်ကျော်အချိန်အတွင်းမှာ ဒုတိယစစ်ခုံရုံးဖွဲ့စုံစမ်းမှုများကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံအနေနဲ့ အင်းဒင်ဖြစ်ရပ်နဲ့ ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာ တရားစီရင်မှုန်ကန်မှုအပေါ် ဝေဖန်ခြင်းမပြုဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းအပေါ်မှာသာ ဝေဖန်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ အများစိတ်မသက်မသာ ဖြစ်ရပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ ဘူးသီးတောင်မြို့နယ် ဂူတာပြင်စစ်ခုံရုံးလုပ်ငန်းစဉ်ကို ပြီးတဲ့အထိဆောင်ရွက်ခွင့်ပေးဖို့ လိုပါတယ်။ အလားတူပါပဲ မကြာမီ ရက်သတ္တပတ်အတွင်းထုတ်ပြန်ဖို့ရှိတဲ့ ICOE ရဲ့ အစီရင်ခံစာတင်သွင်းပြီးလျှင်လည်း နောက်ထပ်စစ်ခုံရုံးများ ရှိလာနိုင်ပါတယ်။

**သဘာပတိကြီးရှင့်-**

မြန်မာနိုင်ငံရဲ့ မျက်မှောက်ကာလနဲ့ အနာဂတ်အရေးအတွက် အရပ်ဘက်နဲ့ စစ်ဘက်ဆိုင်ရာတရားစီရင်ရေးစနစ်များဟာ အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်သွားနိုင်ဖို့ အရေးကြီးပါတယ်။ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးစနစ်တစ်ခုရှိနေတဲ့ နိုင်ငံတစ်နိုင်ငံမှာ အဲ့ဒီတရားစီရင်ရေးစနစ်အပေါ် ပြင်ပစွက်ဖက်တရားစီရင်မှုက လွှမ်းမိုးမယ်ဆိုရင် ခန္ဓာကိုယ်အတွက် အလွန်အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုကို ဖြတ်တောက်လိုက်သလိုဖြစ်သွားပါမယ်။ စစ်ဘက်ဆိုင်ရာတရားစီရင်ရေးဆိုတာဟာ လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်နှင့်အညီ ကိုယ့်ကိုယ်ကိုယ်ပြုပြင်ထိန်းသိမ်းနိုင်ရန်နဲ့ တာဝန်ဝတ္တရားများကို ပိုမိုကောင်းမွန်စွာ ထမ်းဆောင်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးနိုင်တဲ့ အင်္ဂါရပ်တစ်ခု ဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့တရားသူကြီးများရှင့်-**

မနေ့က မိမိပြောကြားခဲ့သလိုပဲ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးစနစ်ဟာ မိမိတို့ရဲ့ ဘုံတန်ဖိုးထားမှုများနဲ့ ပြည်သူအားလုံးရဲ့အခွင့်အရေးများနဲ့ လုံခြုံမှုအတွက် အာမခံတဲ့သဟဇာတရှိမှုနဲ့ ပြန်လည်သင့်မြတ်စေမှုများအတွက် ရှေ့ဆောင်အဖြစ် သတ်မှတ်ထားကြပါတယ်။ ဒါ့ကြောင့် အသိုက်အဝန်းများအကြား ပိုမိုသင့်မြတ်လာကြစေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ မိမိတို့လက်တွေ့ဆောင်ရွက်နေတဲ့ ကိစ္စရပ်တစ်ခုကို ဥပမာပေးပြောကြားလိုပါတယ်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလက တောင်အာဖရိကနိုင်ငံက အသွင်ကူးပြောင်းမှုတရားမျှတရေးဆိုင်ရာ ခေါင်းဆောင်တစ်ဦးဖြစ်သူ မစ္စတာရော့ဖ်မေရာ ကမကထပြုပြီး “ In Transformation Initiative- ITI” အစီအစဉ်အောက်ကနေ ရခိုင်ပြည်နယ် အသွင်ကူးပြောင်းရေးစီမံကိန်းတစ်ရပ်ကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံကိန်းဟာ အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာသူများ ၎င်းတို့ဆန္ဒအလျောက် အဆက်မပြတ်နေရပ်ပြန်လာစေရေးအတွက် လမ်းဖွင့်ပေးရန်နဲ့ သမိုင်းကြောင်းအရရှိနေခဲ့တဲ့ အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရန်အတွက် ကာကွယ်သွားရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ မစ္စတာမေရာရဲ့စကားကို ကိုးကားပြောရမယ်ဆိုရင် “စီမံကိန်းစတင်ခဲ့ပြီး ၉ လအကြာ တပ်မတော်နဲ့ AA လက်နက်ကိုင်အဖွဲ့တို့အကြား တိုက်ပွဲများပိုမိုပြင်းထန်လာသည့်ကြားက မောင်တောမှာဆောင်ရွက်နေတဲ့ လုပ်ငန်းတွေဟာ လုံလောက်တဲ့အရှိန်အဟုန်ရှိလာနေပြီး ရေရှည်ဆောင်ရွက်သွားနိုင်မယ့် အနေအထားရှိနေပါပြီ”လို့ ပြောကြားခဲ့ပါတယ်။

**သဘာပတိကြီးရှင့်-**

ဂမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ်၏ အဖွင့်မိန့်ခွန်းအပိုဒ်(၁၈)မှာ ဘောလုံးနဲ့ပတ်သက်တဲ့အကြောင်းအရာများ ထည့်သွင်းပြောကြားသွားတာကို သတိရတဲ့အတွက် မောင်တောမြို့နယ် မြို့မအားကစားကွင်းမှာ ITI က ဦးစီးကျင်းပခဲ့တဲ့ ဘောလုံးပြိုင်ပွဲရဲ့ ဓာတ်ပုံလေးတစ်ပုံကို ပြသချင်ပါတယ်။

ဒီပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ ကစားသမားများနဲ့ လာရောက်ကြည့်ရှုအားပေးကြသူတွေဟာ ရခိုင်ပြည်နယ်မှာ၂၀၁၆-၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ပြည်တွင်းပဋိပက္ခဒဏ်ကြုံတွေ့ခဲ့ရတဲ့ မောင်တောမြို့နယ်မှာရှိတဲ့အသိုက်အဝန်း အသီးသီးကပဲ ဖြစ်ပါတယ်။ လူကြီး၊ လူငယ်အားလုံးဟာ ဂုဏ်ယူ၊ စိတ်အားထက်သန်စွာနဲ့ ပြုံးရွှင်ရယ်မောနေကြပါတယ်။ ပိုအရေးကြီးတဲ့အချက်ကတော့ အားလုံးအတူတကွရှိနေကြတာပဲ ဖြစ်ပါတယ်။ ဒါဟာ မိမိတို့အနေနဲ့ ရခိုင်ပြည်နယ်မှာ လေ့ကျင့်ပျိုးထောင်ကြိုးပမ်းနေတဲ့ အရာဖြစ်တဲ့အပြင် မတူကွဲပြားမှုတွေ၊ အလားအလာကောင်းတွေနဲ့ စိန်ခေါ်မှုတွေရှိနေသေးတဲ့ မိမိတို့မြန်မာနိုင်ငံတစ်ဝန်းလုံးမှာလည်း အလားတူကြိုးပမ်းဆောင်ရွက်နေတဲ့ အချက်တစ်ခုလည်းဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့တရားသူကြီးမင်းရှင့်-**

မိမိတို့အနေနဲ့ မတူကွဲပြားမှုများကြားမှ ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ မိမိတို့ပြည်သူများရဲ့ အလားအလာကောင်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေးနဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာမှာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် အထောက်အကူပြုစေမယ့် ဆုံးဖြတ်ချက်မျိုးကို တရားသူကြီးများအနေနဲ့ တရားစီရင်ရေးဆိုင်ရာ ဉာဏ်ပညာအမြော်အမြင်ပြည့်ဝစွာနဲ့ ချမှတ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ယုံကြည်မှုတည်ဆောက်ရရှိပြီးစ ထိလွယ်ရှလွယ်အနေအထားရှိနေသေးတဲ့ အသိုက်အဝန်းများအကြားမှာ သံသယစိတ်တိုးပွားစေပြီး မယုံကြည်မှုဖြစ်ပေါ်စေကာ မကျေနပ်မှုများဖန်တီးမည့် ဆောင်ရွက်ချက်များဟာ မိမိတို့ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အားလျော့ချည့်နဲ့စေမှာ ဖြစ်ပါတယ်။

အခုဆိုရင် AA လက်နက်ကိုင်အဖွဲ့နဲ့ မြန်မာ့တပ်မတော်တို့အကြား ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးဟာ မိမိတို့နိုင်ငံအတွက်အရေးအကြီးဆုံးကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ဒါပေမယ့်၂၀၁၆၊ ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်းမှာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခလိုမျိုး ထပ်မံမဖြစ်ပွားစေရေးဟာလည်း အလားတူအရေးကြီးလှပါတယ်။

**သဘာပတိကြီးနှင့်တရားသူကြီးများရှင့်-**

မြန်မာနိုင်ငံရဲ့ နောက်ဆုံးလျှောက်လဲချက်များကိုတင်ပြရင်းနဲ့ နိဂုံးချုပ်ပါ့မယ်။

ရုံးတော်ရဲ့ဥပဒေပုဒ်မ (၆၀) စာပိုဒ် (၂) အရလည်းကောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အတွင်း တင်သွင်းခဲ့တဲ့အကြောင်းပြချက်များအရ လည်းကောင်း၊ ရုံးတော်အနေဖြင့် သင့်တော်လျော်ကန်မည်ဟု ယူဆသည့် အခြားအချက်အလက်များအပေါ်အခြေခံ၍လည်းကောင်း ရုံးတော်အား မြန်မာနိုင်ငံအနေဖြင့် မေတ္တာရပ်ခံလိုတာကတော့-

- ဂမ်ဘီယာမှ ရုံးတော်သို့တင်သွင်းထားသည့် အမှုကိစ္စအား ရုံးတော်စာရင်းမှ ပယ်ဖျက်ပေးပါရန်၊
- အခြားနည်းလမ်းတစ်ရပ်အနေနဲ့ ဂမ်ဘီယာမှတောင်းဆိုသည့် ကြားဖြတ်စီမံဆောင်ရွက်ချက်များအား ပယ်ချပေးရန်ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် တရားသူကြီးများရှင့်-**

မြန်မာနိုင်ငံရဲ့ သဘောထားတင်ပြချက်ကို ဒီမှာပဲနိဂုံးချုပ်ပါတယ်။ ရုံးတော်အနေနဲ့လည်းကောင်း၊ ရုံးတော်ရဲ့ Registry ဝန်ထမ်းများအနေနဲ့လည်းကောင်း မိမိတို့ကိုယ်စားလှယ်အဖွဲ့အား ပံ့ပိုးကူညီပေးမှုများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

# အရည်အသွေးရှိသောသင်ယူမှု ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၃**

သင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးရှိသော သင်ယူမှုပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**အကောင်အထည်ဖော်မည်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဧရာဝတီတိုင်းဒေသကြီးတွင် အခြေခံပညာကဏ္ဍ၌ ဆရာ ဆရာမ စုစုပေါင်း ၅၄၇၄၁ ဦး၊ အခြေခံပညာကျောင်းများ၊ ဘကကျောင်းများနှင့် ပုဂ္ဂလိကကျောင်းအားလုံးတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း၁၂၀၅၆၁၁ ဦးရှိပြီး အခြေခံပညာကျောင်း ၇၀၇၄ ကျောင်း ရှိပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် ကျောင်းခြောက်ကျောင်းရှိပြီး ဆရာ ဆရာမ ၃၁၂ ဦး၊ ကျောင်းသား ကျောင်းသူ ၂၄၅၁ ဦး ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သုံးကျောင်းရှိပြီး ဆရာ ဆရာမ ၈၂၃ ဦး၊ ကျောင်းသား ကျောင်းသူ ၉၃၈၂၄ ဦးရှိပါကြောင်း၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် ခြောက်ကျောင်းရှိပြီး ဆရာ ဆရာမ ၅၉၀ ၊ ကျောင်းသား ကျောင်းသူ ၄၉၆၈ဦး၊ ပညာရေးကောလိပ်သုံးကျောင်း ရှိပြီး ဆရာ ဆရာမ၂၇၂ ဦး၊ ကျောင်းသား ကျောင်းသူ ၂၉၆၈ ဦး ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း၂၆ မြို့နယ်တွင် ကျောင်းပေါင်း ၇၇၀၄ ကျောင်းရှိသော်လည်း မူလွန်နှင့်အထက်တန်းကျောင်းမရှိသော ကျေးရွာအုပ်စု ၅၆၁ အုပ်စုရှိပြီး ကျေးရွာအုပ်စု လေးအုပ်စုတွင် ကျောင်းလုံးဝမရှိပါကြောင်း၊ ထို့ပြင် လိုအပ်ချက်များရှိနေသေးရာ၂၀၁၈-၂၀၁၉ ခုနှစ်မှ၂၀၂၂-၂၀၂၃ ခုနှစ်အထိ ငါးနှစ်အတွင်း KG(+12)စနစ်အရ တည်ဆောက်ရန်လိုအပ်သည့် KG စာသင်ဆောင် ၃၅၀၀ ဆောင်၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တည်ဆောက်ရန် လိုအပ်သည့်စာသင်ဆောင် ၃၄၆၇ ဆောင် လိုအပ်လျက်ရှိပြီး၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေကျပ် ၈၀၅၀ ဒသမ ၂၁၀၀ သန်းဖြင့် ဖြည့်ဆည်းနိုင်ရေး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ကိုးကျောင်းအတွက် ကျောင်းသား ကျောင်းသူ အိပ်ဆောင်ရှစ်ဆောင်၊ စာသင်ဆောင် ငါးဆောင်၊ စာကြည့်တိုက် နှစ်လုံး၊ ဘက်စုံသုံးအားကစားခန်းမ တစ်ဆောင်၊ ဘောလုံးပွဲကြည့်စင်တစ်ခု၊ ဆရာ ဆရာမဆောင် နှစ်ဆောင်၊ အရာရှိနေအိမ် တစ်လုံးတို့အား ဖြည့်ဆည်းနိုင်ရေး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင်၂၀၁၉-၂၀၂၀ ပညာသင်နှစ် တိုင်းရင်းသားစာပေသင် Teaching Assistant (TA)၂၁၆၅ ဦး၊ Language Teacher(TA)၂၁၆၂ ဦး ခန့်ထားပြီးဖြစ်ပါကြောင်း၊ ပညာရေးကောလိပ်များကိုလည်း လေးနှစ်သင်ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် ကာလတိုသင်တန်း ၁၄ မျိုး၊ ကာလရှည်သင်တန်း ၅၄ မျိုး ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး သုံးနှစ်တာကာလအတွင်း အခြေခံအဆောက်အဦ၂၅ လုံးဖြည့်ဆည်းပေးနိုင်ခဲ့ပြီး၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အဆောက်အဦ ၃၆ လုံးအတွက် ကျပ်သန်း ၇၄၂၈ ဒသမ ၃၅၉ ဖြည့်ဆည်းပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် ကျောင်းနေအရွယ်ကလေးအားလုံး တစ်သက်တာသင်ယူမှုအခွင့်အလမ်းရရှိရေးနှင့် အရည်အသွေးရှိသောသင်ယူတတ်မြောက်မှု အခွင့်အလမ်းရရှိရေးတို့အတွက် လိုအပ်နေသော ဆရာ ဆရာမများ၊ စာသင်ခန်းများ၊ စာသင်ခုံများ ၊သင်ထောက်ကူပစ္စည်းများ၊ အိုင်စီတီများ၊ အိပ်ဆောင်များ၊ အိမ်ရာများ အကျိုးရှိထိရောက်ပွင့်လင်းမြင်သာစွာဖြည့်ဆည်း ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေး ကဏ္ဍ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍစသည့် သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်းအထိမ်းအမှတ် ကျောက်စာနှင့် ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**○ ရှေ့ဖုံးမှ**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဂုဏ်ပြုအမှာစကားကို စာမျက်နှာ(၆)တွင် ဖော်ပြထားပါသည်)**

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ သားယယ်သမီးငယ်များက နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် ဂုဏ်ပြုအထိမ်းအမှတ် "မဟာမီးအလင်းအောင်ပွဲ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား Video Clip ဖြင့် ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ကော်ပိုရေးရှင်းဥက္ကဋ္ဌများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမှုဆောင်အရာရှိချုပ်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်းအထိမ်းအမှတ် ကျောက်စာနှင့် ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်း အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ဂုဏ်ပြုမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အဆိုပါအချိန်၌ နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားရရှိခဲ့သည်။ လျှပ်စစ်ကဏ္ဍတွင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်ကဲ့သို့ စွမ်းအင်အရင်းအမြစ်မျိုးစုံကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ပေးခြင်းဖြင့်လည်းကောင်း၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများကို ၂၃၀ ကေဗွီလိုင်းများ တိုးချဲ့ခြင်းနှင့် ၅၀၀ ကေဗွီသို့ တိုးမြှင့်အသစ်တည်ဆောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်ကို အဆင့်မြှင့်တင်ခြင်းဖြင့်လည်းကောင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ခဲ့သည်။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

ထို့ပြင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးစနစ်တွင် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း စုစုပေါင်း (၁၉၆၀၀)မိုင်ကျော်နှင့် (၁၂၆၃၆) အမ်ဗွီအေရှိသော ဓာတ်အားခွဲရုံများကို ၂၀၁၆ ခုနှစ်မှစတင်၍ ၃ နှစ်ခွဲကာလအတွင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီလမှ ယခုအချိန်အထိ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းငွေကျပ် ၂၃၂၇ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ၉၀၀ မဂ္ဂါဝပ်ကျော် ထပ်တိုးထုတ်လုပ်ပေးနိုင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ် နှစ်လယ်ခန့်တွင် နောက်ထပ် ၁၀၀၀ မဂ္ဂါဝပ်ကျော်ကို ထပ်မံထုတ်လုပ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဓာတ်အားစနစ်မှတိုးချဲ့၍ မြို့ရွာများ၏မီးလင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုအချိန်တွင် မြို့ပေါင်း ၃၆၈ မြို့နှင့် ကျေးရွာစုစုပေါင်း ၁၆၉၄၁ ရွာကျော် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီး ယခုအချိန်တွင် ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဆက်လက်၍ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ဌာနဆိုင်ရာအကြီးအကဲများ၊ အမှုဆောင်အရာရှိချုပ်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားသုံးစွဲမှု (၅၀ %)ပြည့်မြောက်သည့်အခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုအမှာစကား

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

ယနေ့ကျင်းပပြုလုပ်တဲ့ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု(၅၀ %)ပြည့်မြောက်သည့် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ နိုင်ငံတော်အဆင့် အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

**မင်္ဂလာရှိတဲ့နေ့**

ဒီနေ့ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၅၀ %)ပြည့်မြောက်တဲ့ အခမ်းအနားဟာ နိုင်ငံတော်တစ်ဝန်းလုံးအတွက် အလွန်အရေးပါပြီး မင်္ဂလာရှိတဲ့နေ့ တစ်နေ့လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အဓိကလိုအပ်ချက်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးလည်း ပါဝင်ပြီး ကျွန်တော်တို့အစိုးရ စတင်တာဝန်ထမ်းဆောင်ချိန်ကစပြီး တိုးတက်မှုရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့တဲ့ ကိစ္စလည်း ဖြစ်ပါတယ်။

**လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ကာလအတွင်းမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၃)ရုံ၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ (၆)ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ (၁)ရုံ စုစုပေါင်း (၁၀)ရုံ၊ လျှပ်စစ်ဓာတ်အား (၉၀၄)မဂ္ဂါဝပ်ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီလည်းဖြစ်**

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရေးနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်နဲ့စွမ်းအင်ကဏ္ဍဟာ အဓိကကျပါတယ်။ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်စဉ်တိုးတက်လိုအပ်လာတဲ့ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍကို စဉ်ဆက်မပြတ် ဖြည့်ဆည်းနိုင်ရေး၊ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ မဟာဗျူဟာနဲ့ အစီအစဉ်များရေးဆွဲချမှတ်ပြီး ရေတိုရေရှည်စီမံကိန်းများနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ရေတိုရေရှည်စီမံကိန်းများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ(Sustainable Development Goals – SDGs) မှာပါရှိတဲ့ စဉ်ဆက်မပြတ်ဖြစ်ထွန်းပြီး အားလုံးအကျုံးဝင်တဲ့ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိစေရေး၊ အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိပြီး သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိစေရေး၊ ကြံ့ခိုင်တဲ့အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့တဲ့ စက်မှုလုပ်ငန်းထူထောင်နိုင်ရေးနဲ့ ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရေးဆိုတဲ့ပန်းတိုင်များသို့ ရောက်ရှိအောင်မျှော်မှန်းကာ အခြားသောပန်းတိုင်များနဲ့ပါ ချိန်ညှိလျက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈–၂၀၃၀)(Myanmar Sustainable Development Plan – MSDP 2018–2030) ကို ရေးဆွဲထားရှိပါတယ်။ ယင်း MSDP မှာလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနဲ့ စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးမယ့် ဦးစားပေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေးဆိုတဲ့ မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**ဟန်ချက်ညီညီ လက်တွဲပူးပေါင်း**

MSDP အရ ချမှတ်ထားတဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာမှာလည်း လိုအပ်တဲ့ အမျိုးသားအဆင့်စီမံကိန်းရေးဆွဲခြင်း၊ ဥပဒေ၊ နည်းဥပဒေတွေ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ အကူအညီရယူခြင်း၊ နိုင်ငံတစ်ဝန်းမှာ လိုအပ်တဲ့လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း စတဲ့ လုပ်ငန်းကဏ္ဍအသီးသီးကို ပြည်တွင်းပုဂ္ဂလိကများ၊ ပြည်ပအဖွဲ့အစည်းများနဲ့ ဟန်ချက်ညီညီ လက်တွဲပူးပေါင်း အကောင်အထည်ဖော်ခဲ့ပါတယ်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားကို နှစ်စဉ်(၁၅ %)မှ (၁၉ %)အထိ တိုးတက်သုံးစွဲနေတဲ့အတွက် နိုင်ငံတော်အနေနဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပြည့်မီစွာထုတ်လုပ်ပေးနိုင်ရေး ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရတာဝန်ယူဆောင်ရွက်ခဲ့တဲ့အချိန်ကစပြီး လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးအတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေအသုံးစရိတ်များမှာ လျှပ်စစ်ကဏ္ဍအတွက် ဦးစားပေးပြီး ခွဲဝေသတ်မှတ်ပေးခဲ့ပါတယ်။ ဒီလို လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ကာလအတွင်းမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၃)ရုံ၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ (၆)ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ (၁)ရုံ စုစုပေါင်း (၁၀)ရုံ၊ လျှပ်စစ်ဓာတ်အား (၉၀၄)မဂ္ဂါဝပ်ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခဲ့တာနဲ့အမျှ ထုတ်လုပ်ပေးတဲ့ဓာတ်အားများကိုလည်း တောရောမြို့ပါမကျန် တောင်တန်း၊ မြေပြန့်မခွဲခြားဘဲ အသုံးပြုနိုင်ရေးအတွက် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်း စုစုပေါင်း ၁၉၆၀၀ မိုင်ကျော်နဲ့ ၁၂၆၃၆ အမ်ဗွီအေရှိတဲ့ ဓာတ်အားခွဲရုံများကိုလည်း ၂၀၁၆ ခုနှစ်မှစတင်ပြီး ၃ နှစ်ခွဲကာလအတွင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**(၅၀ %)အထိ တိုးတက်ဖြန့်ဖြူးပေး**

ဒါ့ကြောင့်လည်း ၂၀၁၆ ခုနှစ် မတ်လမှာ တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၃၄ %)အတွက်သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာကနေ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ(၅၀ %)အထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနဲ့ ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ပြည်သူလူထုရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးတို့ကိုလည်း များစွာ ကောင်းကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လျှပ်စစ်ဓာတ်အားစနစ်မရောက်ရှိသေးတဲ့ ဒေသတွေမှာ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုစီမံဆောင်ရွက်ရာမှာ ယခင်က လျှပ်စစ်ဓာတ်အား မရောက်ရှိသေးတဲ့ဒေသတွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး (၃)နှစ်ခွဲကာလအတွင်း ကရင်ပြည်နယ်မှာ မြဝတီမြို့သို့လည်းကောင်း၊ ရခိုင်ပြည်နယ်မှာ မောင်တောမြို့သို့လည်းကောင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိတဲ့ ကျိုင်းတုံဒေသကိုလည်း ၂၀၂၀ ပြည့်နှစ်မှာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသကို ဓာတ်အားပေးနိုင်ရေးအတွက် ၂၃၀ ကေဗွီ မော်လမြိုင်–ရေး–ထားဝယ် ဓာတ်အားလိုင်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်က စတင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပြီးစီးမှာ ဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁၀၀)ရာခိုင်နှုန်းသို့ ရောက်ရှိရန်လည်း ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍတိုးတက်လာခြင်းဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့ ဖွံ့ဖြိုးလာစေရန် အကျိုးသက်ရောက်မှုရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ဖို့၊ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်တွေကို ပစ္စုပ္ပန်နဲ့ အနာဂတ် မျိုးဆက်သစ်တွေ ခံစားနိုင်ဖို့အတွက် လျှပ်စစ်ကဏ္ဍအားဆက်လက်ကြိုးပမ်းကြစေလိုပါတယ်။

**(၂၄)နာရီ ဝန်ဆောင်မှုပေးနေ**

ယခင်က ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနဲ့ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှာ အော်တိုတယ်လီဖုန်းများသာရှိရာက ယခုအခါ ပြည်သူအား ဝန်ဆောင်မှုအကောင်းဆုံးပေးနိုင်ရန်အတွက် “1717” Hot Line ဖုန်းနှင့် “1616 ” Hot Line ဖုန်းတို့နဲ့ (၂၄)နာရီ ဝန်ဆောင်မှုပေးနေပြီဖြစ်ပါတယ်။ ယခုဆို တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု(၅၀ %) ပြည့်မြောက်တဲ့အခါသမယမှာ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ပြည်သူပြည်သားများအားလုံးနဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများအားလုံးတို့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်ကြီး သာယာဝပြောပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရန်၊ အကြီးစားလျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုမိုအားပေးရန်၊ လျှပ်စစ်ဓာတ်အားကို ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်တို့ကို ဆက်လက်ပြီး ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီး Yoko Mikasa နှင့်အဖွဲ့ ပုဂံရှေးဟောင်းဘုရားများအား ဖူးမြော်

**ပုဂံ–ညောင်ဦး ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ၌ အလည်အပတ်ခရီးစဉ်ရောက်ရှိနေသော ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီး Yoko Mikasa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းအမွေအနှစ်နယ်မြေရှိ သဗ္ဗညုဘုရား၊ အာနန္ဒာဘုရားနှင့် လောကနန္ဒာစွယ်တော်မြတ်ဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**လွမ်းသူ့ပန်းခွေချ ဂါရဝပြု**

ထို့ပြင် ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီးနှင့်အဖွဲ့သည် သဗ္ဗညုဘုရားအနီးရှိ ဂျပန်စစ်သင်္ချိုင်း ငြိမ်းချမ်းရေးအထိမ်းအမှတ်နေရာတွင် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များအတွက် လွမ်းသူ့ပန်းခွေချ ဂါရဝပြုသည်။

ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီးနှင့်အဖွဲ့သည် ညနေ ၆ နာရီခွဲတွင် ပုဂံ–ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာသွားကြသည်။

ဖေလိန်း(ပုဂံ)



ဂျပန်ဘုရင့်မျိုးနွယ်မင်းသမီး Yoko Mikasa ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များအတွက် လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

## ပခုက္ကူဒေသ ဂုဏ်ပြုသီချင်းပြိုင်ပွဲ ကျင်းပမည်

**ပခုက္ကူ ဒီဇင်ဘာ ၁၃**

ပခုက္ကူဒေသအား ဂုဏ်ပြုသည့် သီချင်းပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး တစ်နိုင်ငံလုံး ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သည်။ အဖွဲ့ချင်းအလိုက် ပြိုင်ရမည်ဖြစ်ပြီး သီချင်းရေးသားကာ သံစဉ်နှင့် တီးခတ်မှု၊ သီဆိုမှု သုံးမျိုးပါဝင်ရမည်။ မြန်မာသံစဉ် ဦးစားပေးမည်ဖြစ်ပြီး မြန်မာ့ဆိုင်း၊ အိုးစည်၊ ဒိုးပတ်၊ ဗုံတိုဗုံရှည်၊ ပတ္တလား၊ စောင်း၊ တယော၊ ဒုံမင်း၊ မယ်ဒလင်၊ စန္ဒရား (Keyboard)စသည်ဖြင့် နှစ်ခြိုက်ရာ ဂီတပစ္စည်းများ အသုံးပြုတီးခတ်နိုင်သည်။ ခေတ်ပေါ် ဂစ်တာနှင့် ဒရမ်များလည်း သုံးနိုင်ပြီး သီဆိုသူမှာ တစ်ယောက်တည်း (သို့မဟုတ်)အုပ်စုလိုက် သီဆိုယှဉ်ပြိုင်နိုင်သည်။ အသေးစိတ်ကို ဒေါက်တာလှိုင်မိုး (ဖုန်း–၀၉–၅၁၂၅၂၀၀၊ ၀၉–၉၇၉၈၉၈၆၇၄)ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ကြေးမုံ

* ကျောဖုံးမှ
နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဦးကြည်မင်း၊ ဦးကျော်မျိုးနှင့် ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် **၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ**ကို ဒုတိယသမ္မတ(၁) ဦးဆောင်၍ အဖွဲ့ဝင် ၁၄ ဦးဖြင့် လည်းကောင်း၊ **စီမံခန့်ခွဲမှုကော်မတီ**ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် ၁၉ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် **ဆပ်ကော်မတီ ၁၄** ခုကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် **ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်**မှာ “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ”၊ “ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး ”၊ “ တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့် တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး”၊ “မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး” နှင့် “စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး” တို့ ဖြစ်ပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

ပြည်ထောင်စုနေ့အခမ်းအနားသည် နှစ်စဉ်ကျင်းပသည့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သဖြင့် ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အဘက်ဘက်မှ ပြည့်စုံအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ ၁၄ ခုတို့အနေဖြင့် ယခင်နှစ်များ၏ အတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြည့်စုံစေရေး အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

နိုင်ငံ့လွတ်လပ်ရေးသမိုင်းကြောင်းကို ပြန်ကြည့်ပါက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ပြီး ပြည်မနှင့် တောင်တန်းဒေသတို့ တစ်ပြိုင်တည်း လွတ်လပ်ရေးရရှိစေရန်အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပခဲ့ပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း ပင်လုံစာချုပ်ချုပ်ဆိုကာ လွတ်လပ်ရေးကိုရယူခဲ့ပါကြောင်း၊ ထိုသို့တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့သည့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့်နေ့ကို “ပြည်ထောင်စုနေ့” အဖြစ် သတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၇၃)နှစ်ရောက်ခဲ့ပြီဖြစ်ပါကြောင်း။

**ငြိမ်းချမ်းရေးရမှ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်**

ပင်လုံညီလာခံ၏ရလဒ်ကြောင့် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရရှိကာ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပါကြောင်း၊ ယနေ့တွင်လည်း နိုင်ငံတော်အတွက် အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးစားဆောင်ရွက်နေသည့်အချိန်လည်း ဖြစ်ပါကြောင်း၊ ပင်လုံညီလာခံ၏ရလဒ်ကို နမူနာယူပြီး ပင်လုံစိတ်ဓာတ်ဖြင့် စိတ်ရှည်ဖွဲ့ရှိစွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေးပန်းတိုင်ကို အနေးနှင့်အမြန် ရောက်ရှိနိုင်မည်ဟု ယုံကြည်လျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးရမှ မိမိတို့နိုင်ငံ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးရရှိခဲ့သဖြင့် **“တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးကြောင်း”** ကို နောင်လာနောက်သားများ သိရှိစေရန် ရည်ရွယ်၍ ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိသည့် ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ကွဲပြားခြားနားသည့် ပထဝီဝင်ဒေသအသီးသီးတွင်ရှိကြသော တိုင်းရင်းသားအသီးသီးသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့စရိုက်များကို ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်လာနောက်သားများ သိရှိရန်အတွက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသရင်း ထိန်းသိမ်းစောင့်ရှောက်နေခြင်းလည်း ဖြစ်ပါကြောင်း။

**ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်**

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို အခမ်းအနားအစီအစဉ် အပိုင်း (၂)ပိုင်းနှင့် ကျင်းပသွားမည်ဖြစ်ရာ ပထမပိုင်းအနေဖြင့် နံနက်ပိုင်းတွင် **အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား**၊ ညနေပိုင်းတွင် **ညစာစားပွဲနှင့် ဖျော်ဖြေရေးအခမ်းအနား**တို့ဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားအစီအစဉ် အပိုင်း(၂)ပိုင်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ယခင်နှစ်က ကျင်းပခဲ့သည့် “(၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကျင်းပခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့်အစည်းအဝေး” ကို ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အစည်းအဝေးတွင် အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၁၅)ချက်ကို ချမှတ်ခဲ့ပါကြောင်း၊ ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ယခုကျင်းပမည့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သေချာစွာသုံးသပ်၍ အလေးထားပြုပြင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ထည့်သွင်းဖော်ပြ**

၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အတွက် နိုင်ငံတော်က ချမှတ်ပေးထားသည့် အမျိုးသားရေးဦးတည်ချက် (၅)ရပ်၏ အနှစ်သာရများကို ပြည်သူများ သိရှိနားလည်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများအားလုံးမှ ပြန်ကြား၊ ဖျော်ဖြေ၊ ပညာပေးအစီအစဉ်အမျိုးမျိုးဖြင့် ထုတ်လွှင့်ဖော်ပြနိုင်ရေးနှင့် လက်ရှိကာလ ပြည်ထောင်စုအစိုးရအဖွဲ့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ပေါ်လွင်စေသည့် နောက်ခံရုပ်ပုံများကိုလည်း ထည့်သွင်းဖော်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အခမ်းအနားသို့ လာရောက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများနှင့် ပါတီခေါင်းဆောင်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တည်းခိုနေထိုင်မည့်နေရာများတွင် သန့်ရှင်းသပ်ရပ်ပြီး အမြင်တင့်တယ်စေရေး၊ စားသောက်နေထိုင်ရေးနှင့် သွားလာမှုအဆင်ပြေစေရေးတို့အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားကြရန်နှင့် အခမ်းအနားအားလုံးအတွက် A Plan အပြင် B Plan ကိုပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာနှင့် အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး **စီမံခန့်ခွဲမှုကော်မတီ** ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှု၊ ယခင်နှစ်က ဆောင်ရွက်ခဲ့သည် အခြေအနေများနှင့် ယခုနှစ် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ **လုံခြုံရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လည်းကောင်း၊ **ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်တို့က လည်းကောင်း၊ **သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ **ဘဏ္ဍာရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က လည်းကောင်း၊ **ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်တို့က လည်းကောင်း၊ **ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ဒုတိယဗိုလ်မှူးကြီး တင်မောင်လွင်က လည်းကောင်း၊ **အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးသိန်းဇော်က လည်းကောင်း၊ **မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးဆန်းနိုင်က လည်းကောင်း၊ **ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေ အနေများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လည်းကောင်း၊ **ကျန်းမာရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လည်းကောင်း၊ **ညစာစားပွဲခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လည်းကောင်း၊ **စာရင်းစစ်ဆေးရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက လည်းကောင်း၊ **အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က လည်းကောင်း၊ **ပြန်ကြားရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က လည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ဒုတိယဗိုလ်မှူးကြီး တင်မောင်လွင်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူတို့က ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အောင်မြင်စွာကျင်းပရေးအတွက် လိုအပ်သည်များကို အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁/၂၀၁၉)ကြိမ်မြောက် တက္ကသိုလ်ကောင်စီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(၁/၂၀၁၉) ကြိမ်မြောက် တက္ကသိုလ်ကောင်စီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီ၏ (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း၊ ပါရဂူတန်း(Ph.D) (ဗုဒ္ဓဓမ္မ)ဘွဲ့၊ မဟာဝိဇ္ဇာ(MA) (ဗုဒ္ဓဓမ္မ)ဘွဲ့နှင့် မဟာဝိဇ္ဇာ(BA) (ဗုဒ္ဓဓမ္မ)ဘွဲ့ အောင်မြင်ပြီးသူများစာရင်းတို့ကို ကောင်စီကအတည်ပြုနိုင်ရေး အမှာစာများ တင်ပြလျှောက်ထားသည်။

**ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနကြီးမှူးဆရာတော်များ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ပြင်ပတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကောင်စီဝင်များက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာကိစ္စရပ်များ၊ ပါရဂူ(ဗုဒ္ဓဓမ္မ)နှင့် မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ) သင်တန်းသားများအတွက် ကျမ်းရေးသားရမည့်ပုံစံ (Format)အား အတည်ပြုပေးနိုင်ရန် ကိစ္စရပ်များ၊ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ရာထူးနေရာသို့



တိုးမြှင့်ခန့်အပ်ခြင်းကိစ္စနှင့် တက္ကသိုလ်ဥပဒေနှင့်အညီ တက္ကသိုလ်ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအနက် သတ်မှတ်ထုတ်ပြန်ပေးရန်လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များကို ကောင်စီကထုတ်ပြန်နိုင်ရေး အတည်ပြုပေးနိုင်ပါရန် ကိစ္စရပ်များအပါအဝင် အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ခေတ်မီတောင်စောင်း စိုက်ပျိုးနည်းစနစ်ကို ရှမ်းပြည်နယ် တောင်ကြီး၊ ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့တွင် အကောင်အထည်ဖော်မည်


ဒုတိယဝန်ကြီး ဦးလှကျော်


နေပြည်တော်ကောင်စီဝင် ဦးညီထွန်း


မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး


အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို လွှတ်တော်က အတည်ပြုခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာ ၂ ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်က အတည်ပြုခြင်းနှင့် နှစ်ပတ်လည်အစီရင်ခံစာ ၁ ခုကို လွှတ်တော်က အတည်ပြုခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **မကွေးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရန်ကင်းရပ် မြို့ပတ်လမ်းတွင် တည်ရှိခဲ့သော ရေထိန်းကန်(ရွှေလက်ပံ)ရေကန် ပြန်လည်တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ရေထိန်းကန်နေရာအား ၂၀၀၈ ခုနှစ်တွင် အိမ်ဝိုင်းမြေများ ချထားပေးသကဲ့သို့ (၁၀)နှစ်ဂရန်ပေးထားသောအကွက်များသည် ယခုထက်တိုင် ခြံဝင်းသာခတ်ထားပြီး အဆောက်အအုံဆောက်လုပ်ထားခြင်းမရှိသေးကြောင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ထိုနေရာအား ရေထိန်းကန်ပြန်လည်တူးဖော်ပေးမည်ဆိုပါက ဂရန်သက်တမ်းများ ထပ်မံမတိုးပေးတော့ဘဲ ပြန်လည်သိမ်းယူပြီး ဆက်လက်ဆောင်ရွက်ပါက ရရှိနိုင်မည်ဟု သုံးသပ်ထားရှိပါကြောင်း။

ယခုအခါ ဒေသခံပြည်သူ(၁၀၀)ကျော် လက်မှတ်ရေးထိုးပြီး သဘောထားဖော်ပြထားပါသဖြင့် ပြည်သူတို့၏ ဆန္ဒ၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ၏ သဘောထား၊ ပညာရှင်များ၏ အကြံပြုချက်၊ ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ချက်၊ ဘဏ္ဍာရေးဆိုင်ရာ ကုန်ကျစရိတ်တွက်ချက်တွေ့ရှိမှု၊ ဘဏ္ဍာငွေရရှိနိုင်မှု အခြေအနေ စသည်တို့အပေါ်မူတည်၍ သင့်လျော်သည့်နည်းလမ်းတစ်ခုခုကို ရွေးချယ်ပြီး အောင်ဇေယျာရပ်ကွက် ရေကြီးရေလျှံခြင်း ဒုက္ခကင်းဝေးစေရေး အတွက် အမြန်ဆုံးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၏ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော တောင်ပေါ်နေတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်စေနိုင်မည့် အမျိုးသားအဆင့် စီမံကိန်းများရေးဆွဲထားခြင်း ရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေးဦးစီးဌာနသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော တောင်ပေါ်နေတိုင်းရင်းသားတို့အား မီးမရှို့ဘဲရွှေ့ပြောင်းရန်မလိုသည့် စိုက်ပျိုးနည်းစနစ်များကို ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်ယာကွက်ကို ခုတ်၍သော်လည်းကောင်း၊ သီးနှံပင်အဟောင်းများကို ခုတ်ထွင်ရှင်းလင်း၍သော်လည်းကောင်း၊ မီးမရှို့ဘဲ မြေပြင်ပေါ် အနှံ့ဖုံးအုပ်ပေးခြင်း၊ မြေကြီးကို ထယ်ထိုး၊ ထွန်မွှေခြင်းများ မပြုလုပ်ဘဲ စိုက်မည့်နေရာတွင်သာ စိုက်ကြောင်းဖော်၍ စိုက်ပျိုးခြင်း၊ စူးထိုး၍ စိုက်ပျိုးခြင်း၊ သီးနှံတစ်မျိုးတည်း မစိုက်ပျိုးဘဲ သီးညှပ်စိုက်ပျိုးခြင်း၊ သီးနှံစုံရောနှော စိုက်ပျိုးခြင်း၊ သီးနှံအလှည့်ကျစိုက်ပျိုးခြင်း စသည့်စိုက်ပျိုးနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးနိုင်ရေး နည်းပညာပေးဆွေးနွေးပွဲများနှင့်အတူ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပင်မအဖြစ် တာဝန်ယူဆောင်ရွက်မည့် အရှေ့ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖြစ် စီမံကိန်းကာလ ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ခေတ်မီတောင်စောင်း စိုက်ပျိုးနည်းစနစ်ကို ရှမ်းပြည်နယ် တောင်ကြီး၊ ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၏ **မြန်မာနိုင်ငံ မွေးမြူရေးလုပ်ကိုင်သူများအတွက် မျိုးကောင်းမျိုးသန့် ဝက်သားပေါက်၊ ကြက်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးမှုကို နိုင်ငံပိုင်ခြံများမှ ဆောင်ရွက်ပေးခြင်းရှိ၊ မရှိ နှင့် ယခုအခါ ကြက်၊ ဝက်သားပေါက်များ ထုတ်လုပ်မှု၊ မျိုးသန့်စင်မှုနှင့် ရောဂါကင်းစင်မှုတို့ကို မည်သို့ဆောင်ရွက်နေကြောင်း သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မျိုးကောင်းမျိုးသန့် ဝက်သားပေါက်၊ ကြက်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးမှုကို နိုင်ငံပိုင်ခြံများမှ ဆောင်ရွက်ပေးနေခြင်းမရှိတော့ပါကြောင်းနှင့် ထုတ်လုပ်ဖြန့်ဖြူးတင်သွင်းသည့် ပုဂ္ဂလိကကုမ္ပဏီများကို အသိပညာပေးခြင်း၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်များဖြင့် ဆောင်ရွက်ရန် ရှင်းလင်းပြသရပ်ပြပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရေစီးရေလာကောင်းမွန်ရေးအတွက် စီမံချက်ရေးဆွဲ၍ ဘဏ္ဍာငွေလျာထားသတ်မှတ်ပေးပြီး လမ်းမကြီး (၁၀)လမ်းကို အုတ်ပတ်ကားရေမြောင်းများ သို့မဟုတ် ပရီကတ်ရေမြောင်းများ အမြန်ဆုံးပြုလုပ်ပေး၍ ဆက်စပ်လျက်ရှိသော သိမ်ကျောင်းချောင်း၊ ဘဲတန်းချောင်း၊ ကွေ့မချောင်း၊ မမကြီးရိုးချောင်းနှင့် ဧရာဝဏ်ဆက်စပ်မြောင်းများကို ရှင်းလင်းပေးပါရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းကလည်းကောင်း၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာနေ ဒေါ်ကျင်သိန်းက သူ၏သိမ်းဆည်းခံမြေပြန်လည်ပေးအပ်ရေးကိစ္စတွင် အခက်အခဲ အတားအဆီးအနှောင့်အယှက်များ ပေါ်ပေါက်နေမှုနှင့်စပ်လျဉ်း၍ သိလိုခြင်း** မေးခွန်း၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၏ **တန့်ယန်းမြို့နယ်၊ မန်ကတ်ကျေးရွာအုပ်စု၊ မန်ကောင်းကျေးရွာအနီးရှိ နမ့်မိုက်ဆည်ကို RC ကွန်ကရစ်ဖြင့် အပြီးသတ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့် ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ်၊ ချောက်ကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၄၄)၊ မကျီးသမျှားတောင်၊ ဦးပိုင်တောင်သူ (၁၅)ဦး၏ မြေဧရိယာ (၃၈ ဒသမ ၆၄)ဧကအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မူလတောင်သူများအား ပြန်လည်စွန့်လွှတ်၍ ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့် ပုံစံ(၃) ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေစဉ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေး မူဝါဒအတိုင်း နစ်နာသောမူလတောင်သူများအား တရားသဖြင့် ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက တင်သွင်းသည့် **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၁ ချက်ကိုတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးတီခွန်မြတ်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြုရန်အတွက် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဝင် ဦးခင်မောင်လတ်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယင်းနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်အောင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထားရယူ အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်နှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ဆွေးနွေးကြသည်။

ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် က အလွန်ရှေးကျသည့် အမှန်တကယ်ရှိနေသည့် တောင်သားလူမျိုးတိုင်းရင်းသားများကို နိုင်ငံတော်၏ တိုင်းရင်းသားမျိုးနွယ်စုစာရင်းတွင် အမည်စာရင်းတရားဝင်ပါဝင်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးကလည်း တာဝန်ယူဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် နှစ်ပတ်လည်အစီရင်ခံစာကို ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယင်းနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ သဘောတူလက်ခံရန် ကော်မတီဥက္ကဋ္ဌက အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ သဘောတူလက်ခံရန် ကော်မတီဝင် ဦးသိန်းတန်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**



# မြန်မာ့ပုလဲပြသရောင်းချပွဲ(ဒီဇင်ဘာ ၂၀၁၉)အောင်မြင်စွာ ကျင်းပပြီးစီး ပုလဲအတွဲပေါင်း ၃၈၄ တွဲအား ယူရိုငွေ ၂၄၄၅၈၂၁ ဖြင့် ရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် မြန်မာ့ပုလဲပြသရောင်းချပွဲ (ဒီဇင်ဘာ ၂၀၁၉) Myanmar Pearl Auction (December–2019) နောက်ဆုံးနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ဆက်လက်ကျင်းပသည်။

**ရောင်းချ**

ယနေ့ ပုလဲရောင်းချပွဲသို့ ပြည်ပပုလဲကုန်သည် ၁၅ ဦးနှင့် ပြည်တွင်းပုလဲကုန်သည် ၉၄ ဦး စုစုပေါင်း ၁၀၉ ဦး တက်ရောက်ဝယ်ယူကြသည်။

ပုလဲရောင်းချပွဲနောက်ဆုံးနေ့တွင် ကုမ္ပဏီပိုင်ပုလဲအတွဲပေါင်း ၁၁၀ ကိုဆက်လက်ရောင်းချခဲ့ရာ ပုလဲအတွဲ ၈၆ တွဲကို ယူရိုငွေ ၅၈၉၁၂၂ ဖြင့် ရောင်းချခဲ့ရသည်။

အဆိုပါပြပွဲ၌ နိုင်ငံပိုင်ပုလဲအတွဲပေါင်း ၂၇၀ တင်ပြခဲ့ရာ အတွဲ ၂၇၀ လုံး ရောင်းချခဲ့ရသဖြင့် ၁၀၀ ရာခိုင်နှုန်း ရောင်းချနိုင်ခဲ့ပြီး နိုင်ငံတော်ဝင်ငွေ ယူရိုငွေ ၁၆၀၅၃၅၉ ရရှိခဲ့သည်။ ကုမ္ပဏီပိုင်ပုလဲအတွဲ ၁၄၅ တွဲ တင်ပြခဲ့ရာ ၁၁၄ တွဲ ရောင်းချနိုင်ခဲ့ပြီး ယူရိုငွေ ၈၄၀၄၆၂ ရရှိခဲ့သည်။

မြန်မာ့ပုလဲ ပြသရောင်းချပွဲ (ဒီဇင်ဘာ ၂၀၁၉)တွင် နိုင်ငံပိုင် ပုလဲအတွဲပေါင်း ၂၇၀ နှင့် ကုမ္ပဏီပိုင် ပုလဲအတွဲ ၁၄၅ တွဲ စုစုပေါင်းပုလဲအတွဲပေါင်း ၄၁၅ တွဲ တင်ပြရောင်းချခဲ့ရာ ပုလဲအတွဲစုစုပေါင်း ၃၈၄ တွဲကို ယူရိုငွေ ၂၄၄၅၈၂၁ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးသူဟိန်း**

# မြေဆိပ်ဖြေဆေးစောစီးစွာရရှိရန် ကျေးလက်ဌာနခွဲဌာနပေါင်း ၁၀၂၁ ခုကို ဖြန့်ဝေသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၀)မှဦးလားလ်မင်းထန်၏ **နတ်မတောင် အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်အပိုင်းကိုလည်း အထူးကြပ်မတ်ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဥယျာဉ်ဧရိယာတစ်ခုလုံးအတွက် ကင်းလှည့်ထိန်းသိမ်းခြင်း၊ လူထုပညာပေးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများအား စောင့်ကြည့်မှတ်တမ်းတင်ခြင်း စသည့်လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အရာထမ်းသုံးဦး၊ အမှုထမ်း ၉၇ ဦး စုစုပေါင်းအင်အား ၁၀၀ဖြင့် အဆိုပြုဝန်ထမ်းအင်အားဖွဲ့စည်းပုံကိုလည်း တင်ပြထားပြီး ဖြစ်ပါကြောင်း၊ နတ်မတောင်အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးနယ်မြေများသည် ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များအတွင်းတည်ရှိနေပြီး နယ်မြေဧရိယာကျယ်ပြန့်သည့်အပြင် ဆက်သွယ်သွားလာရန်ခက်ခဲသည့် မတူပီမြို့နယ်အတွင်း ဝန်ထမ်းအင်အားလုံလောက်မှုမရှိသည့်အတွက် ဝန်ထမ်းများတိုးမြှင့်ခန့်ထားရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပြုတင်ပြထားသည့် ဝန်ထမ်းအင်အားဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိပြီး ဝန်ထမ်းများခန့်ထားပြီးပါက မင်းတပ်နှင့် မတူပီမြို့နယ်အပိုင်းများတွင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများနှင့် ဒေသခံများကို အသိပညာပေးခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး


ဒုတိယဝန်ကြီး
ဒေါက်တာရဲမြင့်ဆွေ


ချင်းပြည်နယ်မဲဆန္ဒနယ်
အမှတ် (၁၀)မှ ဦးလားလ်မင်းထန်


မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်
အမှတ်(၈)မှ ဦးဝင်းမြင့်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ဝင်ရောက်၍ နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်လိုသော ဆရာဝန်များအား အလုပ်ခန့်ခြင်း (appointment) ဦးစွာပေးပြီးမှ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်စေရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက၂၀၁၄ ခုနှစ်မှစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လိုအပ်သည့် လက်ထောက်ဆရာဝန်များကို အမြန်ဆုံးခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းသဘောတူညီမှုရယူပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ယခင်က (၁၄) ပတ်သင်တန်းတက်ရပါကြောင်း၊ ယင်းသို့ (၁၄)ပတ်သင်တန်းတက်ရခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခဲ့ရာ ဆရာဝန်လိုအပ်သည့်အတွက် ရှစ်ပတ်တက်ရောက်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ ထို့ကြောင့်လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်ကိစ္စနှင့်ပတ်သက်၍ မိမိအနေဖြင့်ဆုံးဖြတ်၍ မရပါကြောင်း၊ အထက်သို့တင်ပြ၍ လုပ်ဆောင်မည်မှာ ပြန်တမ်းဝင်အရာရှိဝင်ပေါက်ရာထူးအရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်၍ စတင်ရွေးချယ်လိုက်သည်နှင့် တစ်ပြိုင်နက် အလုပ်ခန့်ထားပေးပြီး လစာပေး၍ ဗဟိုဝန်ထမ်းတက္ကသိုလ်ရှိ ရှစ်ပတ်သင်တန်းသို့ တက်ရောက်စေမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြေဆိပ်ဖြေဆေးပြတ်လပ်မှုမရှိစေရေး မြွေဟောက်မြွေဆိပ်ဖြေဆေး ၂၂၁၀၇လုံးနှင့် မြွေပွေးမြွေဆိပ်ဖြေဆေး ၁၇၇၄၂၀ ကိုဖြန့်ဝေထား

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်၏ **ကျေးလက်လယ်ယာမြေလုပ်ငန်းခွင်တွင် ကြုံတွေ့ရလေ့ရှိသော မြွေဆိုးအကိုက်ခံရမှုကြောင့် အသက်ဆုံးရှုံးနိုင်မှုကို ကာကွယ်နိုင်သည့် မြွေဆိပ်ဖြေဆေးကို အချိန်စောနိုင်သမျှ စောစောထိုးနှံ ကုသမှုရရှိနိုင်ရေးအတွက် စီမံထားရှိမှုကိုသိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြွေဆိပ်ဖြေဆေးပြတ်လတ်မှုမရှိစေရေးအတွက်၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြွေဟောက်မြွေဆိပ်ဖြေဆေးပေါင်း ၂၂၁၀၇လုံးနှင့် မြွေပွေးမြွေဆိပ်ဖြေဆေးပေါင်း ၁၇၇၄၂၀ ကို ဖြန့်ဝေထားပါကြောင်း၊ ထို့ပြင် ကျေးလက်ကျန်းမာရေးဌာနများ၌ မြွေကိုက်လူနာကုသရန် စမ်းသပ်စစ်ဆေးခြင်းလမ်းညွှန်ကို ရက်ပိုင်းအတွင်း ထုတ်ဝေမည်ဖြစ်ပါကြောင်း၊ ယင်းလမ်းညွှန်ကို ကျေးလက်ကျန်းမာရေးဌာနနှင့် ဖြစ်နိုင်ပါက ဌာနခွဲအထိ အားလုံးဖြန့်ဝေရန် အစီအစဉ်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ပါက မြွေကိုက်ခံရသည့်လူနာအနေဖြင့် သေဆုံးရန် အလားအလာနည်းပါးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့်အတိုင်း မြွေဆိပ်ဖြေဆေး စောစီးစွာရရှိရန် အတွက် မြွေပွေးမြွေဆိပ်ဖြေဆေးကို ကျေးလက်ကျန်းမာရေးဌာနတစ်ခုကို ၁၆ လုံး၊ မြွေဟောက် မြွေဆိပ်ဖြေဆေးကို လေးလုံးပေးမည်ဖြစ်ပါကြောင်း၊ မြွေအကိုက်များသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင်ရှိသည့် ကျေးလက်ဌာနခွဲဌာနပေါင်း ၁၀၂၁ခုကို ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **နေပြည်တော်တွင် ကျင်းပနေသော အားကစားပြိုင်ပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အလှည့်ကျကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၉ ခုနှစ် မေ ၂၂ ရက်မှ ၃၁ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပြုလုပ်ခဲ့ပါကြောင်း၊ လားရှိုးမြို့တွင်လည်း ၂၀၁၉ ခုနှစ် ဇူလိုင်၂၃ ရက်မှ၂၉ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် (အမျိုးသား/ အမျိုးသမီး) ဘတ်စကက်ဘောပြိုင်ပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် မန္တလေးမြို့၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝူရှူးပြိုင်ပွဲများကို ပြုလုပ်ရန်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း အောင်ဆန်းကွင်းအတွင်း အားကစားပြိုင်ပွဲများ ပြုလုပ်နိုင်ရန်အတွက် ဆွေးနွေးနေပါကြောင်း၊ ရန်ကုန်တွင် အားကစားပြိုင်ပွဲများ ပြုလုပ်ပါက ပွဲကြည့်ပရိသတ်များပြားခြင်းကြောင့် အားကစားအတွက် ကောင်းမွန်ပါကြောင်းဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှဦးကိုကိုနိုင်၏ **နိုင်ငံသူ/ နိုင်ငံသားများအားလုံး သွေးသွင်းဆေးကုသမှုခံယူရာတွင် အရည်အသွေး ပြည့်မီသန့်စင်သော သွေးများရရှိနိုင်ရေးအတွက် ရန်ကုန်မြို့ အမျိုးသားသွေးဌာနကဲ့သို့ တခြားမြို့ကြီးများတွင် သွေးဌာနများကို နှစ်စဉ်စီမံချက်ချတိုးချဲ့တည်ထောင်သွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်ဒေါက်တာမျိုးအောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို**ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါပြင်ဆင်ချက်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **ကချင်ပြည်နယ်သာမက တခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့တိုင် ကေများစွာ ဆက်လက်စိုက်ပျိုးလျက်ရှိသော တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စည်းကမ်းတကျ ထိန်းသိမ်းကွပ်ကဲနိုင်စေရန်၊ ရေရှည်တွင်ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများအား ကြိုတင်တားမြစ်နိုင်ရန်နှင့် ရသင့်သော အခွန်ဘဏ္ဍာများရရှိနိုင်ရန်အလို့ငှာ သက်ဆိုင်သည့် ဌာနအသီးသီးတို့မှ ဟန်ချက်ညီညီပါဝင်လုပ်ဆောင်နိုင်မည့် ထိရောက်သည့် မူဝါဒလမ်းညွှန်မှု စီမံချက်တစ်ရပ်ရပ်ကိုချမှတ်၍ အဓိကကျသည့် ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ခင်မကြီး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့က ဆွေးနွေးကြသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး**က မိမိတို့မြန်မာနိုင်ငံတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် ရာသီဥတုပူလွန်းအေးလွန်းခြင်းများ ကြုံတွေ့နေကြရပြီကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မိမိတို့၏ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်စသည့် သစ်တောများရှိသည့် နေရာများတွင် စည်းကမ်းမဲ့အထိန်းအကွပ်မဲ့စွာဖြင့် အလျင်အမြန်တိုးပွားလာနေသည့် တစ်သျှူးငှက်ပျောစိုက်ခင်းများကို အချိန်မီ မတားမြစ်၊ အရေးမယူနိုင်ပါက သဘာဝဘေးအန္တရာယ်များ ပိုမိုဆိုးရွားလာမည် ဖြစ်ပါကြောင်း၊ ထို့ပြင်အဆိုတွင်ပါရှိသကဲ့သို့ တရုတ်စာဖြင့် ရေးသားထားသည့် ဆိုင်းဘုတ်များဖြင့် စိုက်ပျိုးနေသည့် တစ်သျှူးငှက်ပျောစိုက်ခင်းများသည် သာမန်အရပ်သားတို့၏ မြေယာများတွင်သာမက အစိုးရကြိုးဝိုင်းသစ်တော မြေအထိပါ ချဲ့ထွင်စိုက်ပျိုးထားကြသည့်အတွက် သက်ဆိုင်ရာဌာနမှ အရေးယူ ဖြေရှင်းခြင်းများကိုလည်း ပြုလုပ်နေရပြီဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်**က တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ သစ်တောဥပဒေ၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းသို့စည်းကမ်းမဲ့စွာ တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးထုတ်လုပ်နေခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများမရရှိဘဲ ဘေးထွက်ဆိုးကျိုးသာများနေပါကြောင်း၊ ယင်းသို့ဘေးထွက်ဆိုးကျိုးများနေခြင်းကြောင့်သော်လည်းကောင်း၊ တရုတ်နိုင်ငံမှ အဝယ်ရပ်လိုက်ခြင်းကြောင့် ဈေးကွက်ရပ်သွားခဲ့ရင်သော်လည်းကောင်း တစ်သျှူးငှက်ပျောစိုက်ပျိုးသူတောင်သူများ မနစ်နာစေရန် တာဝန်ရှိသူများက ဈေးကွက်အသစ်များကြိုတင်ရှာဖွေထားခြင်း၊ ဥပဒေများနှင့်အညီ ထိန်းချုပ်ထားခြင်းတို့ ပြုလုပ်သင့်ပြီဟုမြင်မိပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## ၂၀၂၀ ပြည့်နှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**
၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါရောင်းချပွဲသို့ နေ့စဉ်အခမဲ့ဝင်ရောက် သတင်းရယူနိုင်မည်ဖြစ်ပြီး အရောင်းစာရင်းအချက်အလက်များနှင့်ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဒီဇင်ဘာ ၂၃ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၅၊ ၄၁၂၂၂၆ သို့လည်းကောင်း၊၂၀၂၀ပြည့်နှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း - ၀၆၇- ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရသစာဖတ်ဝိုင်းပွဲစဉ် ၃၃ တွင် စမ်းစမ်းနွဲ့(သာယာဝတီ)၏ ဝတ္ထုတိုများ ဖတ်ကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**
တနင်္ဂနွေတစ်ပတ်ခြား ပုံမှန်ကျင်းပလျက်ရှိသော စာရေးသူများ၏ ရသစာဖတ်ဝိုင်းရာသီ၂ ပွဲစဉ် ၃၃ ကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတွင် စာရေးဆရာမကြီး စမ်းစမ်းနွဲ့ (သာယာဝတီ)၏ ရသစာစုများအား စာရေးဆရာ ဆရာမများက ဖတ်ကြားတင်ဆက်ကြမည့်အပြင် ဆွေးနွေးဖြေကြားပေးမည့် ရသဝတ်မှုန်ကူးခြင်း အစီအစဉ် တက်ရောက်မည့် ပရိသတ်များအား စာအုပ်၊ ပန်းချီကားလက်ဆောင်ပေးမည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စာရေးသူများ၏ ရသစာဖတ်ဝိုင်းသည် စာဖတ်ခြင်းမှတစ်ဆင့် ခိုင်ကျည်သောစိတ်၊ ပြုပြင်နိုင်သောဉာဏ်ပညာ၊ စာနာနိုင်သောနှလုံးသားတို့ကို တည်ဆောက်နိုင်မည်ဟူသော ယုံကြည်ချက်ဖြင့်၂၀၁၃ ခုနှစ် ဩဂုတ်လမှစတင်၍ ရသစာပေများဖတ်ကြား တင်ဆက်ခဲ့ကြပြီး ၂၀၁၆ ခုနှစ်အထိ ပထမရာသီအဖြစ် ရသစာပေဖန်တီးသူများနှင့် ပွဲစဉ် ၅၆ ပွဲ၊ ဒုတိယရာသီအဖြစ်၂၀၁၇ ခုနှစ် နှစ်ဦး မှ ယနေ့အထိ ပွဲစဉ် ၃၂ ပွဲ ကျင်းပပြီးဖြစ်သကဲ့သို့ ၂၀၁၉ ခုနှစ် ဧပြီလတွင် ပန်းတင်လှေ ရသစုံစာစုမဂ္ဂဇင်းကိုလည်း ထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ကျင်းပရန် ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)တွင် ပြသမည့်ပြခန်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**မကွေး ဒီဇင်ဘာ ၁၃**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ညနေပိုင်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) ကျင်းပရန် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပွဲတော်ဖွင့်ပွဲအခမ်းအနားအတွက် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပွဲတော်တွင် ပါဝင်ပြသမည့် ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ ကြိုတင်ပြင်ဆင်ခင်းကျင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြခန်းများအလိုက် ရှင်းလင်းတင်ပြသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ကို မကွေးတက္ကသိုလ်အတွင်း ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုတရသနှင့် အသိပညာပေးဆိုင်ရာ ပြခန်းပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသကာ စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အိုင်တီနည်းပညာဆိုင်ရာ လှုပ်ရှားမှုများအပြင် စာအုပ်အရောင်းဆိုင်ပေါင်း ၆၀ ဖွင့်လှစ်၍ နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းကလည်း လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်နေမှုများကို မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ပြုလုပ်မည့် ဖွင့်ပွဲအခမ်းအနားအတွက် ဖဲကြိုးဖြတ်ရန် အစမ်းလေ့ကျင့်နေမှုများ၊ ဘွဲ့နှင်းသဘင်ခန်းမအတွင်း ကျင်းပမည့် ဖျော်ဖြေရေးအစီအစဉ်များ၊ ထူးချွန်လူငယ်မောင်မယ်များအား ဆုချီးမြှင့်ရန် ဇာတ်တိုက်လေ့ကျင့်နေမှုများနှင့် ပွဲတော်အတွင်းပြသမည့်ပြခန်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**သတင်း-မင်းထက်အောင်(မန်းကိုယ်ပွား)၊ ဝေလျှံ၊ ဓာတ်ပုံ-ဟိန်းမင်းစိုး**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)တွင် ပြခန်းပေါင်း ၁၀၀ ကျော်နှင့် စာအုပ်အရောင်းဆိုင်ပေါင်း ၆၀ ကျော် ပါဝင်ခင်းကျင်းပြသမည်



**မကွေး ဒီဇင်ဘာ ၁၃**
မကွေးတက္ကသိုလ်တွင် ဒီဇင်ဘာ ၁၄ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ သုတနှင့် အသိပညာပေးဆိုင်ရာ ပြခန်းပေါင်း ၁၁၂ ခန်းနှင့် ရန်ကုန်မြို့ စာအုပ်ထုတ်ဝေဖြန့်ချိရေးဆိုင်ကြီးများမှ လာရောက်ဖွင့်လှစ်ရောင်းချသည့် စာအုပ်အရောင်းဆိုင်ပေါင်း ၆၀ ပါဝင် ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြခန်းများတွင် ပွဲတော်၏ ရည်ရွယ်ချက်ဖြစ်သည့် "ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော် နွဲပျော်စို့" ဆောင်ပုဒ်နှင့်အညီ တက္ကသိုလ်ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဘာသာရပ်အလိုက်ပြခန်းများ၊ ဝန်ကြီးဌာနပြခန်းများ၊ မူးယစ်ဆေးဝါးနှင့် မသန်စွမ်းသူများဆိုင်ရာ ပြခန်းများ၊ သဘာဝဘေးဆိုင်ရာပြခန်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ကော်မဝင်အမျိုးသမီးရေးရာအဖွဲ့ ခုနစ်ဖွဲ့ပြခန်းများအပြင် မကွေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီပြခန်းများ ပါဝင်ပြသထားကြသည်။

ထို့ပြင် အသိပညာပေးအစီအစဉ်များအဖြစ် လူငယ်ရေးရာမူဝါဒဆိုင်ရာစာအုပ်နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူငယ်များအတွက် သိကောင်းစရာအချက်အလက်များ အမေးအဖြေအစီအစဉ်နှင့် ဉာဏ်စမ်းမေးခွန်းများမေးမြန်းဖြေဆိုခြင်း၊ အခြေခံ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲများ၊ သားဆက်ခြားနည်းလမ်းများအား အသိပညာပေးဟောပြောခြင်း စသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

ယင်းပြင် စာပေစကားဝိုင်း ဆွေးနွေးပွဲများ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများအပြင် အားကစားဆိုင်ရာလှုပ်ရှားမှုများ အနုပညာဆိုင်ရာလှုပ်ရှားမှုများနှင့် ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို အနာဂတ်နိုင်ငံတော်အတွက် ဗလငါးတန်ပြည့်စုံသော ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်တွင် စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်တွင် ကျင်းပခဲ့ကာ ယခု တတိယအကြိမ်မြောက်အဖြစ် မကွေးတက္ကသိုလ်တွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မေသူလွင်(မကွေး)၊ ဓာတ်ပုံ-ဟိန်းမင်းစိုး**

# (၂၀)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**
(၂၀)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် "မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွှာအသီးသီးမှ တိုင်းရင်းဆေးပညာရှင်များ ပါဝင်ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်က ဦးဆောင်ဆွေးနွေးခြင်းနှင့် "လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း" (အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ) ခေါင်းစဉ်ဖြင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေးက ဦးဆောင်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြရာ ညီလာခံကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ သဘာပတိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးခဲ့ကြသူများ၊ အဆိုပြုစာတမ်းတင်သွင်းခဲ့ကြသူများ၊ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲတွင် ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြသူများ၊ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ်ခင်းကျင်းပြသပေးကြသည့် တိုင်းရင်းဆေးပြခန်းရှင်များ၊ ရိုးရာအကဖြင့် ကပြဖျော်ဖြေပေးကြသူများ၊ တိုင်းရင်းဆေးသံတမန်နှင့် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုများပေးအပ်ကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သန့်ဇော်**



# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)ကြိုတင်ပြင်ဆင်နေမှု စကားသံများ

ဝေလျှံ

**အနာဂတ်နိုင်ငံတော်ကို အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော်တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ မကွေးတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်ရာ သုတ၊ ရသနှင့် ပျော်ရွှင်မှုများစွာကို ခံစားရရှိမည့် အဆိုပါပွဲတော်တွင် ပါဝင်ကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။**

**ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး (မကွေးတက္ကသိုလ်)**

အခုကျင်းပမဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)မှာ တိုင်းဒေသကြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်၊ စာပေပြခန်းများ ခင်းကျင်းရေးဆိုင်ရာ အတွင်းရေးမှူးနဲ့ ကော်မတီအသီးသီးရဲ့ လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်မှာရှိတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေကလည်း အခန်းကဏ္ဍအသီးသီးက တက်ကြွစွာ ပါဝင်လှုပ်ရှား ဆောင်ရွက်လျက်ရှိပါတယ်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)မှာ အင်္ဂလိပ်စကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲစတဲ့ စာပေဆိုင်ရာ လှုပ်ရှားမှုတွေနဲ့ လူငယ်ရေးရာ ဆွေးနွေးပွဲတွေမှာ မကွေးတက္ကသိုလ်ကိုယ်စားပြု ကျောင်းသား ကျောင်းသူတွေ ပါဝင်ဆွေးနွေးတာရှိပါတယ်။ တက္ကသိုလ်ပြခန်းတွေအနေနဲ့ မကွေးတိုင်းဒေသကြီးမှာရှိတဲ့ အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်တွေက ပညာရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြခန်း ၂၆ ခန်း ခင်းကျင်းပြသထားတဲ့အနက် မကွေးတက္ကသိုလ်က ငါးခန်း ပါဝင်ပါတယ်။

အနုပညာဆိုင်ရာ လှုပ်ရှားမှုတွေအဖြစ် ဖျော်ဖြေရေးအစီအစဉ်တွေ၊ ပါဝင်ကပြတာတွေ ဆောင်ရွက်ထားရှိပါတယ်။ အားကစားဆိုင်ရာ လှုပ်ရှားမှုအနေနဲ့လည်း ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲစသဖြင့် ပြိုင်ပွဲပေါင်းစုံမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ လူငယ်တွေအားလုံးကို ပွဲတော်ကြီးမှာ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးအေးထွဋ်(တိုင်းအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး)**

ကျွန်တော်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)မှာ အားကစားကော်မတီအနေနဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ အားကစားသမားရရှိဖို့အတွက် တက္ကသိုလ်တွေနဲ့ အခြေခံကျောင်းတွေကို ပါဝင်ဆင်နွှဲဖို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ အားကစားနည်းတွေကတော့ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ လွန်ဆွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲအနေနဲ့ ခေါင်းအုံးရိုက်၊ ဘတ်စကက်ဘော၊ တာယာကွင်း ဘောလုံးကန်သွင်းတာတွေ ပါဝင်မှာဖြစ်ပါတယ်။ ကျန်းမာကြံ့ခိုင်တဲ့လူငယ်တွေဖြစ်ဖို့ အားကစားလှုပ်ရှားမှုကို ဆောင်ရွက်ဖို့လိုပါတယ်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)မှာ ပြပွဲတွေ၊ ဖျော်ဖြေပွဲတွေကိုလည်း လာရောက်ပြီး ကြည့်ရှုပါ။ အားကစားပြိုင်ပွဲတွေကိုလည်း ပါဝင်ပါလို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်နိုင်(ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး)**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)ကို အောင်မြင်စွာကျင်းပနိုင်ဖို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးစီးကော်မတီ၊ ဆပ်ကော်မတီ ၁၅ ခုဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာမှာ ကျွန်တော့်အနေနဲ့ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၊ စာပေဆိုင်ရာ ကျင်းပနိုင်ရေးလုပ်ငန်းကော်မတီတွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ စာပေဆိုင်ရာကျင်းပနိုင်ရေးလုပ်ငန်းကော်မတီမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာပေဆွေးနွေးပွဲအနေနဲ့ တစ်နေ့ကိုနှစ်ကြိမ်ကျင်းပဖို့ ပြခန်းတွေ ပါဝင်ပြသနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အသိပညာပေးပြခန်းတွေ၊ ဖျော်ဖြေရေးတွေ၊ နည်းပညာဆိုင်ရာပြခန်းတွေ၊ အနုပညာရှင်တွေရဲ့ ဖျော်ဖြေမှုတွေ ပါဝင်မှာဖြစ်တဲ့အတွက် ပါဝင်ဆင်နွှဲကြပါလို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါ်ကြူကြူဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန)**

လူငယ်တွေအနေနဲ့လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေအပေါ်မှာ စိတ်ဝင်စားမှုရှိလာပြီးတော့ တိုးတက်ပြန့်ပွားအောင် ထိန်းသိမ်းလိုစိတ်ဖြစ်လာအောင် ဆောင်ရွက်တာဖြစ်ပါတယ်။

လူငယ်ဘက်စုံပွဲတော် လာရောက်ကြတဲ့သူတွေကို မြန်မာအက သင်ပေးဖို့ ပြင်ဆင်ထားပါတယ်။ လာရောက်လေ့လာဖို့ ဖိတ်ခေါ်လိုပါတယ်။

**ဒေါ်မြင့်မြင့်သိန်း(တိုင်းဦးစီးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

လူငယ် အားလုံးပါဝင်တဲ့အတွက် ကျေးလက်ဒေသရှိလူငယ်တွေအပါအဝင် အမျိုးမျိုးကြောင့် ပညာမသင်နိုင်တဲ့ လူငယ်တွေ၊ မသန်စွမ်းလူငယ်တွေအတွက်လည်း ထည့်စဉ်းစားဖို့ လိုအပ်တယ်။

ဒီပွဲမှာ ပြခန်းကျင်းပရေးကော်မတီ ပါဝင်ပါတယ်။ ဒီပွဲတော်ရဲ့ ရည်ရွယ်ချက်က လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ကျင်းပတာဖြစ်တဲ့အတွက် အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အများကြီးရစေနိုင်တယ်။

**ဦးကျော်နိုင်ဦး(တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး)**

လူငယ်တွေ ကြက်ခြေနီလုပ်ငန်းကို ပိုမိုစိတ်ဝင်စားလာအောင် ရှေးဦးပြုစုရေး ဗျူဟာတွေကိုလည်း ပြည်သူတွေအတွင်းမှာ ပျံ့နှံ့လာအောင်၊ ကြက်ခြေနီကို ဘယ်လိုဝင်ရမလဲဆိုတာ သိသွားအောင် ရည်ရွယ်ပြသရခြင်းဖြစ်ပါတယ်။ ပြည်သူတွေ ဘေးဒုက္ခရောက်တဲ့အချိန်မှာ သွားရောက်ကူညီခဲ့တဲ့ မှတ်တမ်းတွေလည်း ပါဝင်ပြသမှာဖြစ်ပါတယ်။ အဓိကကတော့ လူငယ်ထုအတွင်းမှာ ရှေးဦးပြုစုရေးပညာကို စိတ်ဝင်စားအောင်၊ တတ်မြောက်လာအောင်၊ ကြက်ခြေနီလုပ်ငန်းတွေကို အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး ဘေးအန္တရာယ်ကျရောက်တဲ့ နေရာတွေမှာ သွားရောက်ကူညီနိုင်အောင် ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လူငယ်တွေကို စည်းရုံးပညာပေးသွားမှာဖြစ်ပါတယ်။

**ဒေါ်စိုးသီရိဖြူ (လက်ထောက်ကထိက၊ ဥပဒေပညာဌာန – မကွေးတက္ကသိုလ်)**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဆိုတဲ့အတွက်လူငယ်တွေ၊ကျောင်းသား ကျောင်းသူတွေ ပါဝင်ဆောင်ရွက်တဲ့အတွက် ကျောင်းပြီးသွားလို့ နိုင်ငံ့တာဝန် ထမ်းဆောင်တဲ့အခါမှာလည်း အသိအမြင် ပိုမိုကြွယ်ဝတဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်လာမယ်လို့လည်း ယုံကြည်ပါတယ်။

**ဦးတင့်နိုင်ထွဋ်(Head of Corporate Communications၊ Ooredoo Myanmar)**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လုပ်လာတာ အခုအခါနဲ့ဆို (၃)ကြိမ်မြောက်ပါ။ လူငယ်ဆိုတာ အနာဂတ်လို့ပြောကြတယ်။ အဲဒီအနာဂတ်လူငယ်တွေကို ပိုပြီး Inspiration ဖြစ်လာအောင်၊ တိုးတက်ချင်စိတ်ရှိလာအောင် အစိုးရက အဓိကထားဆောင်ရွက်ပေးနေတာကို တွေ့ရတဲ့အတွက်ကြောင့် ဂုဏ်ယူပါတယ်။ ဝမ်းသာပါတယ်။ ကျွန်တော်တို့လည်း ထပ်ပြီးတော့ ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါမယ်။

လူငယ်တွေအတွက် လေ့လာစရာ၊ ဖတ်ရှုစရာ အများကြီး ရှိပါတယ်။ လူငယ်တွေ အချင်းချင်းတွေ့ဆုံပြီး ဘာတွေလုပ်မယ်၊ သူတို့အနေနဲ့ ဘယ်လိုပါဝင်ရမယ်လို့ သိရပါမယ်။ လူကြီးလူငယ်မရွေး လာရောက်ပါလို့ ဖိတ်ခေါ်ပါတယ်။

**မခင်သီရိကျော်(သင်္ချာဘာသာရပ်၊ ဒုတိယနှစ် မဟာသိပ္ပံ)**

အခုပွဲမှာ ဆုဗန်းကိုင်အဖြစ် ပါဝင်ဆင်နွှဲမှာဖြစ်ပါတယ်။ မကွေးတက္ကသိုလ်မှာ ပြုလုပ်တဲ့အတွက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲကို စိတ်ဝင်စားပါတယ်။ ကျောင်းသား ကျောင်းသူတွေ၊ သူငယ်ချင်းတွေ ဒီပွဲကို လာကြည့်ပေးကြပါ။ စိတ်ဝင်စားစရာတွေ အများကြီး ရှိပါတယ်။

**မခင်ဝင့်မော်ဦး ဇီဝဓာတုဗေဒကျောင်းသူ (ဂုဏ်ထူးတန်းပထမနှစ်)**

ကျောင်းရဲ့ လှုပ်ရှားမှုဖြစ်တဲ့အတွက် စိတ်ဝင်စားလို့ လာကြည့်တာပါ။ သူငယ်ချင်း လေးယောက်လည်း ပါပါတယ်။ ပြသထားတဲ့ စာအုပ်တွေ အကုန်လုံးက ဗဟုသုတရမယ့် စာအုပ်တွေပါ။ စာဖတ်ခြင်းက အကျိုးရှိပါတယ်။ အားကစားပြိုင်ပွဲတွေ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွေလည်း ပါဝင်ပါတယ်။ မေဂျာပေါင်းစုံက သူငယ်ချင်းတွေကိုလည်း အားလုံးလာရောက်ဖို့ ဖိတ်ခေါ်လိုပါတယ်။


ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး


ဦးအေးထွဋ်


ဦးညွန့်နိုင်


ဒေါ်ကြူကြူဝင်း


ဒေါ်မြင့်မြင့်သိန်း


ဦးကျော်နိုင်ဦး


ဒေါ်စိုးသီရိဖြူ


ဦးတင့်နိုင်ထွဋ်


မခင်သီရိကျော်


မခင်ဝင့်မော်ဦး

ဇီးကွက်
မျက်မှန်နှင့်မျက်စိဆေးခန်း
တာမွေဆိုင်ခွဲဖွင့်ပွဲ အထူးပရိုမိုးရှင်း
ကိုင်းနဲ့မှန်အပြီးအစီး ၃၃၀၀၀ ကျပ်၊ ကြာချိန် မိနစ် (၂၀)
မျက်စိဆရာဝန်ထိုင်ချိန်
တနင်္လာ-သောကြာ (၁၁:၃၀ - ၇:၀၀) / စနေ-တနင်္ဂနွေ (၁၀:၀၀ - ၇:၀၀)
အသက် (၄၀) ကျော်ပါက မျက်စိပါဝါစစ်တိုင်း အတွင်းတိမ် ရေတိမ်ရောဂါ ရှိမရှိကို နောက်ဆုံးပေါ်စက်များနှင့် အခမဲ့ စစ်ဆေးပေးသည်။
မျက်စိဆရာဝန်နှင့် စမ်းသပ်ခအခမဲ့
ဒီဇင်ဘာ (၃၁) အထိ
ဆိုင်ခွဲ-၁ (မြေနီကုန်း)၊ ဆိုင်ခွဲ-၂ (လှည်းတန်း)၊ ဆိုင်ခွဲ-၃ (သဃ်န်းကျွန်း)၊ ဆိုင်ခွဲ-၄ (တာမွေ)- အမှတ်(၃၂၅-B)၊ ကျိုက္ကဆံလမ်း နှင့် ၁၅၅ လမ်းထောင့်၊ တာမွေဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ PH : 09-686077888

# သမိုင်းတွင်သည့် ဗြိတိန်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီ အနိုင်ရရှိ

ဗြိတိန်ရွေးကောက်ပွဲတွင် ဘရက်ဆစ်အရေးကို အောင်မြင်အောင် ဆောင်ရွက်သွားမည့် လက်ရှိဝန်ကြီးချုပ် ဘောရစ် ဂျွန်ဆင် အောင်ပွဲခံခဲ့သည်။ ကိုယ်စားလှယ်နေရာပေါင်း ၆၅၀ ရှိသည့် ပါလီမန်တွင် ဘောရစ်ဂျွန်ဆင်၏ ကွန်ဆာဗေးတစ်ပါတီက ၃၆၄ နေရာရရှိပြီး ယခုအောင်မြင်မှုသည် ၁၉၈၀ ပြည့်နှစ်က မာဂရက်သက်ချာရရှိသည့် မဲအောင်မြင်မှုပြီးနောက် ရရှိခဲ့သည့် အကြီးမားဆုံးအောင်မြင်မှု ဖြစ်သည်။



**လေဘာပါတီ အရည်အသွေးကျဆင်း**

ဗြိုင်ဘက်အတိုက်အခံပါတီဖြစ်သော လေဘာပါတီမှာ ၁၉၃၀ ပြည့်နှစ်မှစတင်ပြီး လုပ်ဆောင်မှုအရည်အသွေးကျဆင်းလာခဲ့ရာ ယခုလက်ရှိခေါင်းဆောင် ဂျာရမီကိုဘန်း ကိုယ်တိုင်ပင် နုတ်ထွက်ရမည့် အခြေအနေရောက်ရှိလာခဲ့သည်။

ဂျွန်ဆင်က လွန်ခဲ့သောသုံးနှစ်အတွင်း ဖြစ်ပွားခဲ့သည့် နိုင်ငံရေးပဋိပက္ခများကို အဆုံးသတ်စေပြီး ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး(ဘရက်ဆစ်)ကို အောင်မြင်စွာ ဆောင်ရွက်မည်ဟု သူ၏ အောင်ပွဲခံမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

''ကျွန်တော်တို့ဆောင်ရွက်နိုင်ခဲ့ပါပြီ၊ ကျွန်တော်တို့အတားအဆီးကို ကျော်လွှားနိုင်ခဲ့ပါပြီ''လို့ ၎င်းအား ထောက်ခံသူများအား ဂျွန်ဆင်က ပြောကြားသည်။ ဂျွန်ဆင်သည် သောကြာနေ့က ဘက်ကင်ဟမ်နန်းတော်သို့ သွားရောက်ပြီး ဘုရင်မကြီး အဲလိဇဘတ်စ်ထံမှ အစိုးရအသစ်ဖွဲ့စည်းရန် ညွှန်ကြားချက်တောင်းခံခဲ့သည်။

ဘရက်ဆစ်အရေးအား အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လာမည့်လတွင် ကျင်းပမည့် ပါလီမန်တွင် အတည်ပြုချက်ရယူပြီး ဆောင်ရွက်မည်ဖြစ်သည်။

**သဘောတူညီမှုအသစ်များ ရယူရန်လိုအပ်**

သို့သော် ဥရောပသမဂ္ဂနှင့် ဗြိတိန်အနေဖြင့် ကုန်သွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ သဘောတူညီချက်အသစ်များ ရယူရန် လိုအပ်သည်။ ''ဥရောပရဲ့ လိုအပ်ချက်တွေကို ကာကွယ်ထိန်းသိမ်းသွားဖို့ ကျွန်တော်တို့အနေနဲ့ဆောင်ရွက်ရပါမယ်''ဟု ဥရောပကောင်စီ၏ဥက္ကဋ္ဌ ချားလ်စ်မိုက်ကယ်က ပြောကြားသည်။

ယခုရရှိသော ဂျွန်ဆင်၏ အောင်မြင်မှုအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြီးကျယ်သော အောင်မြင်မှုဟု ချီးကျူးဂုဏ်ပြုခဲ့သည်။ ဘရက်ဆစ်အရေး ဆောင်ရွက်ပြီးချိန်တွင် လန်ဒန်နှင့်ဝါရှင်တန်အကြား ကုန်သွယ်ရေးသဘောတူညီချက်အသစ်ကို ချမှတ်ဆောင်ရွက်မည်ဟု ထရမ့်က ပြောကြားခဲ့သည်။

**ပါတီခေါင်းဆောင်နေရာမှ နုတ်ထွက်မည်**

တစ်ဖက်တွင်လည်း လေဘာပါတီခေါင်းဆောင် ဂျာရမီကိုဘန်းအနေဖြင့် ၎င်း၏ မျှော်လင့်ခြင်းစာတမ်းကို ရွေးကောက်ပွဲကာလအတွင်းထုတ်ပြန်ပြီး လှုံ့ဆော်ခဲ့သော်လည်း ၎င်းမှာ လေဘာပါတီအတွင်း ဂျူးလူမျိုးများအား ခွဲခြားဆက်ဆံသော ဝါဒကြီးထွားလာမှုကို မဖြေရှင်းနိုင်ခဲ့ပေ။

ကိုဘန်းက သူ့အနေဖြင့် လာမည့် ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းပြုမည်မဟုတ်ဘဲ ပါတီခေါင်းဆောင်နေရာမှနုတ်ထွက်မည်ဟု ပြောကြားခဲ့သည်။ ဂျွန်ဆင်အနေဖြင့်မူ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ မတိုင်မီ ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ပြင်ဆင်ရန် ၁၁ လမျှ အချိန်ရသည်။

**အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်**

ယခုရွေးကောက်ပွဲသည် သမိုင်းတွင်သော ရွေးကောက်ပွဲဖြစ်ပြီး တိုင်းပြည်ကို ပိုမိုကောင်းမွန်စေရန် ပြောင်းလဲဆောင်ရွက်လိုသည့် ဗြိတိန်ပြည်သူများ၏ ဆန္ဒကို အစိုးရသစ်က အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း ဂျွန်ဆင်က ပြောကြားခဲ့သည်။

၎င်းအနေဖြင့် လာမည့်ပါလီမန်အစည်းအဝေးတွင် ဘရက်ဆစ်အရေး ရှေ့တိုးဆောင်ရွက်နိုင်ရန် လုပ်ဆောင်သွားမည်ဟု ဂျွန်ဆင်က ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ထရီဆာမေက ''ပြည်သူတွေအနေနဲ့ အလွန်ရှင်းလင်းတဲ့ရွေးချယ်မှုကို ဆောင်ရွက်ခဲ့ပါတယ်။ သူတို့အနေနဲ့ ဘရက်ဆစ်အရေးကို အောင်မြင်အောင် ကွန်ဆာဗေးတစ်ပါတီက ဆောင်ရွက်နိုင်တယ်လို့ ယုံကြည်ပါတယ်''ဟု ပြောကြားသည်။

ဥရောပကောင်စီ၏ ဥက္ကဋ္ဌ ချားလ်စ်မိုက်ကယ်က အင်္ဂလန်နိုင်ငံအား ဘရက်ဆစ်အရေး သဘောတူညီချက်ကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပန်ကြားခဲ့သည်။

**ကိုးကား– အေအက်ဖ်ပီ**
**ဘာသာပြန်– စိုးသူရ**

## ပါကစ္စတန်၌ ခရီးသည်တင်ဘတ်စ်ကား မီးလောင်၊ ၁၅ ဦးသေ၊ တစ်ဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၃**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ဇော့ဘ်ခရိုင်၌ ယနေ့နံနက်ပိုင်းက ခရီးသည်တင်ဘတ်စ်ကားတစ်စီးမှာ ဗင်ကားတစ်စီးနှင့် ခေါင်းချင်းဆိုင်တိုက်မိပြီး မီးလောင်ကျွမ်းခဲ့ရာ လူ ၁၅ ဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုဖြစ်ရပ်မှာ ဗင်ကားမောင်းသူက အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်မှလာနေသည့် ခရီးသည်တင်ဘတ်စ်ကားကို တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ဗင်ကားမှာ အီရန်နိုင်ငံမှ ရေနံများတင်ဆောင်လာခဲ့ပြီး ခရီးသည်တင်ဘတ်စ်ကားနှင့် တိုက်မိပြီးပြီးချင်း မီးလောင်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များ အခင်းဖြစ်ရာနေရာသို့မရောက်မီ ကားနှစ်စီးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သူကဆိုသည်။ ထိုင်ခုံ ၄၄ ခုံပါ ခရီးသည်တင်ဘတ်စ်ကားပေါ်၌ ယာဉ်မောင်းအပါအဝင် လူ ၁၄ ဦးတင်ဆောင်ခဲ့ပြီး ပန်ဂျပ်ပြည်နယ် ဒီရာဂါဇီခရိုင်မှ ကွက်တာမြို့သို့ မောင်းနှင်နေခြင်းဖြစ်ကာ ဗင်ကားပေါ်၌ ယာဉ်မောင်းနှင့်အကူ နှစ်ဦးသာပါရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဒဏ်ရာရရှိသူကို အနီးအနားရှိ ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အခင်းဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ သေဆုံးသူများကိုလည်း ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဒီအင်န်အေ စမ်းသပ်မှုပြုလုပ်ပြီးမှသာ မည်သူမည်ဝါဟုဖော်ထုတ်ကာ ဆွေမျိုးများထံ လွှဲပြောင်းပေးမည်ဖြစ်သည်။ **ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– ကျော်ထိုက်စိုး**



## နှစ်နိုင်ငံအကြား ယုံကြည်မှုထိခိုက်အောင် အမေရိကန်လုပ်ဆောင်နေဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ပေကျင်း ဒီဇင်ဘာ ၁၃**

ဟောင်ကောင်တွင် ဖြစ်ပွားနေသည့် ဆန္ဒပြမှုများနှင့် ရှင်ကျန်းဒေသရှိ လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ တင်းမာမှုများ ဖြစ်ပေါ်နေစဉ် ခက်ခက်ခဲခဲရရှိထားသည့် နှစ်နိုင်ငံအကြား ယုံကြည်မှုကို ဆိုးဆိုးရွားရွား ထိခိုက်အောင် အမေရိကန်နိုင်ငံက လုပ်ဆောင်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက သောကြာနေ့က ပြောကြားခဲ့သည်။



အမေရိကန်နိုင်ငံသည် နည်းပညာ၊ ကုန်သွယ်ရေး၊ စီးပွားရေးအပါအဝင် နယ်ပယ်များစွာတွင် တရုတ်နိုင်ငံကို ဖိနှိပ်နေကြောင်း ပေကျင်းမြို့တွင်ကျင်းပသည့် နိုင်ငံတကာရေးရာ စာတမ်းဖတ်ပွဲ၌ မိန့်ခွန်းပြောကြားရာတွင် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံသည် အမျိုးသားလုံခြုံရေးနှင့် ဂုဏ်သိက္ခာကိစ္စရပ်များတွင် တရုတ်နိုင်ငံကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ပြီး ဂုဏ်သိက္ခာထိခိုက်အောင် လုပ်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ပြီးခဲ့သည့်လက အမေရိကန်အစိုးရသည် ဟောင်ကောင်ရှိ ဒီမိုကရေစီထောက်ခံဆန္ဒပြမှုများကို ထောက်ခံသည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သဖြင့် တရုတ်အစိုးရက အမျက်ဒေါသထွက်ခဲ့သည်။ ယင်းကို လက်တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံသည် ပြီးခဲ့သည့် သီတင်းပတ်က အမေရိကန်စစ်သင်္ဘောများ ဟောင်ကောင်သို့ အလည်အပတ်လာရောက်မည့် ခရီးစဉ်ကိုဆိုင်းငံ့ခဲ့ပြီး ဟောင်ကောင်ရှိ အမေရိကန်အခြေစိုက် အစိုးရမဟုတ်သည့် အသင်းအဖွဲ့များအပေါ် အရေးယူမှုပြုလုပ်ခဲ့သည်။

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံသည် နှစ်နှစ်နီးပါးကြာမြင့်နေသည့် ကုန်သွယ်ရေးအငြင်းပွားမှုပြဿနာတွင် ပိတ်မိနေလျက်ရှိသည်။ ထိုစဉ်တွင် ဟောင်ကောင်နှင့်တရုတ်နိုင်ငံ အနောက်မြောက်ဒေသရှိရှင်ကျန်းဒေသရှိ လူ့အခွင့်အရေးကိစ္စရပ်များသည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ပိုမိုတင်းမာစေခဲ့သည်။

ကုန်သွယ်ရေးအငြင်းပွားမှုကို လျှော့ချနိုင်ရန်အတွက် သဘောတူစာချုပ်တစ်ရပ် အပြီးသတ်ရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တွစ်တာတွင် ကြာသပတေးနေ့က ရေးသားခဲ့သည်။ သို့သော်လည်း ၎င်းစာချုပ်အပြီးသတ်လုနီးပါးဖြစ်သည်ဆိုသည်ကို အတည်ပြုရန် တရုတ်နိုင်ငံဘက်က ငြင်းဆိုထားသည်။

**ကိုးကား– အေအက်ဖ်ပီ**
**ဘာသာပြန်– အောင်ဇော်လင်း**

## အိန္ဒိယနိုင်ငံသို့ သွားရောက်မည့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ခရီးစဉ် ရွှေ့ဆိုင်း

**တိုကျို ဒီဇင်ဘာ ၁၃**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အိန္ဒိယသို့ သွားရောက်မည့်ခရီးစဉ်ကို ရွှေ့ဆိုင်းရန်နှင့် ယင်းခရီးစဉ်အား ပြန်လည်စီစဉ်မှုများ ပြုလုပ်ရန် ဂျပန်နိုင်ငံက ဆုံးဖြတ်ခဲ့သည်။

အိန္ဒိယအစိုးရနှင့် ညှိနှိုင်းတိုင်ပင်ခဲ့ပြီးနောက် အိန္ဒိယသို့ ဂျပန်ဝန်ကြီးချုပ် သွားရောက်မည့်ခရီးစဉ် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်အနေဖြင့် အိန္ဒိယနိုင်ငံသို့ သွားရောက်ခါနီးအချိန်တွင် အိန္ဒိယနိုင်ငံ၏ ဒေသအချို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြင်းထန်လာခဲ့ခြင်းကြောင့် ၎င်း၏ခရီးစဉ်အား ရွှေ့ဆိုင်းခဲ့ခြင်း ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာခရီး သွားရောက်ရန် စီစဉ်ထားပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ဂျပန်နိုင်ငံမှထွက်ခွာရန် စီစဉ်ထားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဂျပန်ဝန်ကြီးချုပ်က စီစဉ်ထားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့၏ တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်ပြီးနောက် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်မှ မြို့ကြီးတစ်မြို့ဖြစ်သည့် ဂူဟာဝါတီမြို့အပါအဝင် အခြားနေရာများသို့ ဂျပန်ဝန်ကြီးချုပ် သွားရောက်ရန် စီစဉ်ထားခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံတွင် နိုင်ငံသားဥပဒေပြင်ဆင်ချက်တစ်ရပ်အား ထုတ်ပြန်ခဲ့ပြီးနောက် အာသံပြည်နယ်၌ အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။

ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင့် ရှောင်ပြေးရန် ပြောင်းရွှေ့လာသူများအား ယင်းဥပဒေက နိုင်ငံသားဖြစ်ခွင့်ပေးသော်လည်း ယင်းအထဲ၌ မွတ်စလင်များပါဝင်ခြင်းမရှိကြောင်း သိရသည်။ **ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်– ဇော်ဝင်း**



# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမနှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ရထားပို့ဆောင်ရေးကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Timur Maksimov ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် နှစ်နိုင်ငံပြည်သူများအကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ ပညာရေးကဏ္ဍ၊ စွမ်းအင်နှင့်စက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ခရီးသွားလာရေးကဏ္ဍများတွင် ရုရှားနိုင်ငံမှ တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်ရေး ကိစ္စရပ်များနှင့် နှစ်ဖက်အကျိုးတူပူးပေါင်းရေးကိစ္စရပ်များအား လည်းကောင်း ရှင်းလင်းပြောကြားသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တတိယအကြိမ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးနိုင်ရန်နှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ ချိတ်ဆက်မိစေရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေး၊ နှစ်နိုင်ငံအကြား သဘောတူညီထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်မည့် အလားအလာရှိသော စီမံကိန်းများ၊ ရုရှားကုမ္ပဏီကြီးများမှ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် နှစ်နိုင်ငံအကြား လေကြောင်းတိုက်ရိုက်ပျံသန်းနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။



ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Timur Maksimov တို့က ဦးဆောင်ပြီး တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၏ အကြိုညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက နှစ်နိုင်ငံလက်ရှိကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ခြုံငုံသုံးသပ်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အလားအလာများနှင့် တတိယအကြိမ် ကော်မရှင်အစည်းအဝေး ကျင်းပရေးကိစ္စရပ်များကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ)

ရုရှားစီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကိုလည်း ဆက်လက်တွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**
သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့သည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မန္တလေး-လားရှိုး ကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၆၇/၅)၏ အနောက်ဘက် လေးမိုင်ခန့်အကွာ နောင်ဖော့ကျေးရွာဘုန်းကြီးကျောင်းဝင်းအတွင်း ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ပိတောက်ခွဲသား၊ တမလန်းခားရွေ ၉ ဒသမ ၈၃၅၀ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မဟာမြိုင်ကြိုးဝိုင်းအတွင်းမှ တရားမဝင် ကျွန်းခွဲသား ၁၃ ဒသမ ၃၅၇၂ တန်၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ မုန်းချောင်းဘေးမှ တရားမဝင် နဘဲ၊ ဒဟတ်၊ ဒီဒူးခွဲသား ၅ ဒသမ ၁၄၈၀ တန်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ် နမ့်ပွန်ချောင်း အရှေ့ဘက်မှ တရားမဝင် ပိတောက်သစ်/ခွဲသား ၁၀၆ ဒသမ ၉၃၆၂ တန်တို့အား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်တရားခံများအား စုံစမ်းရှာဖွေဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စစ်ကိုင်း-မန္တလေး ကမ်းနားလမ်းဘေးမှ တရားမဝင် အင်၊ ထောက်ကြံ့၊ သစ်စေး၊ နဘဲ၊ တရော်၊ ဖန်ခါးမျော စုစုပေါင်း ၄၁၈၈ လုံးတို့နှင့်အတူ ပြစ်မှုကျူးလွန်သူ ၁၁ ဦးတို့အား ဖမ်းဆီးရမိ ခဲ့ပြီး တရားခံအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**



မနန်းအေးလိတ်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လဲချားမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**
ဒီဇင်ဘာ ၁၂ ရက် ညနေ ၆ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လဲချားမြို့နယ် ဟိုနောင်လုံ ကျေးရွာအနီး တောလမ်းတွင် ဇော်မင်းဦး(ခ)အိုက်စိုင်းမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၅ ပြား သိမ်းဆည်း ရမိခဲ့ပြီး ကွင်းဆက်အရ လဲချားမြို့နယ် ဟိုဖိုင်ကျေးရွာနေ မနန်းအေးလိတ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၂၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ဇော်မင်းဦး(ခ)အိုက်စိုင်းနှင့် မနန်းအေးလိတ် တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သထုံမြို့ ဘုရားပွဲများအတွင်း ဆိုင်ကယ်လိုက်လံခိုးယူသူနှစ်ဦး ဖမ်းဆီးရမိ

**သထုံ ဒီဇင်ဘာ ၁၃**
မွန်ပြည်နယ် သထုံမြို့ ကျိုက္ကော်ရပ်ကွက် အပြင်အနန်း ကုန်းပိုင်း၌ ဒီဇင်ဘာ ၁၂ ရက် ည ၁၂ နာရီက သိမ်ဆိပ်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းမြင့်နှင့် တပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် ကျိုက္ကော်ရပ်ကွက် အောက်ကျင်းလမ်းဆုံအရောက်တွင် သထုံမှ ဘားအံသို့ ဆိုင်ကယ် စီးနင်းလာသူ အမျိုးသားနှစ်ဦးအား မသင်္ကာဖွယ်ရာ တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့ရာ တေဇော(ခ)ကျော်ပိုင်နှင့် ဝင်းနိုင်ဦးတို့နှစ်ဦး စီးနင်းလာသော နံပါတ်မပါ HONDA-100(နက်ပြာရောင်)ဆိုင်ကယ်မှာ မြို့မ(၄) ရပ်ကွက် မုဒုံမြို့နယ် ဦးရွှေဗျိုင်း ဘုရားဆွမ်းကြီးလောင်းပွဲမှ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်ပါ၍ ဆိုင်ကယ်ခိုးယူလာသူ တေဇော(ခ) ကျော်ပိုင်နှင့် ဝင်းနိုင်ဦးတို့အား သိမ်ဆိပ်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# လမိုင်းမြို့ မြို့မ(၁)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**လမိုင်း ဒီဇင်ဘာ ၁၃**
မွန်ပြည်နယ် လမိုင်းမြို့ မြို့မ(၁) ရပ်ကွက်တွင် ယနေ့နံနက် ၂ နာရီက ကျော်မြတ်သူ၏ ဆံသဆိုင်မှ ဝိုင်ယာရှော့ဖြစ်ရာမှတစ်ဆင့် ဘေးချင်းကပ် ဆိုင်ကယ်ဝပ်ရှော့ဆိုင်အား မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြို့မရဲစခန်းမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ စုပေါင်းငြှိမ်းသတ်ရာ နံနက် ၃ နာရီတွင် မီးငြှိမ်းသတ်နိုင်ခဲ့ပြီး ကျော်မြတ်သူအား မီးပေါ့ဆမှုကြောင့် လမိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြူအေး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းပညာပေးယာဉ်ဖြင့် မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် တေဇလမ်းရှိ အမှတ်(၂၂) အခြေခံပညာ မူလတန်းကျောင်း၌ ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့မရဲစခန်းမှူး ဒုရဲမှူးဆန်းဌေးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုသူ ကျောင်းသားကျောင်းသူများအား ကဏ္ဍတစ်ခုချင်း အလိုက် ရှင်းလင်းပြသနေစဉ်။ ဟန်စိုး

# ဘိုကလေးမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ဘိုကလေး ဒီဇင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ချောင်းဖြဲကြီးကျေးရွာအုပ်စု မပွေးတန်းကျေးရွာတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက မပွေးတန်းကျေးရွာနေ ဦးဝကြီး(ခ)ပြုံးချိုရေလုပ်ငန်းလုပ်ကိုင်သူအား တစ်ရွာတည်းနေ အောင်သန်းစိုး ရေလုပ်ငန်းလုပ်ကိုင်သူက ဓားဖြင့် နေအိမ်ပေါ်တက်ခုတ်၍ ထွက်ပြေးသွားသဖြင့် ဝကြီး(ခ)ပြုံးချိုမှာ လည်ပင်း ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် နေအိမ်ပေါ်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကြိမ်ချောင်းကြီး နယ်မြေရဲစခန်းက ပြစ်မှုကျူးလွန်သူ အောင်သန်းစိုးအား ဖမ်းဆီးစစ်ဆေးရာ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် သေဆုံးသူ ဝကြီး(ခ) ပြုံးချို၏ လှေကို ပိုက်ထောင်ရန် တွန်းချပေးနေစဉ် စကားများကြပြီး ဝကြီး(ခ)ပြုံးချို နေအိမ်သို့သွား၍ ပြုံးချိုအိပ်နေစဉ် ဓားဖြင့်ခုတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ဖြူးမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ဖြူး ဒီဇင်ဘာ ၁၃**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာမြို့မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းတွင် ဒီဇင်ဘာ ၁၂ ရက် နံနက် ၂ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ညောင်ပင်သာနယ်မြေရဲစခန်းမှ သိရသည်။

ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ထွန်းထွန်းဝင်း(ခ) ခေါင်းကြီး(ယာဉ်နောက်လိုက်) ဒိုင်ကောင်းကုန်းကျေးရွာ ဝမ်းတွင်းမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး သန်းယု(ယာဉ်မောင်း) ဘုရားစုကျေးရွာ ဝမ်းတွင်းမြို့နယ်နေသူ လိုက်ပါလာသော အက်စစ်အရည်များ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ်သည် ကားလမ်းမိုင်တိုင် ၁၂၂/၂ နှင့် ၃ အကြား အခင်းဖြစ်နေရာအရောက် ကားလမ်းအရှေ့ဘက်ဘေးတွင် ရပ်တန့်ထားသည့် မျိုးထက်နောင်(ခ)နောင်နောင် ဇရပ်ကြီးကျေးရွာ ထန်းတပင်မြို့နယ်နေသူ မောင်းနှင်သော ၂၂ ဘီးယာဉ်အား ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ၁၂ ဘီးယာဉ်မောင်း ထွန်းထွန်းဝင်းမှာ နေရာတွင်သေဆုံးသွားခဲ့ပြီး သန်းယုနှင့် ၂၂ ဘီးယာဉ်မောင်း မျိုးထက်နောင်(ခ)နောင်နောင် တို့တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်ပင်သာနယ်မြေရဲစခန်းက ယာဉ်မောင်း ထွန်းထွန်းဝင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ရွှေ့နေနှင့် သုခမှတ်စု

ဦးဟန်ညွန့် ( ဥပဒေ )

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရွှေ့နေနှင့် သုခမှတ်စုပါတဲ့"

"အကျိုးအကြောင်း ရှင်းပြပါဦးဆရာ"

"စာရေးဆရာ၊ ဒါရိုက်တာ ဆရာကြီး ဦးသုခရေးသားပြုစုခဲ့တဲ့ သုခမှတ်စု စာအုပ်အကြောင်း တင်ပြချင်တာပါ"

"ဘာကြောင့်လဲဆရာ"

"ဆက်လက်ဖတ်ကြည့်ကြပါစို့"

**သုခမှတ်စု**

ကျွန်တော်တို့အားလုံး ဆရာကြီးဦးသုခ၏ လေ့လာဆည်းပူးမှုများကို လေးစားအားကျကြသည်။ နာယူမှတ်သားကြသည်။ ဆရာကြီးပြုစုသော ကျမ်းစာအုပ်၊ ဝတ္ထု၊ ရုပ်ရှင်အသီးသီးမှာ ဖတ်ရှုမှတ်သား၍မကုန်။ နာယူ၍မကုန်။ ဗဟုသုတအဖုံဖုံ ရရှိကြပေသည်။

ယခုလည်း ကျွန်တော်၏ စာအုပ်စင်တွင် အမြဲနေရာယူထားပြီး နေ့စဉ်လေ့လာဖတ်ရှု ကိုးကားရသော ဆရာကြီးပြုစုသည့် "သုခမှတ်စု" ကျမ်းစာအုပ်အကြောင်း တင်ဆက်ပါရစေ။



၁၀-၁၂-၁၉၉၄ ခုနှစ်၊ ဆရာကြီး ဦးသုခအား ဦးဟန်ညွန့်(ဥပဒေ)က ဂါရဝပြုကန်တော့စဉ်။

**ဆရာကြီးဦးသုခ**

စာရေးဆရာ၊ ဒါရိုက်တာ ဆရာကြီး ဦးသုခသည် ကမ္ဘာကျော်သော မြန်မာပညာရှင်ကြီးဖြစ်သည်။ ဆရာကြီး၏ ဂုဏ်ပုဒ်များကို ရေး၍မကုန်နိုင်။ တစ်ချိန်သောကာလက ဆရာကြီး ဦးသုခနှင့် ဆုံတွေ့ရပုံကို ယနေ့တိုင် ကျွန်တော် မှတ်မိနေဆဲ၊ သတိရဆဲဖြစ်သည်။ ၁၉၉၄ ခုနှစ်ကပါ။ ယနေ့ဆိုလျှင် အနှစ် ၂၀ ကျော်ပြီ။ ၂၅ နှစ်ခန့်ပင် ရှိပေပြီ။

**ဧရာဝတီတိုင်းစာပေဟောပြောပွဲ**

ဧရာဝတီတိုင်း ပုသိမ်မြို့တွင် ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် (နတ်တော်လဆန်း ၈ ရက်) နေ့တွင် စာပေဟောပြောပွဲ တစ်ရပ်ကျင်းပခဲ့သည်။ ထိုစဉ်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှာ နတခတိုင်းမှူး ဗိုလ်ချုပ်တင်လှ ဖြစ်သည်။ တိုင်းမှူးက ထင်ရှားသောစာရေးဆရာကြီးများ ဖိတ်ကြားပေးပါဟု ကျွန်တော့်အား တာဝန်ပေးသည်။ သို့ဖြစ်ပါ၍ ဆရာကြီး ဦးသုခအား ကြွရောက်ဟောပြောပေးပါရန် ဖိတ်ကြားခဲ့ပါသည်။

ဆရာကြီး ဦးသုခနှင့်အတူ ပုသိမ်ကန်ကြီးထောင့်သား စာရေးဆရာကြီး မင်းယုဝေ၊ ရုပ်ရှင်မင်းသား ဇော်လင်းနှင့် မြတ်သစ်တို့လည်းပါဝင်သည်။ ဆရာကြီး ရိုက်ကူးသော "ရဟန်းစားရသော ဆွမ်းတစ်နပ်" ရုပ်ရှင်မှာ ထင်ရှားလှသည်။ ဆရာကြီး၏စာပေဟောပြောပွဲ၌ ထိုရုပ်ရှင်ကို ပြသသည်။ ဇာတ်ဆောင်တစ်ဦးချင်းအကြောင်းကိုပါ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် တွဲဖက်ရှင်းပြဟောပြောသည်။ ပုသိမ်မြို့ ဧရာရွှေဝါခန်းမကြီးတစ်ခုလုံး ပွဲတင်ဟည်းမျှ ပရိသတ်များတက်ရောက် နားထောင်ခဲ့ကြသည်။ ဆရာကြီး ဦးသုခ၏ဟောပြောမှုမှာ စေ့စပ်မှု၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်ရင့်ကျက်မှု၊ မေတ္တာဓာတ်ထုံလွှမ်းမှုများဖြင့် ရစ်ပတ်ဖွဲ့နှောင် ပြည့်ဝနေလေသည်။ ယနေ့တိုင် မမေ့ရက်နိုင်ပါပေ။

**အမှာ**

၁၉၂၄- ၂၅ ခုနှစ် အလယ်တန်းကျောင်းသားဘဝ။ ငါးတန်း၊ ခြောက်တန်းလောက်က မြန်မာစာအဖြစ် ဝေဿန္တရာဇာတ်တော်ကို သင်ရပုံ၊ ထိုဇာတ်တော်ထဲက မှတ်စုများအတွက် မော်လမြိုင် ဘမြအင်ဆန်းစာအုပ်တိုက်မှ ဝေဿန္တရာမှတ်စု စာအုပ်တစ်အုပ်ကို လေးပဲနှင့်မှာ၍ ကြည့်ရပုံကို ဆရာကြီးဦးသုခက ရေးပြသည်။ ထို့နောက် အရှုးလွယ်အိတ်ပမာ တွေ့မိရာရာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုင်ရာကျမ်းများ၊ လောကီဗဟုသုတစာအုပ်များမှ မှတ်စု စုလာခဲ့ပုံ၊ နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ အများအပြားရှိလာပုံ၊ မြန်မာစာပေအတွက် အထောက်အပံ့ဖြစ်သလောက် ဖြစ်လာသည်ကို သိရှိရသောကြောင့် ဆရာကြီးဒဂုန်ဦးထွန်းမြင့်ကို တောင်းပန်၍ သုတ်သင်ပြင်ဆင်စေပြီး ထုတ်ဝေခဲ့ကြောင်း ဆရာကြီး ဦးသုခက အမှာရေးသည်။

**ဒဂုန်ဦးထွန်းမြင့်**

ဆရာကြီး ဒဂုန်ဦးထွန်းမြင့်ကလည်း ဆရာကြီးဦးသုခ၏ မှတ်သားချက်များမှာ ဘာသာရေးကျမ်းများကလည်း ပါသည်။ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများကလည်း ပါသည်။ ရာဇဝင်နှင့် သမိုင်းစာအုပ်များကလည်းပါသည်။ မြန်မာစာပေနှင့်ဆိုင်သော စာအုပ်များကလည်းပါသည်။ ဓမ္မသတ် ရာဇသတ် ဖြတ်ထုံးကျမ်းများကလည်းပါသည်။ ပါဠိသဒ္ဒါကျမ်း၊ မြန်မာသဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်းများကလည်း ပါသည်။ အဘိဓမ္မာဆိုင်ရာကျမ်း၊ ဝိနည်းဆိုင်ရာကျမ်းများကလည်းပါသည်။ မည်သည့်ကျမ်းက ရေးမှတ်ထားသည်ဟု မပြောတတ်သော မှတ်စုများကိုလည်း တွေ့ရသည်။

ဆရာကြီး ဦးသုခသည် ဤမှတ်စုများကို စာအုပ်ထုတ်ရန် ရည်ရွယ်ပြီး စုဆောင်းရေးသားခြင်းမဟုတ်ဘဲ စာတွေဖတ်သွားရင်း စာအုပ်ထဲတွင်တွေ့ရသည့် မှတ်သားစရာများကို နောင်အလိုရှိက အလွယ်တကူရအောင် ရေးမှတ်ထားခြင်းသာဖြစ်သဖြင့် ၂ ပါးစု သတ်သတ်၊ ၃ ပါးစု သတ်သတ်စသည်ဖြင့် အစီအစဉ်အတိုင်းမဟုတ်ဘဲ ၂ ပါးပြီး ၅ ပါး၊ ၅ ပါးပြီး ၉ ပါး၊ ပြီးမှ ၃ ပါး၊ ၁၀ ပါး၊ ၄ ပါး၊ ၂ ပါး၊ ၁၅ ပါး၊ ၃ ပါး စသည်ဖြင့် ဖြစ်နေသောကြောင့် လက်နှိပ်စက်ဖြင့် တစ်ရွက်စီ ရိုက်ကူးဖို့ အကြံပေးရသည်။ ပြီးမှ ၂ ပါးစုချည်း သတ်သတ်၊ ၃ပါးစုသတ်သတ်စုကာ အက္ခရာဝလိ အစဉ်အတိုင်း ထားလိုက်ရလေသည်။

ဤစာအုပ်တွင် စီစဉ်ထားသော အက္ခရာဝလိ အစီအစဉ်မှာ တက္ကသိုလ် မြန်မာအဘိဓာန်တွင်ထားသော အက္ခရာစဉ် ကာရန်အစဉ်အတိုင်းဖြစ်သည်။ ဆရာကြီးဦးသုခ ရေးမှတ်ထားသော မှတ်စုပေါင်း ၁၆၀၀ ကျော်ရှိသော်လည်း ပါဠိစာပေနှင့်သာဆိုင်သော မှတ်စုများနှင့်များစွာမလိုအပ်ဟုထင်သော မှတ်စုများကို ချန်ထားသဖြင့် ဤစာအုပ်တွင် မှတ်စုပေါင်း ၁၄၅၀ ခန့်သာ ပါလေသည်။

ဘဘဦးသုခ၏ သုခမှတ်စုထဲမှ မှတ်သားဖွယ်ရာ ကောင်းနိုးရာရာများအနက်မှ ကျွန်တော် နှစ်သက်သမျှ အောက်ပါအတိုင်း အကျဉ်းမျှ ကောက်နုတ်တင်ပြပါသည်-

**(၂)ပါးစုအကြောင်း**

**လောကပါလတရား (၂) ပါး**

(၁) ဟီရိ= မကောင်းမှုကိုရှက်ခြင်း၊

(၂) ဩတ္တပ္ပ= မကောင်းမှုကို ကြောက်ရွံ့ခြင်း

**သရဏဂုံပျက်ရာသောအကြောင်း (၂) ပါး**

(၁)မိစ္ဆာဒိဋ္ဌိအယူကို ပြောင်းယူခြင်း၊

(၂) သေဆုံးခြင်း၊

**(၃)ပါးစုအကြောင်း**

**ဘုရားသခင်၏စကား(၃)မျိုး**

(၁) လူတို့၏စကား(၈)ခွန်းနှင့် အရှင်အာနန္ဒာတစ်ခွန်း ညီမျှ၏။

(၂) အာနန္ဒာ ၁၆ ခွန်းနှင့် ဘုရားသခင်တစ်ခွန်းညီမျှ၏။

(၃) လူတို့၏စကားပေါင်း ၁၂၈ ခွန်းနှင့် မြတ်စွာဘုရား တစ်ခွန်းနှင့်ညီမျှ၏။

**စေတနာ(၃)တန်**

(၁) ပုဗ္ဗစေတနာ = ကုသိုလ်မပြုမီ ကြံစည်သည့်အခါ ဖြစ်သောစေတနာ၊

(၂) မုဉ္စစေတနာ = ကုသိုလ်ပြုစု ဖြစ်ပေါ်လာသော စေတနာ၊

(၃) ပရစေတနာ = ကုသိုလ်ပြုပြီးနောက်ဖြစ်သော စေတနာ၊

**မေတ္တာ(၃)ပါး**

(၁) ဟိတဖရဏမေတ္တာ = သတ္တဝါအပေါင်းတို့ ဘေးကင်းခြင်းကို လိုလားခြင်း၊

(၂) ဥပစာရမေတ္တာ = ရန်သူ၊ ချစ်သူ၊ လျစ်လျူရှုသူ၊ ဤသုံးယောက်တို့ကိုကိုယ်နှင့်အတူ ချစ်ခြင်း၊

(၃) အပ္ပနာမေတ္တာ = ဈာန်စိတ်နှင့်ယှဉ်သော ချစ်ခြင်း။




ဆရာကြီး ဦးသုခ၏ မှတ်စု

**(၃၁၁)ပါးစုအကြောင်း**

ပါရဇိက ၈။ သံဃာဒိသိသ် ၁၇၊ နိဿဂ္ဂိယပါစိတ် ၃၀။ သုဒ္ဓပါစိတ် ၁၆၆။ ပါဋိဒေသနီယ ၈။ သေခိယ ၇၅။ အဓိကရဏသမထ ၇။ ပေါင်း ၃၁၁ ပါး။

**မေတ္တာ ၅၂၈ အကြောင်း**

မေတ္တာပို့ရာ၌ အရပ်ကိုမမှတ်ဘဲပို့သော ၄၈ နှင့် အရပ်ဆယ်မျက်နှာမှတ်၍ပို့သော ၄၈၀- နှစ်ရပ်ပေါင်းလျှင် ၅၂၈ ဖြစ်ပါသည်။

**ဇာတ်တော် ၅၅၀ အကြောင်း**

၅၅၀ ဇာတ်တော်တို့ကို သုတ္တန်ပိဋကတ်တော်၊ ခုဒ္ဒကနိကာယ် အဝင်အပါ ပါဠိဇာတ်ပါဠိတော်တွင် ဟောတော်မူရာ ၅၅၀ ဟု ခေါ်ပါသည်။

နေရာအတိုင်းအတာအရ (အခြားမှတ်သားဖွယ်ရာများ ဆက်လက်လေ့လာဖတ်ရှုကြပါရန်)။

ပါရမီစာပေမှ၂၀၁၈ ခုနှစ်၊ ဆဌမအကြိမ်ထုတ်ဝေသော သုခမှတ်စုစာအုပ်ကို ရည်ညွှန်းပါသည်။

**နောက်ဆုံးခရီး**

ဆရာကြီးဦးသုခ (ဘဘဦးသုခ) သည် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်နေ့တွင် ကွယ်လွန်ရှာသည်။ ဘဘဦးသုခ ကွယ်လွန်သော်လည်း (လူသေသော်လည်း နာမည်မသေ)။ ဘဘ၏ အနုပညာ၊ စာပေ၊ လူမျိုးနှင့် ဘာသာ သာသနာအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေတွေ ပေးခဲ့ပေသည်။

**နိဂုံး**

(၁) ဘဘဦးသုခ၏မေတ္တာတရား၊ စေတနာစကားများသည် ယနေ့တိုင် ရှင်သန်နေဆဲ၊ ပျံ့လွင့်နေဆဲ ...။

(၂) ဘဘဦးသုခ၏ သုခမှတ်စုသည် ဖတ်၍မကုန်၊ မှတ်၍မကုန်၊ ထာဝစဉ် ပွားများရှင်သန်လျက်ရှိပါကြောင်း . . .

**ဆရာကြီးဦးသုခပြုစုသော ကျမ်းစာအုပ်၊ ဝတ္ထု၊ ရုပ်ရှင်အသီးသီးမှာ ဖတ်ရှုမှတ်သား၍မကုန်။ နာယူ၍မကုန်။ ဗဟုသုတအဖုံဖုံရရှိ... ဘဘ၏ အနုပညာ၊ စာပေ၊ လူမျိုးနှင့် ဘာသာ သာသနာအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေတွေပေးခဲ့...**

# အခြေခံပညာရေးဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဃ) နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သောအမြင်ရှိပြီး ဒီမိုကရေစီအလေ့အကျင့်ကိုမြတ်နိုး၍ ကာကွယ်စောင့်ရှောက်ပေးရေး၊

(င) ပညာသင်ကြားရာတွင် အပြုသဘောဆောင်သော ဆရာ ကျောင်းသား ဆက်ဆံရေးဖြင့် ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာ ထိခိုက်မှုမရှိစေဘဲ သင်ကြားပေးရေး။

၄၁။ ဝန်ကြီးဌာနသည် အစိုးရကျောင်းများရှိ ဆရာများအား ယင်းတို့ တာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့်အတွင်း အရည်အချင်း၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် ထူးချွန်မှုအလိုက် ရာထူးအဆင့် တိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်းနှင့် နေရာပြောင်းရွှေ့ခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်အဆင့်လိုက် ခွဲဝေတာဝန်ပေး၍ စီမံဆောင်ရွက်ရမည်။

၄၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ သင်ကြားမှုစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းအခြေပြု ဆရာအတတ်ပညာအစီအစဉ်များအပါအဝင် လေ့လာသင်ယူရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။

**အခန်း (၁၀)**

**ကျောင်းသား၊ မိဘနှင့် ပြည်သူလူထု၏ အခြေခံပညာရေးဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ**

၄၃။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည် -

(က) အခြေခံပညာကို ပြီးမြောက်သည်အထိ သင်ယူခွင့်၊

(ခ) သက်ဆိုင်ရာအဆင့်အလိုက် တက်ရောက်နိုင်သော နည်းပညာနှင့် သက်မွေးပညာရေးကျောင်းများသို့ ကူးပြောင်းတက်ရောက်လိုက ကူးပြောင်းတက်ရောက်ခွင့်၊

(ဂ) ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ အမျိုးသား၊ အမျိုးသမီးစသည့် မည်သည့်ခွဲခြားမှုမျှ မရှိဘဲ ခံစားခွင့်၊

(ဃ) အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီနှင့် ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့်။

၄၄။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါတာဝန်များကို ထမ်းဆောင်ရမည် -

(က) နိုင်ငံတော်ကသတ်မှတ်သည့် အခမဲ့မသင်မနေရ ပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူရေး၊

(ခ) ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကို လိုက်နာပြီး ပညာကို ကြိုးစားလေ့လာသင်ယူ၍ အများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူ့နီတိနှင့် ဒီမိုကရေစီ အလေ့အကျင့်များ၊ လူ့အခွင့်အရေးများကို တန်ဖိုးထားသည့်အပြင် တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေလေ့လာလိုသော စိတ်နှင့် အမြင်ကျယ်မှုရှိသောသူများ ဖြစ်လာရန်အတွက် ကြိုးစားအားထုတ်ရေး။

၄၅။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည်-

(က) ဤဥပဒေ ပုဒ်မ ၇ အရ တည်ထောင်ဖွင့်လှစ်ထားသော မည်သည့် ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်၊

(ခ) အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် ကျောင်းအရည်အသွေး မြင့်မားရေးတို့အတွက် ကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဂ) ကျောင်းသားများကို တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေလေ့လာလိုသောစိတ်နှင့် အမြင်ကျယ်မှုရှိသောသူများ ဖြစ်စေရေးနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိဘဆရာအသင်း၏ လုပ်ငန်းများတွင် အကြံပြုခွင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်။

၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည် -

(က) မိမိတို့၏ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာသင်ယူ ပြီးမြောက်ရေးအတွက် သက်ဆိုင်ရာကျောင်းသို့ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးနှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရေး၊

(ခ) မိမိတို့ကလေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ် သင်ယူမှု အခွင့်အလမ်းများရှိစေရန်နှင့် သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးပေးရေးအတွက် ကျောင်းစီမံခန့်ခွဲမှုကော်မတီ၊ ဆရာ၊ မိဘ ဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ သက်ဆိုင်သူများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

၄၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုများနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် အောက်ဖော်ပြပါ လုပ်ငန်းများကို ထမ်းဆောင်ရန် တာဝန်ရှိသည်-

(က) မိမိရပ်ရွာဒေသရှိ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာ ပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီရေး၊

(ခ) မိမိရပ်ရွာဒေသတွင် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးရေး၊

(ဂ) ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန်တို့အတွက် ရပ်ရွာအခြေပြုပညာရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရေး။

**အခန်း (၁၁)**

**ဘဏ္ဍာရေး**

၄၉။ သူငယ်တန်းပညာရေးနှင့် အခြေခံပညာရေးအဆင့်အလိုက် ပညာရေး လုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေ လိုအပ်ချက်ကို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနများက ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံရမည်။

၅၀။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတ်မှတ်ချက်နှင့်အညီ စိစစ်လက်ခံနိုင်သည်။

၅၁။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် -

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၅၀ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာသုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

**အခန်း (၁၂)**

**အထွေထွေ**

၅၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပူးပေါင်းပါဝင်ခြင်းတို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီ၊ ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၄။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၅။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေ (ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



လသာမြို့မရဲစခန်းမှူး ဒုရဲမှူးယဉ်ထွေးသည် ဒီဇင်ဘာ ၈ ရက်က အမှတ် (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများနှင့်တွေ့ဆုံ၍ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး၊ လူကုန်ကူးမှုဆိုင်ရာ မှုခင်းအသိပညာပေး ဟောပြောခဲ့စဉ်။ ကြေးမုံ

## မှုခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ခရမ်းမြို့နယ် ရေကျော်ရဲကင်းစခန်းမှူး ဒုရဲအုပ်လှိုင်မင်းဇော်သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ရေကျော်ကျေးရွာ ဦးသူရိန်၏နေအိမ်တွင် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မြောင်းမြအကျဉ်းထောင် စစ်ဆေး

**မြောင်းမြ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီက မြောင်းမြအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးသည်။

အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများနှင့်တွေ့ဆုံ၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားရရှိခြင်း ရှိ/မရှိ၊ သင့်တင့်မျှတသော အစာအာဟာရရရှိမှုရှိ/မရှိ၊ ဆေးဝါးကုသခွင့် ရှိ/မရှိ၊ အကျဉ်းသူ အချုပ်သူများအား အမျိုးသမီးလုံခြုံရေး အစောင့်အရှောက်ဖြင့်ထားရှိခြင်း ရှိ/မရှိ တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညွှန်ကြားဆောင်ရွက်ပေးခဲ့သည်။

**အောင်မင်း(မြောင်းမြ)**



## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဆင်း

**ရေတာရှည် ဒီဇင်ဘာ ၁၃**

ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၈) စက်မှုလယ်ယာစခန်း အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ဒေသခံတောင်သူများ လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ တောင်ငူခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းလွင်ဦးက အမှာစကားများ ပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးဦးသန်းဦးက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဆောင်ရွက်မည့် နိုင်ငံဆိုင်ရာမဟာဗျူဟာ အစီအစဉ် (၂၀၁၈-၂၀၂၂) ဆိုင်ရာ နားလည်မှုစာလွှာ လက်မှတ်ရေးထိုး



နေပြည်တော် ဒီဇင်ဘာ ၁၃

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံဆိုင်ရာ မဟာဗျူဟာ အစီအစဉ် (၂၀၁၈-၂၀၂၂)နှင့် စပ်လျဉ်းသည့် နားလည်မှုစာလွှာ (Letter of Understanding – LoU) လက်မှတ်ရေးထိုးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လက်မှတ်ရေးထိုး**

နားလည်မှုစာလွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်နှင့် WFP Country Director and Resident Representative, Mr. Stephen Anderson တို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ WFP နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများမှ အရာရှိကြီးများနှင့် WFP မှတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

WFP ၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ် (၂၀၁၈-၂၀၂၂) ကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် WFP တို့ ညှိနှိုင်းဆွေးနွေးရေးဆွဲထားခြင်းဖြစ်ပြီး စုစုပေါင်း ခန့်မှန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၈၀ သန်းဖြင့် သဘာဝဘေးနှင့် ပဋိပက္ခဖြစ်ပွားသည့် ဒေသများရှိ ပြည်သူများအတွက် တစ်နှစ်ပတ်လုံး စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်မီရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ထိခိုက်လွယ်ပြည်သူများအတွက် တစ်နှစ်ပတ်လုံးစားနပ်ရိက္ခာဖူလုံမှုရှိရေး၊ မြန်မာနိုင်ငံရှိ အသက်ငါးနှစ်အောက်ကလေးများအတွက် အာဟာရပြည့်မီရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ လူဦးရေ ၂ ဒသမ ၇၉ သန်းခန့် အကျိုးခံစားခွင့်များရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ တတိယအကြိမ် ဖန်ပြွန်သန္ဓေသား အောင်မြင်စွာမွေးဖွား



ရန်ကုန် ဒီဇင်ဘာ ၁၃

ခုနစ်ပေါင် ခုနစ်အောင်စရှိ တတိယအကြိမ် ဖန်ပြွန်သန္ဓေသား မိန်းကလေးတစ်ဦးကို ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၇ နာရီ ၄၉ မိနစ်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာ ဒေါ်ခင်ပြုံးကြည်နှင့် သားဖွား/ မီးယပ်ပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခဒေါက်တာ ဒေါ်နွယ်မာထွန်းတို့ ဦးဆောင်မှုဖြင့် ပါမောက္ခ ဒေါက်တာဒေါ်ခင်လတ်၊ ခွဲစိတ်ဆရာဝန်ကြီးများနှင့် ဆရာမများက အောင်မြင်စွာ ခွဲစိတ် မွေးဖွားပေးခဲ့ကြောင်း သိရသည်။

**တတိယမြောက်မွေးဖွား**

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ပြုံးကြည်က “ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)မှာ Fertility Centre ကို၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကစပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့လမ်းညွှန်မှုနဲ့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီစင်တာကနေ ဖန်ပြွန်သန္ဓေသား မွေးဖွားပေးတာ ဒီနေ့မွေးတာပါဆိုရင် တတိယမြောက် အောင်မြင်စွာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ Fertility Centre မှာဆိုရင် ကျွမ်းကျင်တဲ့ သားဖွား/မီးယပ်ပါမောက္ခဆရာဝန်ကြီးတွေဦးဆောင်ပြီး ဆရာမတွေ၊ ကျွမ်းကျင်တဲ့ခာတ်ခွဲခန်းဝန်ထမ်းတွေက ပထမဦးဆုံး သားသမီးမရရှိနိုင်တဲ့ ဇနီးမောင်နှံတွေ ဘာကြောင့်သားသမီးမရရှိနိုင်လဲဆိုတာ စစ်ဆေးမေးမြန်းရပါတယ်။ ရောဂါရာဇဝင်ကို မေးကြတယ်။ သားသမီးမရတဲ့ အကြောင်းအရင်းကိုရှာတယ်။ ဒုတိယအဆင့်က သားသမီးရရှိဖို့အတွက် ကူညီတဲ့အဆင့်၊ သဘာဝအတိုင်းရရှိဖို့အတွက် တိုင်ပင်ဆွေးနွေးခြင်းနဲ့ ကလေးရသွားတာတွေလည်းရှိပါတယ်။ နောက်တစ်ဆင့်က မျိုးဥကြွေဆေးကိုကျွေးပြီး သဘာဝအတိုင်းပဲ ကလေးရအောင်ကူညီပေးတာရှိပါတယ်။ အဲဒီလိုမျိုးနဲ့မှ မရဘူးဆိုရင် IUI ဆိုတာ သန့်စင်ပြီးတဲ့ ဖခင်ရဲ့သုက်ပိုးကို မိခင်ရဲ့သားအိမ်ထဲကို အချိန်တန်ရင်တိုက်ရိုက်ထည့်ပေးတာ။ အဲဒီနည်းနဲ့လည်း သားသမီးရအောင် ဆောင်ရွက်ပေးပါတယ်။ နောက်တစ်ဆင့်က ဒီနေ့အောင်မြင်စွာမွေးဖွားပေးခဲ့တဲ့ ဖန်ပြွန်သန္ဓေသားနည်းပါပဲ။ နောက်တစ်မျိုးက အမျိုးသားရဲ့သုက်ပိုးကို အမျိုးသမီးရဲ့သန့်စင်ပြီးတဲ့ သားအိမ်ထဲကို သားဥကြွေမယ့်အချိန်မှာ ထည့်ပေးတဲ့နည်း။ နည်းမျိုးစုံနဲ့ကျွန်မတို့က ဒီလုပ်ငန်းကို ဆောင်ရွက်ပေးနေပါတယ်။

ဖန်ပြွန်သန္ဓေသားနည်းကို အရင်ဆုံးစပြီး မရွေးချယ်ခိုင်းပါဘူး။ အလွယ်ဆုံးနည်းက အကြောင်းမရှိဘဲ ကြန့်ကြာနေတဲ့ ဇနီးမောင်နှံတွေ သဘာဝအတိုင်း တိုင်ပင်ဆွေးနွေးရင်းနဲ့ရသွားတဲ့သူရှိပါတယ်။ တချို့ကလည်း အိမ်ထောင်ကျတာနောက်ကျနေပြီး အဲဒီအခါကျတော့ တစ်ဆင့်ပြီးတစ်ဆင့်လုပ်နေတဲ့အချိန်ဆိုရင် ကြာနိုင်တယ်။ ဖန်ပြွန်သန္ဓေသားနည်းကို သဘာဝအတိုင်းမရတော့မှ သုံးပါတယ်။ ဖန်ပြွန်သန္ဓေသားနည်းက နည်းပညာတွေကလည်း အဆင့်ဆင့်ရှိတယ်။ အဆောက်အဦ၊ စက်ပစ္စည်းတွေက သုံးစွဲရတာအလွန်ကျယ်ပြန့်ပါတယ်။ ဒါကြောင့် ဖန်ပြွန်သန္ဓေသားက တော်တော်လေး နည်းပညာဆန်းသစ်တယ်။ ဆေးရုံတိုင်းမှာလည်း မလုပ်နိုင်ပါဘူး။ ကျွန်မတို့ရဲ့ ဗဟိုအမျိုးသမီး ဆေးရုံကြီးက ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ နိုင်ငံပိုင်ဆေးရုံကြီးဖြစ်တယ်။ ဒီဆေးရုံကြီးမှာ ဖန်ပြွန်သန္ဓေသား လုပ်ဖို့ဆိုတာ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ ပံ့ပိုးမှုရယ်၊ ပထမဦးဆုံး ကျွန်မတို့ရဲ့ ဗဟိုအမျိုးသမီးဆေးရုံကြီးက သားဖွား/မီးယပ်အထူးကုဆရာဝန်ကြီးတွေ၊ ပညာရှင်တွေနဲ့ ပူးပေါင်းပြီး နိုင်ငံခြားကပညာရှင်တွေကို ဖိတ်ခေါ်တယ်။ ကျွန်မတို့ကလည်း နိုင်ငံခြားကိုလွှတ်ပြီး နည်းပညာတွေကို ဖလှယ်တယ်။ အဲဒီလိုမျိုးရရှိလာတဲ့နည်းတွေထဲက ဒီဖန်ပြွန် သန္ဓေသားနည်းကို တက်လှမ်းခဲ့တာဖြစ်ပါတယ်”ဟု ပြောသည်။

ဆက်လက်၍ “ကျွန်မတို့ဆေးရုံရဲ့ Fertility Centre မှာ ဖန်ပြွန်သန္ဓေသားနည်းနဲ့ သန္ဓေတည်ဖို့ဆိုရင် သာမန်ဆေးခန်းတွေ၊ ဆေးရုံတွေမှာဆောင်ရွက်လို့ မရပါဘူး။ နည်းပညာလည်း အလွန်လိုအပ်ပါတယ်။ ဒီဆေးရုံမှာစိန်ခေါ်မှုက အဆောက်အဦပိုင်းဆိုင်ရာ၊ စက်ပစ္စည်းကိရိယာပိုင်းဆိုင်ရာတွေက နိုင်ငံတကာတွေမှာ၊ ဖန်ပြွန်သန္ဓေသားဌာနတွေမှာ တော်တော်ကို အဆင့်အတန်းမီတာကြောင့် ဖန်ပြွန်သန္ဓေသားနည်းက အောင်မြင်ကြတယ်။ ကျွန်မတို့မှာရှိတဲ့ ပညာရှင်တွေကလည်း နိုင်ငံတကာမှာရှိတဲ့ ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ပညာရှင်အဆင့်က တော်တော်လေး အဆင့်အတန်းမီလာပါပြီ။ ပထမဦးဆုံး ဖန်ပြွန်သန္ဓေသားတုန်းက တရုတ်ပြည် ဟိုင်နန်တက္ကသိုလ်က ပညာရှင်တွေနဲ့ပေါင်းပြီး သန္ဓေသားရအောင် ဆောင်ရွက်ခဲ့တာပါ။ ဒုတိယအကြိမ်နဲ့ အခုတတိယအကြိမ်မှာ ကျွန်မတို့ပညာရှင်တွေကိုယ်တိုင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ အခက်အခဲက ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက စက်ပစ္စည်းကိရိယာတွေကို အများကြီး ထောက်ပံ့ပေးထားပေမယ့် ဒီထက်ပိုကောင်းတဲ့ စက်ပစ္စည်းကိရိယာတွေနဲ့ဆိုရင် သန္ဓေသားလေးတွေ မွေးဖွားအောင်မြင်မှုနှုန်းကလည်း ပိုမိုတိုးတက်လာနိုင်တယ်လို့ နိုင်ငံခြားပညာရှင်တွေကလည်း အမြဲတမ်းအကြံပြု ဆွေးနွေးပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန အနေနဲ့ကျတော့ ပြည်သူတွေအားလုံးအတွက် အခြေခံဆေးဝါးလိုအပ်ချက်တွေကို အမြဲတမ်း ထောက်ပံ့ရတယ်။ ဒီဆေးဝါးတွေကို အခမဲ့ပေးနိုင်ဖို့ အတွက် ထောက်ပံ့ရတဲ့အတွက်ကြောင့် ဖန်ပြွန်သန္ဓေသားမှာသုံးတဲ့ ခေတ်မီတဲ့စက်ပစ္စည်းကိရိယာတွေကို ထောက်ပံ့မှု အချိန်အတိုင်းအတာတစ်ခု ကျွန်မတို့စောင့်ရမှာပါ။ ဖန်ပြွန်သန္ဓေသားနည်းနဲ့ပတ်သက်တဲ့ ဆေးဝါးတွေကိုတော့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနကို တင်ပြခွင့်ပြုချက်တောင်းပြီး အခမဲ့ပေးနိုင်ခြင်း မရှိသေးပါဘူး။ ဖန်ပြွန်သန္ဓေသားနဲ့ပတ်သက်တဲ့ စက်ပစ္စည်းဖိုးရယ်၊ ပညာရှင်တွေရယ်၊ နေ့တိုင်းပြင်ပလူနာဌာနမှာ အခမဲ့ကြည့်ပေးနေပါတယ်။ အဲဒီမှာ သုံးတဲ့ဆေးဝါးတွေက အခြေခံဆေးဝါးတွေ မဟုတ်တဲ့အတွက်ကြောင့် ဒီဆေးဝါးဖိုးကိုတော့ သားသမီးလိုချင်တဲ့ မိဘတွေကကျခံရမှာပါ။ တစ်ယောက်နဲ့ တစ်ယောက် ဆေးဝါးနဲ့ဆေးထိုးရတဲ့ အဆင့်ကွာခြားတဲ့အတွက် ကုန်ကျစရိတ်ကလည်း မတူညီကြပါဘူး”ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) Fertility Centre ၌ သားသမီးမရနိုင်သည့် ဇနီးမောင်နှံများအတွက် သဘာဝအတိုင်းရရှိရန် တိုင်ပင်ဆွေးနွေး အသိပညာပေးလမ်းညွှန်ခြင်း၊ မျိုးဥကြွေဆေးကျွေး၍ သဘာဝအတိုင်းရရှိရန် ကူညီခြင်း၊ သားအိမ်အတွင်းသို့ သန့်စင်ပြီး သုက်ပိုးထည့်ပေးခြင်း၊ ဖန်ပြွန်သန္ဓေသား ထည့်ခြင်း၊ အမျိုးသမီးသားဥအတွင်းသို့ အမျိုးသားသုက်ပိုးကို Micro Needle ဖြင့်ထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လေးခါမြောက်မှအောင်မြင်**

တတိယမြောက် ဖန်ပြွန်သန္ဓေသား သမီးကလေး၏ ဖခင်ဖြစ်သူ ကိုလေးအောင်က “ကျွန်တော်တို့က ရန်ကုန်မြို့ လှည်းတန်းကပါ။ မိခင်ကမဝင်းဝင်းထွေး အသက် ၃၅ နှစ်ပါ။ ၂၀၁၁ ခုနှစ်မှာ အိမ်ထောင်ကျပါတယ်။ ဒီဆေးရုံမှာ သားသမီးရအောင်လုပ်လို့ရတယ်ဆိုလို့ ကြိုးစားကြည့်တာ၊ ပထမက သားအိမ်ထဲကို သန့်စင်တဲ့သုက်ပိုးကိုထည့်တဲ့ (IUI) နည်းနဲ့လုပ်တယ်၊ အဆင်မပြေဘူး။ အဲဒါနဲ့ ဒီဖန်ပြွန်သန္ဓေသား(IVF)နည်းနဲ့ လုပ်တာလေးခါမြောက်မှ အောင်မြင်တယ်။ သုံးနှစ်လောက် ကြိုးစားရတယ်။ အခုဒါက သမီးဦးလေးပါ၊ မိခင်ရောကလေးပါ ကျန်းမာကြတယ်။ ဖန်ပြွန်သန္ဓေသားဆိုတော့ သာမန်ကလေးတွေထက် ပိုပြီးဂရုစိုက်ရပါတယ်။ ဒီဆေးရုံကဆရာဝန်ကြီးတွေ၊ ဆရာမတွေကလည်း အလွန်ဂရုစိုက်ပါတယ်။ အခုလိုကလေးရတော့ ဝမ်းသာ ပျော်ရွှင်မိပါတယ်။ ကလေးလိုချင်ရင် ဒီစင်တာမှာ လာရောက် ပြသစေချင်ပါတယ်။ ဖွဲမလျှော့ပါနဲ့လို့ပြောချင်ပါတယ်”ဟု ပြောသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) Fertility Centre ကို၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ပထမအကြိမ် ဖန်ပြွန်သန္ဓေသားကို၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ဆေးတက္ကသိုလ်မှ ပညာရှင်များနှင့် ပူးပေါင်း၍ အောင်မြင်စွာမွေးဖွားပေးခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဒုတိယအကြိမ် ဖန်ပြွန်သန္ဓေသားနှင့် ယနေ့တွင် တတိယအကြိမ် ဖန်ပြွန်သန္ဓေသားတို့ကို ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ ပညာရှင် ပါမောက္ခဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများက အောင်မြင်စွာမွေးဖွားခဲ့ကြောင်းသိရသည်။

**သတင်းဆောင်းပါး၊ ဓာတ်ပုံ – ရီရီမြင့်**

# ရသစုံလင် စာဥယျာဉ် ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရ ဈေးရောင်းပွဲတော် ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၃

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် ဒီဇင်ဘာ ၂၀ရက်မှ ၂၂ ရက်အထိ“**ရသစုံလင် စာဥယျာဉ် ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်**” ကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ကာတွန်းပညာရှင်များက အမှတ်တရကာတွန်းရေးဆွဲပေးခြင်း၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)မှ စာကြည့်တိုက်မှူးများက စာဖတ်ပြခြင်း၊ ရောင်စုံစက္ကူများဖြင့် ဖန်တီးခြင်း၊ ဂျုံရုပ်ပညာရှင်များ၏ လက်မှုပညာဖန်တီးခြင်း၊ ပျော်ရွှင်စရာ ပဟေဠိအစီအစဉ်များ၊ ကလေးစာကြည့်တိုက်လှုပ်ရှားမှု အစီအစဉ်များ၊ အမှတ်တရဓာတ်ပုံရိုက်ကူးရန် နေရာများအပြင် အထူးအစီအစဉ်အနေဖြင့် အနုပညာဦးစီးဌာနမှ ပညာရှင်များက မြန်မာ့ရုပ်သေးပွဲကို ပွဲတော်ကာလအတွင်း နေ့စဉ် နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ တစ်ကြိမ် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ထို့အပြင် အမှတ်တရဈေးရောင်းပွဲတော်တွင်လည်း စာအုပ်ဆိုင်များ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ အစားအသောက်ဆိုင်များပါဝင်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းစုံကဏ္ဍ

### ဂန့်ဂေါတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်

**ဂန့်ဂေါ။** ။ ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ဝန်ထမ်းအိမ်ရာ ရှစ် ခန်းတွဲ ခြောက်ထပ် သံကူကွန်ကရစ် အဆောက်အအုံ ၁၂၀ ပေ x ၅၄ ပေဖြင့် ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုကို ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်က သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်သန်းဆွေ (ဂန့်ဂေါ)**

### မူးယစ်ဆေးဝါး

### မှုခင်းလျော့နည်းကျဆင်းရေး ပညာပေး

**ရန်ကုန်။** ။ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပဒတ္တိုင်ကျေးရွာ ဓမ္မာရုံ၌ ဒီဇင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲတွင် သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး၊ ခေတ္တစခန်းမှူး ရဲအုပ်မျိုးမင်းသန့်တို့က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေး ပညာပေးဟောပြောခဲ့ရာ ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးမိုးကျော်**

အလားတူ ခရမ်းမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် ဝင်းကျော်သူ၊ ခရမ်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချောကြည်ပြာဦး၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းဝေတို့သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ခရမ်းမြို့နယ် ပန်းတောချောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့သည်။

**အောင်ဆွေ(ရွှေတံတား)**

### လေးမျက်နှာမြို့၌ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**လေးမျက်နှာ။** ။အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းသူ ၃၀ အား ဒီဇင်ဘာ ၉ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဇေမင်းမင်းထံမှ သိရသည်။

**ရွှေမိုး(ပြန်ဆက်)**

## အောင်ဇေယျ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြို့နယ်ကျက်သရေဆောင် အောင်ဇေယျ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၆ နာရီက ကျင်းပသည်။



ဂိုဏ်းပေါင်းစုံ သံဃာတော်အပါး ၂၀၀ တို့က စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ခဲ့ကြသည်။

ထို့နောက် ကြွရောက်လာသော ဆရာတော်၊ သံဃာတော် အပါး ၂၀၀ တို့အား အလှူရှင် မိသားစုများက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။

**ခင်မောင်ဝင်း (ကြေးမုံ)**

## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဖျော်ဖြေရေးအဖွဲ့ လာရောက်ဖျော်ဖြေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ဒီဇင်ဘာ၂၁ ရက် စနေနေ့တွင် ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ ဖျော်ဖြေရေးအစီအစဉ်များ အဆင့်မြှင့်တင်လျက်ရှိရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဖျော်ဖြေရေးအဖွဲ့ဝင် ၄၅၀ က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)အတွင်း လာရောက်အပန်းဖြေသူ မိဘပြည်သူများအား ဒီဇင်ဘာ ၂၁ ရက် စနေနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နန်းမြင့်မျှော်စင်ရှေ့မြက်ခင်းပြင်တွင် ဂီတသဘင်ပညာဌာနများမှ Orchestra+Choir Bands များ အပါအဝင် အဆိုအကတင်ဆက်မှုအစီအစဉ်၊ ပန်းချီပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပန်းချီကား ၇၀ ပြသခြင်း၊ ခဲပုံတူပန်းချီရေးဆွဲပေးခြင်း၊ လက်အလှပန်းချီရေးဆွဲပေးခြင်းနှင့် ပို့စကတ်ရေးဆွဲပေးခြင်း၊ ပန်းပုပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထုလုပ်ထားသော ပန်းပုရုပ်တုများ ပြသခြင်းနှင့် လက်တွေ့ mould လောင်း၍ ပန်းပုရုပ်တုများ ထုလုပ်ပြသခြင်း၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ လက်ရာဓာတ်ပုံကား ၈၀ ပြသခြင်းနှင့် Fuji Myanmar Co.,Ltd မှ Photo Booth ပြုလုပ်၍ ဓာတ်ပုံရိုက်ကူးပေးခြင်း စသည့်အနုပညာများဖြင့် ဖျော်ဖြေတင်ဆက်ပေးကြမည့်အပြင် စီမံရေးရာဌာနက သက်သာသောနှုန်းထားဖြင့် အစားအသောက်များရောင်းချပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



## ကုန်ပစ္စည်းအညွှန်းအမှတ်အသား ဖော်ပြပါရှိရေးဆွေးနွေး

**လားရှိုး ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ စားသုံးသူရေးရာ ဦးစီးဌာနက ကုန်ပစ္စည်းအလိုက် အညွှန်းအမှတ်အသားများ ဖော်ပြခြင်းနှင့်စပ်လျဉ်းပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက လားရှိုးမြို့ စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးဇော်မင်းသန်းက ကုန်ပစ္စည်းအမှတ်အသား ဖော်ပြခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်အချက်အလက်များ အသိပညာပေးဆွေးနွေးပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

## ဥသျှစ်ပင်မြို့တွင် ဗုဒ္ဓပူဇနိယ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ကင်းအေးစေတီတော် သဒ္ဓါဇောဓိအောင်တော်မူ မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယနိဗ္ဗာန်ဈေးပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပသည်။

အဆိုပါပွဲတော်ကို သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး စတုဒိသာမဏ္ဍပ်များဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေမှုများ၊ ဆိုင်ခန်းများ၊ ယိမ်းအကပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

**အောင်မြင့်(ပန်းတောင်း)**

## ချဉ်ပေါင်သီး ပလပ်များ ဈေးကောင်းရ

**ကြို့ပင်ကောက် ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် ချဉ်ပေါင်သီးပလပ်များကို ယိုစုံလုပ်ငန်းသုံးသူများက တစ်ပိဿာလျှင် ၁၂၀၀ ကျပ် ပေးဝယ်ကြောင်း၊ ဒသမ ၃၀ ကေကျယ်သောခြံတစ်ကွက်လျှင် အချိန်တစ်ရာခန့်ရမည်ဟုခန့်မှန်းကြောင်း သိုက်တူးကုန်းကျေးရွာမှ ချဉ်ပေါင်စိုက်တောင်သူ ကိုအောင်မင်းစိုးက ပြောကြားသည်။

ချဉ်ပေါင်ပင်သည် ခြံစိုက်တောင်သူများအတွက် စိုက်ပျိုးသင့်သော သီးနှံဖြစ်ကြောင်း၊ ချဉ်ပေါင်သီးပလပ်များကိုလည်း ပြည်မြို့မှ ယိုစုံလုပ်ငန်းရှင်များက ဈေးကောင်းပေးဝယ်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

MNU
Aiming for Success
University of East London
Pearson




MNU . . .

MBA (International Business)
B.A(Hons) Business Management
B.ENG(Hons) Civil
B.ENG(Hons) Mechanical
B.ENG(Hons) Electrical & Electronic

- ကျောင်းသားဗဟိုပြုသင်ကြားပေးခြင်း (Student-Centered Learning)
- နိုင်ငံတကာသင်ရိုးညွှန်းတမ်းအတိုင်းသင်ကြားပေးခြင်း (International Syllabus)
- အလုပ်သင် အခွင့်အလမ်းများ ချိတ်ဆက်ထားရှိခြင်း (Internship Program)
- အဆောင်ထားရှိခြင်း (Hostel)

JANUARY INTAKE

GCE'O'Level, IGCSE, LCCI Level-3
Early Bird Promotion Discount
Scholarship
MBA

09-4480 66660, 09-7806 39577, 09-4097 17203
အမှတ်(၆-က)၊ ကြို့စက်ရုံလမ်း၊ (ခ)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်အတွင်း အခြေခံကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ စာကြည့်တိုက်များသို့ လှည့်လည်၍ သုတရသကလေးစာအုပ်စာစောင်များ တစ်လနှစ်ပတ်မျှ အခမဲ့ငှားရမ်းပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ဒီဇင်ဘာ ၁၂ ရက် နံနက်က လှိုင်သာယာမြို့နယ် အ-ထ-က(၁၁) နှင့် ဇေယျာမင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



## သတင်းစုံကဏ္ဍ

### သီပေါလူငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသို့ ငွေလှူဒါန်း

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ လူငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသို့ ပထမအကြိမ် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၁ ရက်က ဈေးချိုတော် အလင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ထို့နောက် အလှူရှင် ၁၇ ဦးတို့က စုစုပေါင်းမတည်ငွေကျပ် ၇၂ သိန်းကျော်ကို ဖောင်ဒေးရှင်းအဖွဲ့နာယက မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းနှင့် ဥက္ကဋ္ဌ ဦးအေးကျော်ထံသို့ ပေးအပ်လှူဒါန်းသည်။

**စိုင်း (သီပေါ)**

### ပုသိမ်တွင် စာပေဟောပြောပွဲကျင်းပ

**ပုသိမ်**

အမျိုးသားစာပေဆုရရှိခဲ့ကြသော ပုသိမ်အောင်သန်းဦးနှင့် မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) တို့သည် ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပုသိမ်မြို့၌ စာပေဟောပြောပွဲများ ကျင်းပသည်။

ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ အ-ထ-က (၁) ရတနာတန်ဆောင်ခန်းမ၌လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ပုသိမ် အ-ထ-က (ခွဲ) လ-၅ (သစ်ညိုကုန်းကျောင်း) သစ်တိုပင်ရိပ်မြက်ခင်းပြင်၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ အ-ထ-က (၆) ပမ္မဝတီခန်းမဆောင်၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ အ-ထ-က(၃) ဧကရာဇ်ခန်းမဆောင်၌လည်းကောင်း၊ ပုသိမ် အောင်သန်းဦးက ဘဝအားမာန်လူငယ်စိတ်ဓာတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) က သင်ညာနှင့် ပညာခေါင်းဆောင်ကောင်းတို့ဖြစ်ဖို့သေချာ ခေါင်းစဉ်များဖြင့် လူငယ်အကျိုးပြုစာပေများဟောပြောခဲ့ကြောင်း သိရသည်။ **ပုသိမ်လှကြည်**

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအခမ်းအနား ကျင်းပ

**မယ်စဲ့ ဒီဇင်ဘာ ၁၃**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက အမျိုးသမီးများအကြမ်းဖက်မှုပပျောက်ရေး ၁၆ရက်တာ လှုပ်ရှားမှုပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းက အကြမ်းဖက်မှုအမျိုးမျိုးကို အမျိုးသမီးငယ်များ သတိထားရှောင်ကြဉ်ရမည့် အချက်များကိုလည်းကောင်း၊ မြို့မစခန်းမှူး ဒုတိယရဲမှူးသန်းအောင်က သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ဖြိုးကျော်က ရာဇသတ်ပြဋ္ဌာန်းချက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ကျား/မရေးရာတာဝန်ခံ ဦးနန်းထိုက်ရွှေက လူထုဗဟိုပြုစီမံကိန်း ကျား/မရေးရာနှင့်ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

**ဝတ်ရည်**

**(ပြန်/ဆက်)**

## တီးတိန်မြို့အဝင်တွင် တရားမဝင်ကုန်သွယ်မှုများစစ်ဆေး

**တီးတိန် ဒီဇင်ဘာ ၁၃**

ချင်းပြည်နယ် တီးတိန်မြို့တွင် မြို့နယ် တရားမဝင်ကုန်သွယ်မှုများ စစ်ဆေးတားဆီး ထိန်းချုပ်အရေးယူရေး အထူးအဖွဲ့သည် နယ်စပ်ဝင်ပေါက်များ ရှောင်ကွင်း၍ တရားမဝင်တင်သွင်း၊ တင်ပို့မှုများအား တားဆီးထိန်းချုပ်နိုင်ရန်အတွက် တီးတိန်မြို့အဝင်၌ ယာဉ်များ အဝင်အထွက် ရှောင်တခင်စစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၁ ရက်က ဆောင်ရွက်သည်။

ရိဒ်-တီးတိန်-ကလေးလမ်းကြောင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် တင်သွင်းပို့ဆောင်သော တရားမဝင်အကောက်ခွန်မဲ့ ကန့်သတ်ပစ္စည်းများမပါရှိစေရေး ကုန်သွယ်စီးဆင်းမှုကိုမထိခိုက်စေဘဲ ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဒိုင်းဒိမ့်**

**(ပြန်/ဆက်)**

# လုပ်သားထုတို့ ပညာဆည်းပူးခဲ့သည့် အတိတ်၏လွမ်းမောဖွယ် လုပ်သားများကောလိပ်

"ရုံးဝန်ထမ်းဆိုတော့ အလုပ်ကတစ်ဖက် ကျောင်းတစ်ဖက် တက်ခဲ့ရပေမယ့် ပင်ပန်းတယ်လို့ကို မထင်ခဲ့မိဘူး။ အဲဒီတုန်းကအချိန်တွေပြန်ပြီးလွမ်းမိတယ်" ဟု တစ်ချိန်က လုပ်သားများကောလိပ်တွင် သိပ္ပံကျောင်းသားတစ်ဦးအဖြစ် ပညာသင်ရင်း တစ်ဖက်ကလည်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (ရန်ကုန်)တွင် တာဝန်ထမ်းဆောင်ခဲ့သူ ကျောင်းသားဟောင်း ဦးလှဌေးက ပြောသည်။

ဦးလှဌေးတို့ သိပ္ပံကျောင်းသားများတက်ရောက်ပညာသင်ကြားခဲ့သည့်လုပ်သားများကောလိပ်သည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်တွင်တည်ရှိသည့်အတွက်ဗိုလ်တထောင်ဘုရားနှင့်ကမ်းနားလမ်းဝန်းကျင်တစ်လျှောက်၊ ဆူးလေဘုရားဝန်းကျင်တို့သည် ၎င်းတို့သူငယ်ချင်းတစ်စု ခြေရာချင်းထပ်ခဲ့သည့်နေရာများဖြစ်ခဲ့သည်။

စတင်တည်ထောင်စဉ်အခါက သက်ကြီးတက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့သည့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်တွင် တည်ရှိသော လုပ်သားများကောလိပ်ကို၁၉၆၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ထိုခေတ်ထိုအခါက အလုပ်တစ်ဖက်ဖြင့် ပညာရှာမီးသူများအတွက် ရန်ကုန်တွင် လုပ်သားများကောလိပ်ဖွင့်သကဲ့သို့ မန္တလေးတွင်ညကျောင်းအဖြစ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တက်ခဲ့တုန်းကတစ်နှစ်တစ်နှစ် မေဂျာတစ်ခုကို ၅၀ ကနေ ၁၅၀ ကြားလျှောက်ကြတယ်၊ ၁၀ တန်းအောင်တဲ့အချိန် အလုပ်ရတယ်၊ ကျောင်းလည်းတက်ချင်တယ်ဆို ဒီကျောင်းတက်ရတယ်၊ရန်ကုန်တက္ကသိုလ်က လေးနှစ်တက်ရတယ်ဆိုလုပ်သားကောလိပ်က ငါးနှစ်တက်ရတယ်၊ ဒါပဲကွာတယ်၊ တတ်မြောက်တာချင်း၊ ဘွဲ့ရတာချင်းအတူတူပဲ"ဟု ၁၉၈၃ ခုနှစ်တွင် လုပ်သားကောလိပ်သို့ တက်ရောက်ခဲ့သည့် ကျောင်းသားဟောင်း ဦးထွန်းထွန်းဦးက ပြောပြသည်။

လုပ်သားများကောလိပ်သို့တက်ရောက်ခွင့်ရသူများသည် တက္ကသိုလ်ဝင်တန်းကို (က) စာရင်းဖြင့်အောင်မြင်ပြီးသူ လက်ရှိအစိုးရဌာနတစ်ခုခုတွင် အလုပ်လုပ်သူများဖြစ်ရမည်ဖြစ်ပြီး တနင်္လာနေ့မှသောကြာနေ့အထိ ညနေ ၅နာရီမှ ည ၉ နာရီထိတက်ရောက်ကြရသည်။

"ဝိဇ္ဇာကျောင်းသားတွေက ကြည့်မြင်တိုင်မှာတက်ရတယ်၊ သိပ္ပံကျောင်းသားတွေက ဗိုလ်တထောင်မှာတက်ရတယ်၊အစ်မကဝိဇ္ဇာဆိုတော့ ကြည့်မြင်တိုင်မှာ တက်ရတယ်။ ညကျောင်းဖြစ်ပေမယ့် ညပြန်ဖို့က ကျောင်းဖယ်ရီတွေစီစဉ်ပေးခဲ့တဲ့အတွက် အခက်အခဲမရှိအဆင်ပြေခဲ့တယ်"ဟု ၁၉၈၆ ခုနှစ် သမိုင်းဘာသာရပ်ဖြင့် ကြည့်မြင်တိုင်နယ်မြေတွင် တက်ရောက်ပညာသင်ကြားခဲ့သည့် လုပ်သားများ ကောလိပ်ကျောင်းသူဟောင်း ဒေါ်တင်မာဝင်းက ပြောသည်။

လုပ်သားများကောလိပ်တွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ နည်းပြ၊ သရုပ်ပြ လက်ထောက်ကထိက၊ ကထိက ပါမောက္ခဆရာကြီး၊ဆရာမကြီးများက ညဘက်တွင် အချိန်ပိုင်း လာရောက်သင်ကြားပေးသည့် အပြင် သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့ တို့ကို ဘွဲ့ကြိုအစီအစဉ်များဖြင့် သင်ကြားပေးကြောင်းနှင့် ဒီဂရီကောလိပ်ဖြစ်သဖြင့် သတ်မှတ်ပညာ သင်နှစ်ပြည့်မြောက်ပြီးပါကရန်ကုန်တက္ကသိုလ်မှဘွဲ့ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

"အားသာချက်က ဒီကျောင်းကလူတွေက လုပ်သက်လည်းရတယ်။ဘွဲ့လည်းရရောရာထူးလည်းရတယ်။ လုပ်ငန်းခွင်ထဲကလူတွေ ချည်းပဲဆိုတော့ အဆက်အသွယ်တွေတိုးတာပေါ့၊ တချို့တွေဆိုတကယ့်ကိုကျော်ကြားတဲ့သူတွေ၊ ဌာနဆိုင်ရာတွေမှာ အကြီးအကဲတွေ တောင်ဖြစ်တဲ့သူတွေရှိတယ်"ဟုကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ဦးသန်းထိုက်သက်တင်က ပြောသည်။

"လုပ်ခွင်မပျက် ပညာဆက်အံ့" ဆိုသည်နှင့်အညီ ဖွင့်လှစ်ထားခဲ့သည့်လုပ်သားထုတို့ အားထားရာ လုပ်သားများကောလိပ်၏ဝိဇ္ဇာ၊ သိပ္ပံသင်တန်းများသည် ၂၀၀၄ ခုနှစ်တွင် ရပ်နားခဲ့ရာ ရန်ကုန်မြို့အတွင်းရှိ မြို့နယ်များ ကသာမကသန်လျင်၊ ကျောက်တန်း၊ မှော်ဘီ၊ ဒလ၊ ကွမ်းခြံကုန်း၊ လှည်းကူး၊ မင်္ဂလာဒုံ အစရှိသည့် နီးစပ်ရာမြို့နယ်များမှ အလုပ်တစ်ဖက်ဖြင့် ကျောင်းတက်ကြသည့် ကျောင်းသားကျောင်းသူများဖြင့် လုပ်သားများကောလိပ်နယ်မြေများအတွင်း စည်ကားနေခဲ့သည့် ပုံရိပ်များကလည်း အတိတ်တွင် လွမ်းမောဖွယ်ရာအဖြစ် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင်ဖြင့်နေ့ပိုင်းတွင်ဒေသကောလိပ် (၁)ရန်ကုန်၊ ညပိုင်းတွင် လုပ်သားကောလိပ်အဖြစ် ရှင်သန်လှုပ်ရှားခဲ့သည့် ဗိုလ်တထောင်လုပ်သားများကောလိပ်နေရာသည်ပင် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ဗိုလ်တထောင်) ကို ဖွင့်လှစ်လျက်ရှိသည်။

အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့မျိုးတွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီထိ ရန်ကုန်တက္ကသိုလ်ရှိ သက်ဆိုင်ရာဘာသာရပ်ဌာနများတွင် သိပ္ပံတွဲဘာသာရပ်လက်တွေ့လုပ်ဆောင်ချက်များကို သူငယ်ချင်းများနှင့် အတူလုပ်ဆောင်ခဲ့ရသည်မှာလည်းယနေ့တိုင် မမေ့နိုင်ဖွယ် နေ့ရက်များပင်ဖြစ်သည်ဟု ကျောင်းသားဟောင်းဦးလှဌေးက ပြောသည်။

"လက်တွေ့လုပ်တဲ့နေ့ဆိုရန်ကုန်တက္ကသိုလ်ထဲမှာပဲ တစ်ခါတလေ မိုးချုပ်တာတောင် မပြန်ကြသေးဘူး။ ပြန်စဉ်းစားရင် ပျော်နေတုန်းပဲ။ ကျောင်းသားဟောင်းတွေနဲ့ ဆရာ ဆရာမတွေအများစုက ခုထိကျောင်းပြန်ဖွင့်ဖို့ မျှော်လင့်နေတုန်း" ဟု သူကဆိုသည်။



၁၉၆၄ ခုနှစ်မှ ၂၀၀၄ ခုနှစ်တာကာလအတွင်း ပိတ်တစ်ခါဖွင့်တစ်လှည့် ဖြတ်သန်းခဲ့သည့် လုပ်သားများကောလိပ်၏ သမိုင်းတစ်လျှောက်သင်ကြားပြသပေးသည့်ဆရာ၊ဆရာမကြီးများ၏ စေတနာ၊ဘာသာရပ်ဆိုင်ရာအလိုက် ရန်ကုန်တက္ကသိုလ်နည်းတူ လေ့လာသင်ကြားခွင့်ရမှု၊ စနစ်တကျ လက်တွေ့လုပ်ဆောင်မှုများကြောင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ထူးချွန်ထက်မြက်သူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်များ၊ အသိပညာရှင်၊ အတတ် ပညာရှင် များစွာပေါ်ထွက်ခဲ့သည်မှာ ငြင်းဆိုဖွယ်ရာမရှိပေ။

ယခု အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် (ဗိုလ်တထောင်)ဖွင့်လှစ်ထားသည့် ယခင် လုပ်သားများကောလိပ်ဖွင့်လှစ်ခဲ့သည့်နေရာတွင် နိုဝင်ဘာ ၂၄ ရက်က ၁၉၆၄ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ထိုကျောင်းတော်ကြီးတွင် ဝိဇ္ဇာ၊သိပ္ပံဘာသာရပ်အသီးသီးတွင် ပညာဆည်းပူးခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ စုပေါင်း၍ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ပြုလုပ်ခဲ့သည်။

ယခင်ကဘာသာရပ်အလိုက်ပူဇော်ကန်တော့ခဲ့ရာမှ ယခုအခါဘာသာရပ်ပေါင်းစုံမှကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများ၏ ကျေးဇူးတရားကိုအောက်မေ့ပြီး ပြုလုပ်သည့်ထိုနေ့ရက်သည် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများအတွက် ဝမ်းနည်း၊ ဝမ်းသာ၊ ကြည်နူးချမ်းမြေ့မှုရသစုံပေးစွမ်းနိုင်သည်သာမက လုပ်သားများကောလိပ်၏ အတိတ်ကအမှတ်တရပုံရိပ်များကို ပြန်လည်နိုးကြား အသက်ဝင်စေခဲ့သည်။

လုပ်သားထုတို့အချိန်ပိုင်းပညာဆည်းပူးရာ ထူးချွန်ထက်မြက်သူများ မွေးထုတ်ပေးရာ လုပ်သားများကောလိပ်၏ယခုကဲ့သို့တွေ့ဆုံမှုမျိုးကို နှစ်ပေါင်းများစွာစဉ်ဆက်မပြတ်ပြုလုပ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသူ ကျောင်းသား ကျောင်းသူဟောင်းများထဲမှ တစ်ဦးဖြစ်သူ ဦးသန်းထိုက်သက်တင်က "ဆရာကြီး ဆရာမကြီးတွေရဲ့ ကျေးဇူးကို ဂါရဝပြုချင်တာကအဓိကပါ။ အခုလုပ်သားများ ကောလိပ်ကလည်း ပိတ်သွားတာကြာပြီဆိုတော့ အားလုံးစုစုစည်းစည်းပြန်တွေ့နိုင်အောင်၊ အမှတ်တရအမြဲရှိနေအောင် ဒီလိုပွဲကို နှစ်နှစ်တစ်ကြိမ် ကျင်းပဖို့စီစဉ်သွားမှာပါ"ဟု ပြောပြခဲ့သည်။

**သီသီမင်း**

# နည်းပြ စတီဗင်ဂျာရတ် ရိန်းဂျားအသင်းတွင် ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမည်

ရိန်းဂျားအသင်းနည်းပြ စတီဗင်ဂျာရတ်ဟာ ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီလည်းဖြစ်ပါတယ်။ အသက် ၃၉ နှစ်အရွယ်ရှိ လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်ဟာ ၂၀၁၈ ခုနှစ်မေလအတွင်းက ရိန်းဂျားအသင်းနဲ့ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ပထမဆုံးအကြိမ် ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

နည်းပြစတီဗင်ဂျာရတ် ကိုင်တွယ်လျက်ရှိတဲ့ ရိန်းဂျားအသင်းဟာ လက်ရှိတွင် စကော့တလန် ပရီမီယာရှစ် အမှတ်ပေးဇယား အဆင့် ၂ နေရာမှာ ရပ်တည်လျက်ရှိပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ ဆဲလ်တစ်အသင်းနဲ့ နှစ်မှတ်အကွာအနေအထားကို ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။

ရိန်းဂျားအသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ အုပ်စုအဆင့် ဒုတိယနေရာနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲရဲ့ ၃၂ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး အဲဒီလိုအောင်မြင်မှုတွေရရှိခဲ့တာကြောင့် ရိန်းဂျားအသင်းက နည်းပြစတီဗင်ဂျာရတ်ကို စာချုပ်သစ်ချုပ်ဆိုခဲ့တာလည်းဖြစ်ပါတယ်။

နည်းပြစတီဗင်ဂျာရတ်ဟာ ရိန်းဂျားအသင်းကို စတင်ကိုင်တွယ်ခဲ့တဲ့ ရာသီမှာပဲ စကော့တလန် ပရီမီယာရှစ်ပြိုင်ပွဲမှာ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုနှစ်မှာလည်း ယူရိုပါလိဂ်ပြိုင်ပွဲမှာ အုပ်စုအဆင့်ကနေ ပထမဆုံးအကြိမ် ၃၂ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။


ကမ္ဘာ့ပြိုင်ပွဲယှဉ်ပြိုင်မည့် ဘုန်းမြင့်ကျော် (ခ) မောင်မောင် ၂၀၁၉ ဆီးဂိမ်း၌ ယှဉ်ပြိုင်နေစဉ်။

# ကမ္ဘာ့ 9Ball ပြိုင်ပွဲတွင် ဆီးဂိမ်း ရွှေဆုရှင် မောင်မောင် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ကာတာနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ချန်ပီယံရှစ် 9Ball ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင်သည် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ကမ္ဘာ့ချန်ပီယံရှစ် 9Ball ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ကာတာနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတံဆိပ်နှစ်ခုရယူပေးခဲ့သည့် မောင်မောင်တစ်ဦးတည်း ယှဉ်ပြိုင်မည်ဖြစ်သည်။

မောင်မောင်သည် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရယူကာ အအောင်မြင်ဆုံးကစားသမားဖြစ်ခဲ့ပြီး 9Ball Pool ပြိုင်ပွဲ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲနှစ်ခုစလုံးတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာကစားသမားများသည် ယခင်က ကမ္ဘာ့ချန်ပီယံရှစ် 9Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးသော်လည်း ဆုတံဆိပ်ရယူနိုင်ခြင်းမရှိခဲ့ဘဲ ယခုပြိုင်ပွဲယှဉ်ပြိုင်မည့် မောင်မောင်သည် ဆီးဂိမ်းပြိုင်ပွဲတွင် ပူပူနွေးနွေး ရွှေတံဆိပ်ရထားသောကြောင့် အောင်မြင်မှုရယူနိုင်ရန် အခွင့်အရေးများရှိနေသည်။

မောင်မောင်သည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ဒီဇင်ဘာ ၁၂ ရက် နံနက်အစောပိုင်းတွင် ကာတာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့သည်။ ကမ္ဘာ့ချန်ပီယံရှစ် 9Ball ပြိုင်ပွဲတွင် ဆုကြေးငွေစုစုပေါင်း ဒေါ်လာ ၁၅၀၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး ၆၄ ဦးအဆင့်မှစတင်ကာ ဆုကြေးငွေများ ရရှိမည်ဖြစ်ကာ ချန်ပီယံဆုရသည့် ကစားသမားမှာ ဒေါ်လာ ၃၀၀၀၀ ရရှိမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# လီဗာပူးအသင်းနည်းပြ ကလော့ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို



လီဗာပူးအသင်းနည်းပြ ကလော့ဟာ ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ နည်းပြကလော့ဟာ ၂၀၁၅ ခုနှစ်မှာ လီဗာပူးအသင်းကို ရောက်ရှိလာခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းက ခြောက်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ နည်းပြ ကလော့ လက်ထက်မှာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တဲ့အပြင် ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အဆင့် ၂ နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အခုနှစ် ဘောလုံးရာသီမှာလည်း ပရီမီယာလိဂ် အမှတ်ပေးဇယားကို ထိပ်ဆုံးက ဦးဆောင်လျက်ရှိပြီး အမှတ်ပေးဇယား ဒုတိယနေရာက လက်စတာစီးတီးအသင်းကို ရှစ်မှတ်ဖြတ်ကာ ဦးဆောင်ထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားကို ပထမဆုံးအကြိမ်ရယူဆွတ်ခူးနိုင်ဖို့လည်း လီဗာပူးအသင်းက မျှော်လင့်ထားတာဖြစ်ပါတယ်။

နည်းပြ ကလော့ ကိုင်တွယ်လျက်ရှိတဲ့ လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့နှစ်က စပါးအသင်းကို အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဖလား ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တဲ့အပြင် လက်ရှိမှာလည်း ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## အနုပညာ

# ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့တဲ့ ဂျန်အေရီ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးကြီးတစ်ဦးဖြစ်သူ ဂျန်အေရီဟာ လတ်တလောမှာ ယာဉ်တိုက်မှုကြောင့် နံရိုးအနည်းငယ်ထိခိုက်ခဲ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒေသတွင်း မီဒီယာတွေရဲ့ ဖော်ပြချက်အရ ဂျန်အေရီဟာ ဂိုဆန်ကနေ ဆိုးလ်ကိုအသွားမှာ ယာဉ်တိုက်မှုဖြစ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ အဆိုပါ ယာဉ်တိုက်မှုဟာ ဒီဇင်ဘာ ၁၂ ရက် နံနက် ၆ နာရီခန့်က ဖြစ်ခဲ့တာပါ။ ယာဉ်တိုက်မှုဖြစ်စဉ်မှာ ဂျန်အေရီရဲ့ မန်နေဂျာဖြစ်သူက ကားကို မောင်းခဲ့တာဖြစ်ပြီး ကုန်တင်ကားတစ်စီးနဲ့ တိုက်မိခဲ့တာဖြစ်ပါတယ်။ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသူသုံးဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့ပေမယ့် ဂျန်အေရီကတော့ နံရိုးအနည်းငယ် ထိခိုက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယာဉ်တိုက်မှုနဲ့ပတ်သက်ပြီး မင်းသမီးရဲ့ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ယာဉ်တိုက်မှုဖြစ်စဉ်မှာ ဂျန်အေရီဟာ ထိုင်ခုံခါးပတ်ပတ်ထားခဲ့တာကြောင့် ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့တာဖြစ်ကြောင်း၊ လက်ရှိမှာ ဆေးရုံတက်နေပြီး ဒီဇင်ဘာ ၁၆ ရက်မှာ ဆေးရုံဆင်းခွင့်ရမှာဖြစ်ကြောင်းနဲ့ ယာဉ်တိုက်မှုကြောင့် မင်းသမီး ပါဝင်သရုပ်ဆောင်နေတဲ့ ရုပ်ရှင်တွေရဲ့ ရိုက်ကူးရေးအပေါ် သက်ရောက်မှုမရှိခဲ့ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ ဂျန်အေရီဟာ MBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေဖြစ်ကြတဲ့ “Bad Love” နဲ့ “VIP” တို့မှာ ပါဝင်သရုပ်ဆောင်နေကြောင်းလည်း သိရပါတယ်။

# ဟယ်ရီစတိုင်ရဲ့ သီချင်းသစ်မှာ အချစ်ဟောင်းရဲ့အသံ ထည့်သွင်းထား



ပေါ့ပ်ကြယ်ပွင့် ဟယ်ရီစတိုင်ရဲ့ လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းသစ်မှာ သူ့ရဲ့အချစ်ဟောင်း ပြင်သစ်မော်ဒယ် ကမ်မီလ်ရိုဝီရဲ့ အသံမက်ဆေ့ချ်ကို ထည့်သွင်းဖန်တီးထားကြောင်း ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟယ်ရီစတိုင်ရဲ့ လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း “Cherry” မှာ ပေါ့ပ်ကြယ်ပွင့်နဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း လက်တွဲခဲ့တဲ့ချစ်သူ ပြင်သစ်လူမျိုး မော်ဒယ် ကမ်မီလ်ရိုဝီရဲ့ အသံမက်ဆေ့ချ်ကို ထည့်သွင်းဖန်တီးထားတာပါ။ ဒီလို ထည့်သွင်းနိုင်ဖို့အတွက်လည်း ကမ်မီလ်ရိုဝီဆီက ခွင့်ပြုချက်တောင်းခံခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - ရေးသားသည်**


အမေရိကန် တေးဂီတ ဆုပေးပွဲအပြီး ထူးချွန်ဆုများနဲ့ အတူ တွေ့ရတဲ့ တေလာဆွစ်။

# အသက် ၃၀ ပြည့်ခဲ့ပြီဖြစ်တဲ့ တေလာဆွစ်

ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ တေလာဆွစ်ဟာ လတ်တလောမှာ အသက် ၃၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူဟာ ဒီဇင်ဘာ ၁၃ ရက်မှာ အသက် ၃၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး သူ့ရဲ့ အသက် ၃၀ မပြည့်မီ နောက်ဆုံးနေ့မှာ “Billboard’s 2019 Women in Music Awards” ဆုပေးပွဲကို တက်ရောက်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၁၂ ရက်က ဟောလိဝုဒ်မှာ ပြုလုပ်ခဲ့တဲ့ အဆိုပါဆုပေးပွဲရဲ့ ပန်းရောင်ကော်ဇောပေါ်ကို တေလာဆွစ်က နှစ်ဆယ်ကျော်အရွယ်ရဲ့ နောက်ဆုံးနေ့ရက်အဖြစ် လျှောက်လှမ်းခဲ့ရာမှာ နက်ပြာရောင်ဝတ်စုံကို ဝတ်ဆင်ခဲ့တာ သူ့ရဲ့ အမှတ်အသားတစ်ခုလို့ဆိုနိုင်တဲ့ နှုတ်ခမ်းနီအနီရဲရဲကို ဆိုးလာခဲ့တာကိုလည်း တွေ့ရပါတယ်။

ယခုနှစ်ဆုပေးပွဲမှာမှ ပထမဆုံးအကြိမ် ချီးမြှင့်တဲ့ ဆယ်စုနှစ်ရဲ့ တေးသံရှင်အဖြစ် တေလာဆွစ် ဂုဏ်ပြုချီးမြှင့်ခြင်း ခံခဲ့ရပါတယ်။ ဒီလို ဂုဏ်ပြုဆုချီးမြှင့်ခံခဲ့ရပြီးနောက် အမှတ်တရစကားပြောကြားချိန်မှာ တေလာဆွစ်က တေးဂီတလောကမှာ အမျိုးသားတွေ လွှမ်းမိုးထားတဲ့ အကြောင်းတွေကို ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

တေလာဆွစ်ဟာ ၂၀၀၆ ခုနှစ်အတွင်း ကျေးလက်တေးသံရှင်တစ်ဦးအဖြစ် တေးဂီတလောကအတွင်း စတင်ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း သူ့ရဲ့ အောင်မြင်မှုတွေအတွက် ဆယ်စုနှစ်ရဲ့ တေးသံရှင်အဖြစ် ရွေးချယ်ဂုဏ်ပြုခြင်း ခံခဲ့ရတာဖြစ်ပါတယ်။ သူ့ရဲ့ ဂီတခရီး ၁၃ နှစ်တာကာလအတွင်း တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ် ငါးခုဟာ ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့ပြီး တေးသီချင်း ငါးပုဒ်ဟာလည်း ထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့ကာ ကမ္ဘာတစ်ဝန်းနယ်လှည့်ဖျော်ဖြေပွဲသုံးခုကိုလည်း အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

တေလာဆွစ်ဟာ ပြီးခဲ့တဲ့လအတွင်း ပြုလုပ်ခဲ့တဲ့ အမေရိကန်တေးဂီတဆုပေးပွဲမှာလည်း ဆယ်စုနှစ်ရဲ့ ဂီတပညာရှင်အဖြစ် ဂုဏ်ပြုခြင်းခံခဲ့ရကြောင်းလည်း သိရပါတယ်။







## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၅) လမ်း၊ အမှတ်-၃၉၆နေ (အဖ)ဦးကံစိန်၏ သားဖြစ်သူ ဦးဆန်းဝင်း[၁၂/ဥကတ(နိုင်)၁၆၀၈၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဆန်းဝင်းသည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်းသစ်၊ အမှတ်(60/G-1)ရှိ Univel Myanmar Co.,Ltd (Sales & Marketing Department)တွင် (Sales Executive) တစ်ဦးအဖြစ် ၂၇-၂-၂၀၁၇ရက်မှစ၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဦးဆန်းဝင်းသည် ကုမ္ပဏီမှ တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချသည့် Yale အမှတ်တံဆိပ်သော့နှင့် သော့ဆက်စပ်ပစ္စည်းများကို အရောင်းဝန်ထမ်းတစ်ဦးအနေဖြင့် ရန်ကုန်ဆိုင်များ၊ နယ်ဆိုင်များသို့ သွားရောက်၍ တာဝန်ယူ ဖြန့်ဖြူးရောင်းချစဉ် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ဆိုင်သို့ ကုမ္ပဏီ၏ခွင့်ပြုချက်မရှိ၊ ကုမ္ပဏီ၏ ပစ္စည်းမဟုတ်ဘဲ Order Form အတုဖြင့် ကုမ္ပဏီ၏ပစ္စည်းပုံစံအတုပြု၍ ပစ္စည်းများရောင်းချကာ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့မိပါသည်။

ဦးဆန်းဝင်း၏ ပြုလုပ်မှုကြောင့် ကုမ္ပဏီ၏ ဂုဏ်သတင်းနှင့်အကျိုးကို ထိခိုက်နစ်နာစေသည့်အတွက် Univel Myanmar Co.,Ltd မိသားစုအား တောင်းပန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဆန်းဝင်း**
**[၁၂/ဥကတ(နိုင်)၁၆၀၈၆၈]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၂)**
**အမှတ်(၁၆၄)၊ ချမ်းသာလမ်း၊ (၁၉/က) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-43078012**

အောင်မင်္ဂလာ
အိမ်ခြံမြေ/ရှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

## မိဘအမည်မှန်

တွံတေးမြို့၊ အထက၊ ချောင်းမကြီးမှ ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်တန်းသို့ (ဆဏတ-၅၇၉)ဖြင့် အောင်မြင်ခဲ့သော မအိမြတ်ဖြိုး၏ဖခင် ဦးချစ်စမ်းမောင်နှင့် ဦးချစ်စန်းမောင်တို့မှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် မိခင် ဒေါ်ငြိမ်းချမ်းလင်းနှင့် ဒေါ်ငြိမ်းချမ်းတို့မှာလည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချစ်စမ်းမောင်(ခ)ဦးချစ်စန်းမောင်**
**[၁၂/တတန(နိုင်)၁၂၇၆၆၆]**
**ဒေါ်ငြိမ်းချမ်းလင်း(ခ)ဒေါ်ငြိမ်းချမ်း**
**[၁၂/တတန(နိုင်)၁၈၈၁၂၀]**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဆောက်ဝိုင်းကြီးကျေးရွာ၊ သတ္တမတန်းတွင် ပညာသင်ကြား နေသော မောင်သူရိန်မောင်၏ ဖခင်အမည်မှန်မှာ ဦးအန်ပလိုစီ [၁၂/တကန(နိုင်)၀၁၄၃၅၃] ဖြစ်ပါသည်။ **ဦးအန်ပလိုစီ**

## ဖခင်အမည်မှန်

အထက (၁) ဒဂုံအရှေ့၊ စတုတ္ထတန်း A တွင် ပညာသင်ကြားနေသော မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးချစ်မင်းထွန်း[၉/မသန(နိုင်) ၁၂၃၇၇၄] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်ဖုန်း [၁၂/လကန(နိုင်)၁၃၁၉၃၅] ကိုင်ဆောင်သူက ဒေါ်လေးလေးခန့် [၁၀/သထန(နိုင်)၀၇၀၅၆၈]ထံမှ ၎င်းပိုင်ဆိုင်သည်ဟု ဝန်ခံပါရှိသော ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၆၃/ဘီ) ဘယ်ဘက် RCC၊ အမျိုးအစား (၃)ထပ်ခွဲတိုက်၊ ဒုတိယ(လွှာ)၊ ပထမထပ်(ဘယ်) (၁၂.၅x ၅၅)ပေ အကျယ်အဝန်းရှိ တိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ၂၁-၁၂-၂၀၁၉ရက်နောက်ဆုံးထား၍ ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အုန်းအုန်းတင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် -၂၃၉၅၆)**
**အမှတ် (၄၃၁)၊ ရော(၁)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph 09-446060603**

## ရောင်းရန်ရှိသည်

လမ်း(၃၀) အထက်တွင် ၇ လွှာ တိုက်ခန်း (ဝဲ/ယာ) ၂ခန်း ရောင်းရန်ရှိသည်။

**Ph 09-5089441, 09-778302485**
**01-8294111**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါက်ခေါင်းမြို့၊ ငါးခူအိုင်ရွာနေ စာရင်းကိုင်(၃)၊ ဒေါ်နီလာအေး[၇/ပခတ(နိုင်)၀၀၂၄၈၀]၏ ဖခင်အမည် ဦးမောင်အေးနှင့်ဦးအေး[၇/ပခတ(နိုင်) ၀၀၂၄၈၃] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်မိတ်ဆွေ ဦးထက်နန္ဒစံ(ဘ)ဦးစံလှမြင့်[၁၂/သဃက(နိုင်)၁၆၈၄၃၈]၊ အမှတ်-၅/၆၅၊ သီရိဂုဏ်အိမ်ရာ၊ (၁၆/၂)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူသည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အခန်းအမှတ်-၁၁၀၈၊ တိုက်အမှတ်(A)၊ (၁၁လွှာ)နေထိုင်သူ ဒေါ်သူဇာတင့်(ဘ)ဦးစံငြိမ်း[၁၃/တကန(နိုင်) ၁၃၃၇၀၈] ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အခန်း အမှတ်-၁၁၀၈၊ တိုက်အမှတ်(A)(၁၁လွှာ)၊ Square Feet ၁၂၅၀အကျယ်ရှိ တက္ကသိုလ်ရိပ်မွန် ကွန်ဒိုတိုက်ခန်းကို ဒေါ်သူဇာဝင်းထံမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၁၀-၁၂- ၂၀၁၉ရက်တွင် စရန်ပေးချေဝယ်ယူခဲ့ပြီးဖြစ်၍ ကန့်ကွက်မည့်သူရှိပါက(၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလင်းရွှေဇင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၆၈/၂၀၁၃)**
**အမှတ်(၂၂)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## မောင်ရန်လင်းသိန်း(ခ)ရှင်ဝိမလ
## ၁၄-၁၂-၂၀၁၆ - ၁၄-၁၂-၂၀၁၉

သားမိသားစုနှင့် ခွဲခွာသွားခဲ့တာ (၃)နှစ်ပြည့်ခဲ့ပေမယ့်လည်း သတိရလွမ်းဆွတ်လျက်ပါ။ သားကို ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ပေးခဲ့တဲ့ ကောင်းမှုကုသိုလ်အစုစု၊ လှူဒါန်းခဲ့သော ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ကြားနိုင်၊ သိနိုင်၊ မြင်နိုင်ပါစေ၊ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ ရောက်လေရာ ဘဝတိုင်းမှာ အသက်ရှည်ရှည် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ နေနိုင်ပါစေ။

အမျှ-အမျှ-အမျှ ပေးဝေပါတယ်။

သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ပါစေ။

သားကို သတိရလွမ်းဆွတ်လျက်-

**ပါပါ၊ မာမီ၊ မမ**

**၄၈(စီ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သိမ်း
**B.Sc (Physics)**
## အသက်(၇၅)နှစ်

ဦးကြည်ထွန်း-ဒေါ်ခင်ဆွေသိမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ ဦးဝင်းသိမ်း-ဒေါ်လှလှဝင်း၊ ဦးမင်းသိမ်း(နေပြည်တော်၊ စည်ပင်သာယာရေး ကော်မတီဝင်)-(ဒေါ်နီနီဦး)တို့၏ အစ်ကို ဦးမြင့်သိမ်း အသက်(၇၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
## အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ -ဒေါ်နီနီမြိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

ကုသရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရဲဝင့်ကျော်-ဒေါ်သန္တာဝင်းတို့၏မိခင် ဒေါ်စီစီမေ အသက် (၈၃) နှစ်သည် ၁၁-၁၂-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ကုသရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမြင့်အောင်
## အသက်(၇၈)နှစ်

EMBA 16th Batch မှ မမြတ်မြတ်မျိုး၏ ဖခင် ဦးမျိုးမြင့်အောင် အသက်(၇၈)နှစ်သည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**EMBA 16th Batch မှ**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမြင့်အောင်
## အသက်(၇၈)နှစ်
**ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း**

ဦးမျိုးမြင့်အောင်၊ ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)သည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄၊ လက်ထောက်မန်နေဂျာ(ရောင်း/စက်)**
**မြန်မာ့သစ်လုပ်ငန်းအလုပ်ဝင်အရာထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးနီ
## အသက်(၇၆)နှစ်

ဒေါ်သင်းသင်းခိုင် (1994 Sr Agri)၏ ချစ်လှစွာသောဖခင် ဦးနီ အသက် (၇၆)နှစ်သည် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1994 Sr စိုက်ပျိုးရေးတက္ကသိုလ်**
**စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသား/ကျောင်းသူဟောင်းများ**

---

## (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရ
## အမျှပေးဝေခြင်း
**ဦးကြည်ထွဏ်း(BA.HGP.RL)တရားရုံးချုပ်ရှေ့နေ**
**စာရေးဆရာထန်လှိုင်(စာပေဗိမာန်ဆုများနှင့် ပခုက္ကူဆုများရှင်)**

ခင်ပွန်း၊ဖခင်ကြီးကို နေ့စဉ်သတိရနေ

သားနဲ့သမီးတို့ ကျွေးပေးစောင့်ရှောက်မှုနဲ့ အသက်ရှင်နေရ တစ်ယောက်ထဲကျန်ခဲ့လို့ ကြုံလာသမျှ ဒဏ်ရာတွေကို လောကဓံတရားလို သဘောထားပြီး ထွက်ခွာရမယ့်အချိန်နီးလာလို့ အသိ သတိထားပြီး နေတတ်လာပါပြီ။ ရည်စူး၍ပြုလုပ်သော ကုသိုလ်ကောင်းမှုများကို ရောက်နေသောဘုံဘဝမှာ သာဓု...သာဓု...သာဓု ခေါ်ဆိုနိုင်ပါစေ။

| | | |
|---|---|---|
| **ချစ်ဇနီး** | - | ဒေါ်သိန်းသိန်းမြင့် |
| **ချစ်သားကြီး** | - | ဗိုလ်မှူးလွှမ်းမိုးဟန်(ကင်ဆာပါရဂူ) (စာရေးဆရာ Dr.လွှမ်းမိုးဟန်) - မစန္ဒီမြလှ |
| **ချစ်သမီးငယ်** | - | ဗိုလ်ကြီးအောင်စည်သူမျိုး-Dr.ခင်လပြည့်ထွဏ်း |
| **ချစ်မြေးများ** | - | ရွှေပိုး၊ ဖိုးလင်း၊ ဖိုးဒီးဒီး၊ ဖိုးဝဏ်ပြည့် |

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် လှရွှေ (ငြိမ်း)
## အသက် (၈၉) နှစ်
**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး (ငြိမ်း)**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃) ရပ်ကွက်၊ သစ်ရာပင်လမ်းသွယ် (၂)၊ အမှတ်(၂၄)နေ ဒေါ်ခင်သန်းနွဲ့၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ် လှရွှေ(ငြိမ်း)သည် ၈-၁၂-၂၀၁၉ ရက် နံနက် ၇:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်စစ်မှုထမ်းဟောင်းများ မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
## အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ -ဒေါ်နီနီမြိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် ဝန်ထမ်းများ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
## အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ-ဒေါ်နီနီမြိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဝန်ထမ်းများ**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
## အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ-ဒေါ်နီနီမြိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဝန်ထမ်းများ**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စီစီမေ
## အသက် (၈၃) နှစ်

ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် (၅/၉၉) နှစ်မှ သူငယ်ချင်း ဒေါက်တာ ရဲဝင့်ကျော်၏ မိခင်ဖြစ်သူ ဒေါ်စီစီမေ အသက် (၈၃) နှစ်သည် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**
**(၅/၉၉) ကျောင်းသား/ကျောင်းသူဟောင်းများ**

---

## (၁)နှစ်ပြည့် ကောင်းမှုကုသိုလ်အစုစုတို့အား အမျှပေးဝေခြင်း

ကြည်း-၆၀၄၄ ဗိုလ်မှူးကြီးဗေယျကျော်ထင်သန်းတင်(ငြိမ်း)၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး(ငြိမ်း)ကွယ်လွန်သည်မှာ ၁၄-၁၂-၂၀၁၉ ရက်နေ့တွင် (၁)နှစ်ပြည့်ပြီးဖြစ်ပါ၍ ကွယ်လွန်သူ၏ မိဘများဖြစ်ကြသော ရဲမင်းကြီး ဦးဘိုးကြွယ်နှင့် ဒေါ်သိန်းခံ၊ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)၏ ကွယ်လွန်သွားပြီးဖြစ်ကြသော အစ်ကို၊ အစ်မများဖြစ်ကြသည့် ဦးလွှမ်းဖေ+ဒေါ်ခင်ကြည်၊ ဦးဝင်းဖေ+ဒေါ်ညွန့်ညွန့်ဝေနှင့် ညီ၊ ညီမများဖြစ်ကြသော ဒေါ်စန်းရှင် (ကုန်သွယ်ရေး)၊ ပါမောက္ခဦးစိန်လွင် (ရန်ကုန်တက္ကသိုလ်)၊ ပါမောက္ခ ဒေါ်လေးကြည်၊ ဒေါက်တာအောင်ဘုန်း + ပါမောက္ခ ဒေါ်ခင်သန်းကြွယ် (စီးပွားရေးတက္ကသိုလ်)၊ ဦးမောင်မောင်(အကောက်ခွန်) တို့ အားလုံးကို ကျန်ရစ်သူမိသားစုမှ ရည်စူး၍ နေ့စဉ်၊ လစဉ်ပြုလုပ်ပေးခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့ကို ကြားသိနိုင်၍ သာဓုမောဒနာ ခေါ်ဆိုနိုင်ကြရန် အမျှ…အမျှ…အမျှ ပေးဝေပါ၏။ ကွယ်လွန်သူ ဗိုလ်မှူးကြီးသန်းတင် (ငြိမ်း)နှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများ အမျှယူတော်မူကြပါကုန်လော့။

**သာဓု…သာဓု…သာဓု။**

**ဒေါ်ခင်လှမြင့်နှင့် သား၊ သမီး၊ မြေး၊ မြစ်များ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၉၀)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၉၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးသောစ်ကပ်[၄/ဖလန(နိုင်)၀၀၂၃၉၃] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသောစ်ကပ်[၄/ဖလန(နိုင်)၀၀၂၃၉၃] ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ခဲ့သူ ဦးစောစီးဟဲမှ(တရားလို)ပြုလုပ်၍ ရွှေပြည်သာမြို့နယ်တရားမရုံး တရားမကြီးမှုအမှတ်-၇၅/၂၀၁၈ (၁၇-၅-၂၀၁၉)ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးသောစ်ကပ်အား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၁၃/၂၀၁၉ (၆-၉-၂၀၁၉)အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန် အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဘီလစ် ဒေါ်ငုဝါ[၁၂/လမန(နိုင်)၀၂၉၆၃၃] မှ တရားရုံးဒီကရီအထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ နေ့စဉ်မှတ်တမ်း၊ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ရတနာ**
**သစ်တော**
**ပြည့်သွေး**
**ကြော**
**သစ်တော**
**ရတနာ**
**ထိန်းသိမ်း**
**ပါ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
## အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ -ဒေါ်နီနီမြိုင်တို့၏မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
## အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ -ဒေါ်နီနီမြိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စီစီမေ (ကျောက်ကြီး)
## အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ ဦးနှောက်နှင့်အာရုံကြောဆေးပညာဌာနမှ ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန် ဒေါက်တာရန်လင်းအောင်၏ မိခင် ဒေါ်စီစီမေ(ကျောက်ကြီး)သည် ၁၁-၁၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၃၀နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနှောက်နှင့်အာရုံကြောပညာရပ်ဆိုင်ရာအဖွဲ့**
**(Neuromedical and Neurosurgical)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမြင့်အောင်
## အသက်(၇၈)နှစ်
**ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း**

ဦးမျိုးမြင့်အောင်၊ ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)သည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာနှင့် အရာထမ်း/အမှုထမ်းများ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်သူ
**ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး (၂)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
## အသက် (၅၆) နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၉-ခ)၊ ပြည်သာယာလမ်း၊ (ဧ) မြောက်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်နေ ဒေါ်သင်းသင်းဆွေ (အ.လ.ပြ၊ ထ-၃၇၊ မန္တလေး)၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**
**ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ပြည်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
### အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ -ဒေါ်နီနီမြိုင်တို့၏မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းများ**
**ဝန်ကြီးရုံး (သာသနာရေး)**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
### အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ-ဒေါ်နီနီမြိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄) နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းများ**
**ဝန်ကြီးရုံး (ယဉ်ကျေးမှု)**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြိုင် (ဝေါ)
### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေ ဗိုလ်မှူးကြီး ကောင်းလှ(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးကျော်သူ (အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်သက်မာမြင့်(ဒုတိယ ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)တို့၏မိခင်သည် ၁၂-၁၂-၂၀၁၉ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
### အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ -ဒေါ်နီနီမြိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**သာသနာရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
### အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ -ဒေါ်နီနီမြိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

## အများသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၂၆)၊ မြေညီထပ်တိုက်ခန်းနှင့်စပ်လျဉ်းပြီး မြေပိုင်ရှင်(တိုက်ခန်းပိုင်ရှင်) ဒေါ်ဇင်မာသန်းအောင်[၁၂/ပဘတ(နိုင်)၀၂၆၆၈၀]နှင့် တိုက်ခန်းငှားရမ်းသူတို့သည် ၃၀-၁၁-၂၀၁၇ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြသော **တိုက်ခန်းငှားရမ်းခြင်း နှစ်ဦးသဘောတူကတိစာချုပ်များ**ကို ၁၃-၁၂-၂၀၁၉ ရက်တွင် နှစ်ဦးနှစ်ဖက်သဘောတူ ကျေနပ်စွာ ဖျက်သိမ်းပြီး ဖြစ်ပါသည်။

၁၃-၁၂-၂၀၁၉ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်ပါ စည်းကမ်းချက်များအတိုင်း မြေပိုင်ရှင်(တိုက်ခန်းပိုင်ရှင်)နှင့် တိုက်ခန်းငှားရမ်းသူတို့သည် ဆက်လက်လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**မြေပိုင်ရှင်(တိုက်ခန်းပိုင်ရှင်)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဥ်-၄၀၃၅)**
**LL.B.,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(စဥ်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၂လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766, HP:09-5017044**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခိုင်စံလှ (ညောင်ကန်အေးယောဂီ) (၉၄)နှစ်
(စစ်တွေ)

(ဦးသာဇံဦး-ဒေါ်အိမ်သာဖြူ)တို့၏ သမီး၊ (ဦးအောင်ထွန်း)၏ ဇနီး၊ (ဦးစံရွှေဦး)၊ (ဦးကောင်းကျော်စံ)တို့၏ ညီမ၊ ဒေါ်ငွေစိန်လှ၏ အစ်မ၊ ဒေါ်မြစန္ဒာ-ဦးငွေအောင်၊ ဒေါ်မသိန်းလှ၊ (ဦးထွန်းအေးခိုင်)၊ ဒေါ်ခင်စောရွှေ၊ (ဦးဦးမောင်)တို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏ အဘောင်ရှင်၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသော အဖိုးရှင်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) ည ၁၁:၂၀ နာရီတွင် အင်းစိန်မြို့နယ်၊ ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ၁၅/၁ ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရွှေညွန့် (ခ) ဦးကျုံစိန်
### အသက် (၉၀)

ရန်ကုန်မြို့၊ အမှတ်(၃၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ (ပ-ထပ်)နေ (ဦးလှ-ဒေါ်ကြင်လှ)တို့၏သားကြီး၊ ဒေါ်ခင်ခင်အေး (ပုဇွန်တောင်ဈေး၊ A ရုံ) ၏ ခင်ပွန်း၊ ဦးသိန်းမောင်-ဒေါ်ခင်ခင်၊ ဦးငြိမ်းမောင်(ခေတ္တ-တရုတ်)၊ (ဦးစိန်တင်)၊ (ဦးအောင်လှိုင်-ဒေါ်အေးကြည်)တို့၏အစ်ကိုကြီး၊ ဦးဝင်းအောင်-ဒေါ်ခင်ခင်လှိုင်တို့၏ဘကြီးသည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၁၁:၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝေ (ခ) တူးမာ
### အသက် (၇၁) နှစ်
(မင်္ဂလာတောင်ညွန့်မြို့နယ်)

(ဦးရဲသန့်-ဒေါ်ရန်)တို့၏သမီးကြီး၊ (ဦးဘရှင်-ဒေါ်စမ်းမြ)တို့၏ သမီးချွေးမ၊ (ဦးစိုးလွင်)၏ဇနီး၊ ဦးသန့်ဇင်-ဒေါ်မွန်မွန်လတ်၊ ဒေါ်ခင်ခင်သန်း၊ ဦးငွေအောင်-ဒေါ်ခင်စောသန်း၊ ဒေါ်ဆွေဆွေသန့်တို့၏ အစ်မကြီး၊ မဆုသဲဦး၊ ဦးကျော်ဖြိုးသူ (MIP)-ဒေါ်အိဖြူသွယ်ထွန်း၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ အပိုင်း(၁)၊ တိုက်(၇)၊အခန်း(၁၀၂) နေ ဦးဇေမင်းထွန်း(Yesc/တာမွေ)-ဒေါ်သဥ္ဇာသိမ့်သိမ့်(Yesc/ရန်ကင်း) တို့၏မွေးသမိခင်ကျေးဇူးရှင်၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်၊ မောင်ကောင်းဆက်ဟိန်း၊ မယွန်းနဒီလင်းလတ်တို့၏အဘွားသည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ အပိုင်း(၁)၊ တိုက်(၇)၊အခန်း(၁၀၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်စိုး
### အသက် (၆၈) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးထွန်းကြိုင်-ဒေါ်ခင်စိန်)တို့၏ တစ်ဦးတည်းသောသား၊ ဦးတင်ဆိုင်၊ ဒေါ်ခင်ရှိန်တို့၏ တူ/သား၊ (ဦးနာဂမာလ်-ဒေါ်ဘာဂီရိသိဒေဝီ)တို့၏သမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆၂၈၊၆၃၈)၊ Royal River View Condo 703 (7C)နေ ဒေါ်စူစီလာကူမာရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းဇော်ထွန်း-မသင်းသင်းထက်၊ ကိုသန့်ဇော်ထွန်း-မနှင်းဝတ်ရည်၊ မောင်ရဲဇော်ထွန်းတို့၏ မွေးသဖခင်၊ မလဲ့ယမင်းသန့်၊ မလဲ့ရတီသန့်၊ မောင်စည်သူလင်းထွန်းတို့၏ အဘိုးသည် ၁၀-၁၂-၂၀၁၉ (အင်္ဂါနေ့) ည ၁၀:၄၅ နာရီတွင် ရွှေဂုံတိုင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးအောင်ခင်ဦး
### အသက်(၅၄)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း၊ တောင်ရပ်ကွက်၊ အမှတ်(၁၃/က)၊ ပြည်သူ့ကွက်သစ်(၂)လမ်းနေ (ဦးစိန်လွင်-ဒေါ်သန်းလှ)တို့၏ သား၊ (ဦးစိုးဝင်း)-ဒေါ်မြင့်မြင့်ကြည်၊ ဦးထွန်းအောင်-ဒေါ်မိမိတင် တို့၏ ညီ/မောင်၊ ဦးတင်မောင်ဝင်း-ဒေါ်သင်းသင်းမြင့်၊ (ဦးစိုးနိုင်)-ဒေါ်သန်းသန်းဦး၊ ဦးအောင်ဇော်ဦး-ဒေါ်ထားထားကြည်တို့၏ အစ်ကို၊ တူ/တူမ ခုနစ်ယောက် တို့၏ ချစ်လှစွာသော ဦးလေး၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့)ညနေ ၃:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## သိက္ခာတော်ရ ဆရာတော်ဒေါက်တာစောဝေါလ်ဒိုသိန်း
### အသက် (၈၂) နှစ်

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၄)၊ ဒေးဗစ်ရွှေနုလမ်းနေ (ဦးစောမောင်သိန်း-နော်စေးရာ)တို့၏သား၊ ဆရာမကြီး ဒေါက်တာမာရီးထာသိန်း၏ခင်ပွန်း၊ ဒေါက်တာစောမားလ်ဒိုသိန်း-နော်ထဲမီ၊ စောရှဲလ်ဒိုသိန်း-နော်နီလာဝင်း၊ နော်နီးလ်ထာသိန်း-စောဆာလွယ်ထူးတို့၏ဖခင်၊ နော်ရှဲနီသိန်း၊ စောနီရဲလ်ဒိုသိန်း၊ နော်မားထီသိန်း၊ စောထားလ်ဒိုသိန်း၊ စောနီးလ်အိုရိုင်းယယ်ထူး၊ နော်ဂျိန်းခါရီးနာထူးတို့၏အဘိုးသည် ၁၃-၁၂-၂၀၁၉ ရက် နံနက် ၀၀:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဈာပနဝတ်ကို ၁၇-၁၂-၂၀၁၉ ရက် နံနက် ၉ နာရီတွင် သမိုင်းကရင်နှစ်ခြင်း အသင်းတော်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရန်ကုန်ကရင်နှစ်ခြင်း အနီးသာသနာသုသာန်(ထိန်ပင်)၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သိုက်(တောင်တွင်းကြီး)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သီရိလမ်း၊ ခြံအမှတ်(၃)နေ (ဦးဘစိန်-ဒေါ်တွဒ်)တို့၏ သမီး၊ (ဦးမာဒင်-ဒေါ်စိန်ဆင့်)တို့၏ သမီးချွေးမ၊ [ဒု-ဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)]၏ ဇနီး၊ (ဦးသိန်း)-ဒေါ်ခင်ပိုက်၊ ဦးစိုးမင်းလွင်-ဒေါ်ခင်စောဦး၊ (ဒေါ်သန်းကြည်)၊ (ဒေါ်သန်းရီ)တို့၏ ညီမ/အစ်မ၊ ဦးထွန်းထွန်းဦး၊ ဒေါ်မြကြေးမုံ-ဦးစိုးထွန်း(Raffles)၊ ဦးကျော်ကျော်အောင် တို့၏ မိခင်၊ မောင်သီဟန်ထက်၊ မောင်ခိုင်မြဲထက် (Grade-11-D, T.T.C ကမာရွတ်)တို့၏ အဘွားသည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၈:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (သီရိလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းမေ (စစ်တွေ)
### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ စံပယ်လမ်း၊ အမှတ်(၉)၊ ပထမထပ် (ဝဲ)နေ (ဦးကျော်ထွန်း-ဒေါ်ကြာဇံ)တို့၏ သမီး၊ ဒေါ်ဦးလှခင် (KBZ၊ ဘဏ်ရုံးချုပ်)၊ ဦးဘဒေါင်း(ရေယာဉ်မှူး-ငြိမ်း၊ ဒေါင်းမင်းCo.,Ltd)၊ [ဦးမင်းစိုးတင့်(အင်ဂျင်နီယာမှူးကြီး-ရေကြောင်း)]-ဒေါ်ခင်သန်းမူ (က.ည.န-ငြိမ်း)၊ ဦးခင်မောင်လင်း (UHC ဆေးရုံ)-ဒေါ်ယုယုမော်၊ ဒေါ်ခင်ခင်ဇံ(U.S Embassy)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ ကိုစိုးသူလင်း (Euro Sports)-မဇာနည်ထွန်း(အထက-၂၊ စမ်းချောင်း)၊ ကိုသူရိန်စိုးတင့်-မိအိမ့်မျက်သွယ် (ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-ရန်ကုန်)တို့၏ အဘောင်ရှင်၊ မောင်ဟေလျံ၏အဖီးရှင်သည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ထွေး(ခ)အျူဟုန်ပြူး (ငွေဥဒေါင်းဆန်စက်)
### အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပွဲန်တန်ဆာမြို့၊ မြို့မ(၂)၊ မင်းလမ်းနေ (ဦးစံရင်-ဒေါ်လှကျင်)တို့၏ သား၊ ဦးတင်မြင့်-ဒေါ်မြတင် (ငွေဥဒေါင်းစက်သုံးဆီဆိုင်)တို့၏ ညီ/မောင်၊ ကိုဇေယျာဖြိုး-မပိုးအိဖြူ၊ ကိုထက်အောင်၊ မမေသူသူအောင်၊ မသုသုနွေးအောင်တို့၏ ဖခင်ကြီး၊ မြေးနှစ်ယောက် တို့၏ အဘိုး၊ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးတင်ထွေးသည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၂:၄၆ နာရီတွင် မြောက်ဒဂုံပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၅၂၀)၊ ပြည့်ဝ ကွန်ဒို 7D၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးချိုချို
### အသက် (၆၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၃)လမ်း၊ အမှတ်(၁၀၇)၊ ငါးလွှာနေ (ဦးစန်းလှိုင်-ဒေါ်မေမေမြ)တို့၏သား၊ (ဦးသာဒွန်း-ဒေါ်မေမေသန်း)တို့၏သားသမက်၊ ဒေါ်လှမြတ်သာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အောင်ချို(ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး၊ ရွှေနှင့် ရတနာဌာန)-ဒေါ်ဇာခြည်စိုးမင်း၊ မမြတ်မျိုးမျိုးစံ(ဧရာဝတီဘဏ်၊၄၉-လမ်း ဘဏ်ခွဲ)တို့၏ ချစ်လှစွာသောဖခင်၊ မနန်းရတီဦး၊ မချမ်းပြည့်ပြည့်အောင်တို့၏အဘိုး၊ ဒေါက်တာတင်မော်-ဒေါ်အေးအေးသာ၊ ဒေါ်ခင်အောင်သာ၊ ဦးရဲထွဋ်-ဒေါ်ဥမ္မာသာ၊ ဦးနေမင်းစိုး-ဒေါ်မို့မြတ်သာတို့၏ညီ/မောင်၊ တူ/တူမ ၁၀ ယောက်တို့၏ဦးလေး ဦးအေးချိုချိုသည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အကောက်ခွန်ဝန်ထမ်းဟောင်းများ အသင်း**
## ဦးလှအေး
**အကောက်ခွန်ဦးစီးအရာရှိ (ငြိမ်း)**
### အသက် (၉၀)

ရာသက်ပန်အသင်းဝင် အမှတ် (၆၉၃) ဦးလှအေးသည် ၁၃-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါ၍ အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဒေါ်သန်းသန်းနွယ်
### အသက်(၆၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၁၅၁)၊ (၁၆)လမ်း၊ ပထမထပ်(ဝဲ)နေ (ဦးရင်ကြည်-ဒေါ်ခင်ထွေး)တို့၏ သမီးငယ်၊ (ဦးထွန်းရွှေ)-ဒေါ်စန်းစန်းဝင်း(ဆသရ-ငြိမ်း) တို့၏ ညီမ၊ (ဦးသိန်းထိုက်)၏ အစ်မ၊ ဦးကျော်ရွှေ ၏ ဇနီး၊ မောင်ခန့်သီဟဇော်၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မူးယစ်ကို**
**ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
### အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ-ဒေါ်နီနီမြိုင်တို့၏မိခင် ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီ**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင် (ဝေါမြို့)
### အသက် (၈၅) နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ-ဒေါ်နီနီမြိုင်တို့၏မိခင် ဖြစ်သူ ဒေါ်လှမြိုင် အသက် (၈၅)နှစ်သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေအိမ်၌ ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဇနီး ဒေါ်နွယ်နီစိုး**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ကြည် (ခ) ဒေါ်မြရွှေ (ခ) မိစုကြီး (ထားဝယ်)
### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်တောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ်(၃)နေ [ဦးဘလွင်-ဒေါ်စိန်လှ (ထားဝယ်)]တို့၏သမီး၊ (ဦးကြည်စိုင်-ဒေါ်မေညွန့်)၊ (ဦးကြည်ကွိုင်-ဒေါ်ဂင်ဂွါ)၊ (ဦးကြည်တင်-ဒေါ်အင်ကြည်)၊ (ဦးသိန်းကြည်-ဒေါ်လွမ်ကြည်)တို့၏ညီမ၊ (ဦးစိုးကြည်-ဒေါ်ခင်စန်းဝင်း) တို့၏အစ်မ၊ [ဦးဘာထိန် (လ/ထညွှန်မှူး)] ၏ဇနီး၊ ဦးကျော်ကျော်ထိန် (မြောင်တကာ အထက်တန်းကျောင်းအုပ်)၊ ဦးခင်မောင်သော်-ဒေါ်လီလီမော်ထိန်၊ ဒေါ်ဥမ္မာထိန်၊ ဒေါ်အေးမာထိန်၊ ဦးမောင်မောင်ထိန်-ဒေါ်သင်းသင်းရီ(စက်မှုလယ်ယာစာရင်းကိုင်-၁၊ ပဲခူး)တို့၏မွေးသမိခင်၊ မြေး ခုနစ် ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်စိန်ကြည် (ခ) ဒေါ်မြရွှေ (ခ) မိစုကြီး (ထားဝယ်)သည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၉ ရက် နံနက် ၇ နာရီ မှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးသားချင်း မိတ်ဆွေတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်အောင်
### အသက်(၇၈)နှစ်
**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၇၃)၊ ဂန္ဓမာလမ်းနေ (ဦးအုန်းမောင်-ဒေါ်ရီ)တို့၏ သား၊ ဒေါ်စိန်စိန်ရီ၊ ဒေါ်ဝင်းမာတို့၏ အစ်ကို၊ ဒေါက်တာကိုမြင့်-ဒေါက်တာသိမ့်သိမ့်မျိုး(ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးခိုင်လင်း(MAX Co.,Ltd.)-ဒေါ်မြတ်မြတ်မျိုး (A.M.E မြန်မာ့သစ်လုပ်ငန်း)တို့၏ ဖခင်၊ မမျိုးသီရိကို၊ မမျိုးဇာနည်ကိုတို့၏ အဘိုး၊ ဒေါ်သန်းမြင့် ၏ ချစ်လှစွာသောခင်ပွန်း ဦးမျိုးမြင့်အောင်သည် ၁၃-၁၂-၂၀၁၉ ရက် နံနက် ၄:၂၀ နာရီတွင် GRAND HANTHA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၉ ရက်နေ့တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်း
### အသက်(၇၅)နှစ်
(လပွတ္တာ-ကန်ဘက်)

ရန်ကုန်မြို့၊ (၄၄)လမ်း၊ အမှတ်(၈၀)နေ ဦးတင်သိန်း ၏ ဇနီး၊ ဒေါ်စုစုခင် (အလက-၂၊ ဗဟန်း)၊ ဦးမြင့်ဆွေ-ဒေါ်အိအိခင်၊ ဦးနေပြည်စိုး-ဒေါ်ဆွေဆွေအောင်တို့၏ မိခင်၊ (ဦးသိန်းလွင်)၊ ဦးသိန်းဝင်း၊ ဦးစိုးဝင်း(ရွှေတိဂုံစေတီတော်ဂေါပက)၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်စိမ်းလဲ့ဖြူ၊ ဦးကျော်ကျော်၊ ဦးမင်းမင်းအောင်၊ ဒေါ်ရွှေဇင်တို့၏ အစ်မကြီး၊ မြေးလေးယောက် တို့၏ ဘွားဘွားကြီးသည် ၁၃-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်စိုး (၇၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နေ (ဦးထွန်းအောင်-ဒေါ်ထွေးမေ)တို့၏ သား၊ (ဦးပု-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဒေါ်ထားကြည်၏ ခင်ပွန်း၊ ဦးစိုးလှိုင် (ဒုတိယညွှန်ကြားရေးမှူး၊ လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်ဇင်မာစိုး၊ ဦးသန်းထက်စိုး (NH ကားရောင်းဝယ်ရေး)-ဒေါ်သီသီစန်းတို့၏ ဖခင်၊ မြေးငါးယောက် တို့၏ အဘိုး၊ ဦးသိန်းထွန်း၏ ညီ၊ ဒေါ်ခင်စန်းမြင့်၊ ဦးသိန်းအေး၊ ဦးအောင်ဟိန်း၊ ဦးခင်မောင်အေး၊ ဦးခင်မောင်ထွေး တို့၏ အစ်ကိုသည် ၁၂-၁၂-၂၀၁၉ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၅၄၇)၊ မြေညီထပ်၊ ရွှေဝါလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြိုင် (ဝေါ)
### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရပ်ကွက်(၃၀)၊ ပန်းဝါလမ်း၊ အမှတ်(၃၄)နေ (ဦးစံအေး-ဒေါ်သိန်းကျော့)တို့၏သမီး၊ ဗိုလ်မှူးကြီးကောင်းလှ(ငြိမ်း) စစ်ဆေးရေးချုပ် (ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သူ (အင်ဂျင်နီယာချုပ်၊ တံတားဦးစီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်သက်မာမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဒုတိယဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) (HEIN GLOBAL CO.,LTD) - ဒေါ်မြမြခိုင်၊ ဒုတိယဗိုလ်မှူးကြီးစိုးစိုးနိုင်(ငြိမ်း)-ဒေါ်လဲ့လဲ့ခိုင်၊ ဦးနေအောင်(MIRACO MARINE CO.,LTD)-ဒေါ်သီမာထွန်း၊ ဒုတိယဗိုလ်မှူးကြီးထွန်းအုံ (ငြိမ်း)(အမြဲတမ်းအတွင်းဝန်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်နီနီမြိုင်တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စီစီမေ
**နာယကကြီး၊ ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း**
### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၁၀၂)၊ မြေညီထပ်နေ [ဒေါက်တာဦးကျော်မြင့်(တိုင်းဆရာဝန်ကြီး-ငြိမ်း၊ မြန်မာ့မီးရထား)]၏ဇနီး အသင်းနာယကကြီး ဒေါ်စီစီမေသည် ၁၁-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်ခင်ဝင်းအေး(ခ)တန်ပိုးယွတ်
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၂)လမ်း(အထက်)၊ အမှတ်(၁၃၆/ပ)ထပ်နေ (ဦးစန်းညွန့်)၏ ချစ်လှစွာသောဇနီး၊ မောင်ကျော်အောင်ခိုင်၏ ချစ်လှစွာသော မိခင်၊ (ဦးခင်စန်း-ဒေါ်ရှုခင်)တို့၏ သမီးကြီး၊ ဒေါ်ခင်ဝင်းဌေး-ဦးကျော်အုန်း၊ ဦးအောင်မြင့်-ဒေါ်မာလာရီ၊ ဒေါ်ခင်ဝင်းရီ၊ ဦးအောင်ဆွေ-ဒေါက်တာဒေါ်ကြည်ကြည်အေး၊ ဦးဝင်းမြင့်-ဒေါ်ခိုင်ခိုင်စိုး၊ ဦးအောင်ဝင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်ခင်ဖြူဖြူ၊ ဦးညွန့်အောင်-ဒေါ်အေးမီသန်း တို့၏ ချစ်လှစွာသောအစ်မကြီးသည် ၁၀-၁၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ထွန်း
### အသက်(၇၅)နှစ်
**ဒု-လ/ထ အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)**
**မော်လမြိုင်၊ ငန်းတေး၊ ဓာတ်အားပေးစက်ရုံ**
**သာကေတ ဓာတ်အားပေးစက်ရုံ**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

မွန်ပြည်နယ်၊ ပေါင်မြို့၊ သဖြူချောင်ကျေးရွာနေ (ဦးထွန်းရင်-ဒေါ်ထွေး)တို့၏ သားထွေး၊ ဒေါ်စန်းမြင့်၏ ခင်ပွန်း၊ (ဒေါ်ငွေရှပ်)၏ မောင်၊ ဦးအောင်စီးပွား၏ ညီ၊ ဦးကျော်ဦး-ဒေါ်အိဖြူဖြူထွန်း၊ ဦးဖြိုးဝေထွန်းတို့၏ ဖခင်၊ မမြတ်ဆုပန်ကျော်၊ မမြတ်နေခြည်ကျော်၊ မမြတ်တော်ဝင်ကျော်တို့၏ အဘိုးသည် ၁၃-၁၂-၂၀၁၉ ရက် နံနက် ၉:၃၀ နာရီတွင် အမှတ်(၃၆/H)၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီ၊ ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်ညွန့် (မြန်မာ့မီးရထား-ငြိမ်း)
### အသက် (၆၈) နှစ်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ မြို့သစ်မြို့နယ်အုပ်စု၊ ပေပင်ကန်းကျေးရွာနေ (ဦးဘိုးထွန်း-ဒေါ်စောရင်)တို့၏ဒုတိယသား၊ ဦးညီတင်-ဒေါ်ဝိုင်းကြည်တို့၏ညီ/မောင်၊ ဘီးလင်းမြို့၊ နှင်းပုလဲကျေးရွာနေ (ဦးလှလူ)-ဒေါ်သန်းနုတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ လောင်းလုံလမ်း၊ အမှတ်(၂၈၂)နေ ဦးသန်းထိုက်-ဒေါ်ဌေးဌေး၊ ဦးနေဇာလင်း (ခ) ကိုမျိုး-ဒေါ်ညိုညိုသိမ့်၊ မောင်ဇာလင်းထွန်း(ခ) ထွန်းထွန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးချိုချို အသက် (၆၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၃)လမ်း(အထက်)၊ အမှတ်(၁၀၇)၊ ငါးလွှာ (က)နေ (ဦးစန်းလှိုင်-ဒေါ်မေမေမြ) တို့၏သားငယ်၊ (ဦးသာဒွန်း-ဒေါ်မေမေသန်း)တို့၏သားသမက်၊ ဒေါ်လှမြတ်သာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အောင်ချို (ရွှေတိဂုံစေတီတော်ဂေါပကရုံး၊ ရွှေနှင့် ရတနာဌာန)-ဒေါ်ဇာခြည်စိုးမင်း၊ မမြတ်မျိုးမျိုးစံ (၄၉-လမ်း ရောဝတီဘဏ်ခွဲ)တို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာတင်ဌေးဦး-ဒေါက်တာစောအုန်းကျင်၊ ဦးဝင်းရွှေ-ဒေါ်အေးအေးကြိုင် (စိန်ခြင်္သေ့ဆေးလိပ်ခုံ)၊ ဦးဆန်နီ-ဒေါ်ဝင်းဝင်းလှိုင်၊ (ဦးဝဏ္ဏ)တို့၏ညီ/မောင်၊ မနန်းရတီဦး (Grade-9၊ ဗိုလ်တထောင်-၄)၊ မချမ်းပြည့်ပြည့်အောင်တို့၏ ချစ်လှစွာသောအဘိုး ဦးအေးချိုချိုသည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၃:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိမ်း
B.Sc(Physics)
### အသက် (၇၅) နှစ်

(တိုးတက်ရေးဦးသိမ်း) လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)-(ဒေါ်မမလေး) လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)တို့၏သားကြီး၊ ဦးကြည်ထွန်း-ဒေါ်ခင်ဆွေသိမ်း၊ ဦးဝင်းသိမ်း (ဥက္ကဋ္ဌပြည်ထောင်စုရာထူးဝန်အဖွဲ့)-ဒေါ်လှလှဝင်း၊ ဦးမင်းသိမ်း (နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်)-(ဒေါ်နီနီဦး)တို့၏အစ်ကို၊ ဒေါ်အိအိမာ၊ ဦးအောင်မျိုးသိမ်း၊ ဦးလင်းဝင်းသိမ်း၊ ဦးအောင်ဝင်းသိမ်း၊ ဒေါက်တာဝင်းမင်းသိမ်း၊ ဦးရဲမင်းသိမ်း-မခိုင်ခိုင် တို့၏ဘကြီးသည် ၁၂-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီး ရပ်ကွက်၊ ၁၀၈-လမ်း၊ အမှတ်-၂၆/B၊ ပထမထပ် နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အနိစ္စ**

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးစောတင်လေး
### အသက် (၈၇) နှစ်

ဧရာဝတီတိုင်း ဒေသကြီး၊ ပန်းတနော်မြို့နေ (ဦးဝင်းကျော်-ဒေါ်မချစ်)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးအောင်ထွေး-ဒေါ်ဘီ)တို့၏သားသမက်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(ခ/၂၈)နေ ဒေါ်ခင်သိန်းအေး၏ခင်ပွန်း၊ ဒေါ်နော်သိန်းမြဝင်း (မူလွန်-၄၁၊ ရွှေပြည်သာ)၊ (စောညိမ်းအောင်လင်း)၊ စောစစ်ကျော်-နော်သဇင်ဝင်း၊ စောအောင်ဖြိုးခိုင်တို့၏မွေးသဖခင်၊ စောခွန်ကျော်ဆက်၏ဘိုးဘိုး ဦးစောတင်လေးသည် ၁၁-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၁၂-၂၀၁၉ (သောကြာနေ့)တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## Dr Thang Za Lian
(သမ-၁၈၄)
### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၂)လမ်း၊ အမှတ်(၄၇)၊ အပေါ်ဆုံးထပ်နေ Nu Dim Pau ၏ချစ်လှစွာသောခင်ပွန်း၊ Mai Rosy Mansen-Thaw Dar Win Maung, Wathan Niang, Haymann Khawm-Wade Mcmaster, Wa Thon Lian @ Thang Lam Dim-Myo Thu Ya, Thawng Khan Dongh @ Pyi Sone Lian တို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ (Dr Cope Ya Pome)-Nu Ciin Niangတို့၏ညီ၊ (Nu Tina Niang Pau)-Rev Dr Lam Cin Thang, Pome Ko Khai-Cherry Mang Mann, (Mr Cope Cin Nang), Pa Khup Khan Pau-Nu Mann Kyi, Nu Ciang Kaang-Rev Pau Khan Dal, (Dr Cope Khan Khai)-Dr Khin Thi Htun, Nu Cherry Khaing, Cissy Khaing-Aye Win, Pa Cin Kho Kam-Nu Tha Zing Thai တို့၏အစ်ကို၊ တူ/တူမ ၂၃ ယောက်တို့၏ဦးလေး၊ Grace Pau Uap, Lian Khant Myo Myint, Abel Lian Mung တို့အပါအဝင် မြေး ၂၄ ယောက်တို့၏အဘိုး Dr Thang Za Lian (2291, Archdale Rd, Reston, VA20191)သည် ၁၁-၁၂-၂၀၁၉ ရက် ဒေသစံတော်ချိန် နံနက် ၆:၅၃ နာရီတွင် Reston Hospital၌ ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ၂၁-၁၂-၂၀၁၉ ရက်တွင် U.S.A ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**သွေးသည် အသက်**

ဘုရား၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးသာညွန့်
အင်ဂျင်နီယာမှူး (ငြိမ်း)၊ ကုန်းလမ်းပို့ဆောင်ရေး
### အသက် (၇၄) နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကြီးကန်ရွာနေ (ဦးကျော်တင့်-ဒေါ်ခင်လှိုင်)တို့၏သားကြီး၊ ဒေါ်အုံးကြည်၊ ဒေါ်အုံးရီ၊ ဒေါ်ဝင်းကြည်၊ ဦးကျော်အောင်၊ ဦးကျော်မောင်တို့၏မောင်/အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅) ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၅၆)နေ ဒေါ်တင်မှီ၏ခင်ပွန်း၊ ဦးကျော်ဦး-ဒေါ်ယမင်း၊ ဒေါ်ချိုချိုမာ (ငွေစာရင်း၊ ကုန်းလမ်းပို့ဆောင်ရေး၊ နေပြည်တော်)၊ ဦးအောင်မိုး(ဖွဲ့မာန်-Engineering)-ဒေါ်မာမာမင်း(Osotspa Myanmar Co.,Ltd)၊ ဦးအောင်သူရ၊ ဦးထွန်းလင်းအောင်-ဒေါ်ရည်ရည်မွန်(ချမ်းမြေ့-ဆေးဆိုင်၊ မင်္ဂလာဈေး/ဗိုလ်ချုပ်ဈေးသစ်)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး လေးယောက်တို့၏ အဘိုး ဦးသာညွန့်သည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၁၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ဌေး (ဒဂုံမြို့နယ် သ/မ ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁)၊ သုံးလွှာနေ (ဦးလှမြိုင်-ဒေါ်သန်း)တို့၏ သမီး၊ (ဒေါ်ခင်အေးမြင့်)၏ ညီမ၊ ဦးဆွေမြင့် (ဦးစီးအရာရှိ-ငြိမ်း၊ ပို့/ဆက်)၏ ဇနီး၊ ဦးစလင်းခိုင်-ဒေါ်ခင်သန္တာဆွေ၊ ဦးမျိုးမင်းဆွေ၊ ဦးနေလင်းထိုက်-ဒေါ်တင်နွယ်စိုးတို့၏ မွေးသမိခင်၊ မောင်ဖွဲ့မြင့်မြတ်လင်း၊ မောင်ဟိန်းထိုက်စိုးတို့၏ အဘွား ဒေါ်တင်တင်ဌေးသည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၅:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ဌေးဌေးဝင်း (ဒေးဒရဲမြို့)
### အသက်(၇၁)နှစ်

ဒေးဒရဲမြို့၊ ပြည်တော်သာလမ်း၊ အမှတ်(၃၆)နေ (ဦးခွန်နား-ဒေါ်ပိုး)တို့၏ မြေး၊ (ဦးမြ)-ဒေါ်ရွှေဝါတို့၏ သမီးကြီး၊ ဦးကျော်စိန်၊ (ဦးကျော်မြင့်)-ဒေါ်စိုး၊ ဦးမင်းလွင်-ဒေါ်တင်ကြည်၊ ဒေါ်သန်းသန်းဌေးတို့၏ တူမ၊ ဦးတင်နွယ်-ဒေါ်ကြည်ကြည်မြင့်၊ ဦးသိန်းဇံ-ဒေါ်ခင်လှ၊ ဦးသိန်းဇော်၊ [ဒေါ်မြင့်မြင့်သန်း-(ပန်းမဥ္စူအလှပြုပြင်ရေး)၊ဓာတ်ပုံ-တက္ကသိုလ်ဟန်မင်းဦး၊ ဦးမျိုးမင်းလတ်၊ ဦးသက်မောင်-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းဆွေ (မြန်မာ့လက်ရွေးစင်ဘော်လီဘောနည်းပြ)-ဒေါ်အေးအေးသန်း၊ ဦးသန်းထွန်းဦး-ဒေါ်ချိုချိုဝင်း (Reward English Language Centre)၊ ဒေါက်တာဇေယျာဦး၊ ကိုမျိုးမင်းအောင်၊ မမြမျက်ခြယ်တို့၏ ကြီးကြီး သည် ၁၂-၁၂-၂၀၁၉ ရက် ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပိုင်းသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းညွန့်
**လှဆန်းတင် ကျောင်းဝတ်စုံ**
### အသက် (၆၈) နှစ်

တောင်ငူမြို့နေ (ဦးလှမြင့်-ဒေါ်လှရင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၇)၊ ဩဘာလမ်း၊ ကျောက်မြောင်း(အထက်) ရပ်ကွက်နေ (ဦးမောင်ခင်-ဒေါ်ဟန်တင်)တို့၏သမီးချွေးမ၊ဦးကျော်မြင့်၏ချစ်လှစွာသောဇနီး၊ ဦးစိန်ဌေး-ဒေါ်နိုင်နိုင်မြင့်၊ ဦးစိုးထိုက်-ဒေါ်နွယ်နွယ်မြင့်၊ ဦးစိုးမိုးလွင်-ဒေါ်ဝေဝေမြင့်၊ ဦးနေဝင်းမြင့်-ဒေါ်မျိုးမာလာဆွေတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွား ဒေါ်သန်းသန်းညွန့်သည် ၁၃-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၄ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီ မှ ၁၀ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား


ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ** ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

**ကြေးမုံ ယနေ့ဖတ်စရာ**

**မြန်မာ့ပုလဲပြသရောင်းချပွဲ (ဒီဇင်ဘာ ၂၀၁၉) အောင်မြင်စွာ ကျင်းပပြီးစီး ပုလဲအတွဲပေါင်း ၃၈၄ တွဲအား ယူရိုငွေ ၂၄၄၅၈၂၁ ဖြင့် ရောင်းချနိုင်ခဲ့**

စာမျက်နှာ » ၈

**သမိုင်းတွင်သည့် ဗြိတိန်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီ အနိုင်ရရှိ**

စာမျက်နှာ » ၁၂

**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ တတိယအကြိမ် ဖန်ပြွန်သန္ဓေသား အောင်မြင်စွာမွေးဖွား**

စာမျက်နှာ » ၁၇

**တိုင်းရင်းသားရေးရာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာ အထူးကဏ္ဍ အချပ်ပို လေးမျက်နှာပါရှိပါသည်။


ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် တရားစွဲဆိုလျှောက်ထားမှုအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သွားရောက်ဖြေရှင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ပန်းခြံ၌ ဒီဇင်ဘာ ၁၂ ရက်က လူထုထောက်ခံပွဲပြုလုပ်စဉ်။ ဓာတ်ပုံ - ငွေးမင်း



# ပလက်ဝမြို့၌ သင်းသေချောင်းရေတံခွန် အပန်းဖြေစခန်းဖွင့်လှစ်



သင်းသေချောင်းရေတံခွန်။



အပန်းဖြေစခန်း။

**ချင်းပြည်နယ် ပလက်ဝမြို့သို့ လာရောက်လည်ပတ်သည့် ခရီးသွားများနှင့် မြို့နယ်သူ မြို့နယ်သားများ အပန်းဖြေအနားယူနိုင်ရန်အတွက် ပလက်ဝမြို့ ရိက္ခာရပ်ကွက် အနောက်ဘက်ရှိ သင်းသေချောင်းရေတံခွန် အပန်းဖြေစခန်းကို ဆောင်ရွက်ဖွင့်လှစ်ထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလင်းထံမှ သိရသည်။ သင်းသေချောင်းရေတံခွန်သည် အဆင့်နှစ်ဆင့်ရှိပြီး မြို့တွင်းရေဖြန့်ဖြူးရေး၊ ရေအားလျှပ်စစ်ဖြန့်ဖြူးရေးနှင့် အပန်းဖြေစခန်းတစ်ခုအနေဖြင့် စွမ်းဆောင်ပေးနိုင်သည့် ရေတံခွန်တစ်ခုဖြစ်သည်။ ပလက်ဝမြို့မှ နှစ်ဖာလုံခန့်သာဝေးပြီး စက်ဘီး၊ ဆိုင်ကယ်၊ ခြေကျင်တို့ဖြင့် အချိန်မရွေးသွားလာနိုင်သည်။ ပလက်ဝ-မတူပီ ကားလမ်းဘေးတွင် တည်ရှိခြင်းဖြစ်သည်။ မြို့ပေါ်နေပြည်သူများ မိုးရာသီတွင် ရေတံခွန်မှ စီးဖြာသည့် ရေပန်းဖြင့် အပျော်သဘော သွားရောက်ရေချိုးကြခြင်းနှင့် ဆောင်းရာသီနှင့် နွေရာသီတို့တွင် အဖွဲ့လိုက်ပျော်ပွဲစားထွက်ကာ အပန်းဖြေအနားယူကြသည့် နေရာတစ်ခုလည်းဖြစ်သည်။**

သတင်းဆောင်းပါး
မောင်မောင်ကျော့ (ပလက်ဝ)

သင်းသေချောင်းရေတံခွန်၏ အပေါ်ပိုင်းသို့ ရိက္ခာရပ်ကွက်ရှိ အနောက်ဘက်တောင်တန်းအတိုင်း ခြေကျင်တက်လျှင် နာရီဝက်ခန့်ကြာတက်ရပြီး အပေါ်ရှိ တောင်တန်းကြား ချောင်းရိုးတစ်လျှောက်လည်း သွားရောက်နိုင်သည်။ မိုးရာသီတွင်မူ သွားလာရခက်ခဲသည်။ ရေတံခွန်သို့ အပန်းဖြေခရီးလာရောက်ရင်း ဝန်းကျင်ရှိ ဘုရား၊ ပုထိုး ရှိရာ တောင်ကုန်းများသို့ သွားရောက်ဖူးမြော်နိုင်သည်။

### စိမ်းလန်းစိုပြည်

သင်းသေချောင်းရေတံခွန် အနီးဝန်းကျင်တို့တွင် မြို့ပေါ်နေသူအချို့ နှစ်စဉ်ရွှေ့ပြောင်းတောင်ယာများ ခုတ်ခဲ့ကြခြင်းကြောင့် မိုးရာသီတွင်သာ ရေပန်းဝေဖြာစီးဆင်းပြီး ရေတံခွန်၏ အလှတရားကို ဖော်ဆောင်နိုင်ကာ ကျန်အချိန်များတွင် ရေစီးဆင်းမှုလျော့နည်းလာမှုကြောင့် ရေတံခွန်ရေစီးဆင်းမှုနှုန်းနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုတို့ကို များစွာထိခိုက်လာခဲ့သည်။

ချင်းပြည်နယ်တစ်ခုလုံး၏ သစ်တောပြုန်းတီးစေသည့် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးလုပ်ငန်း စီမံချက်များ ဆောင်ရွက်နေသည့် အချိန်အခါမျိုးတွင် ပလက်ဝမြို့ရှိ သင်းသေချောင်းရေတံခွန်ကိုလည်း ရာသီချိန်ခါမရွေး ရေစီးဝေဖြာရေး၊ ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြေရေးနှင့် အပန်းဖြေစခန်းတစ်ခုအနေဖြင့် ထာဝရအသုံးပြုလာနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၏ လမ်းညွှန်မှုကို ခံယူကာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများပါဝင်ကြသည့် ပူးပေါင်းအဖွဲ့က သင်းသေချောင်းကြိုးပြင်ကာကွယ်တောဧရိယာဧက ၅၂၀ ဖွဲ့စည်းနိုင်ရေးကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် တင်ပြညှိနှိုင်းဆောင်ရွက်မှုဖြင့် ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

**သင်းသေချောင်းအပန်းဖြေစခန်းသို့ လာရောက်လည်ပတ်နေကြသူများအနက် နေ့စဉ် ညနေပိုင်းတွင် ရေချိုးရင်း လည်ပတ်ကြသည့် လူငယ်လူရွယ်များသာ အများဆုံးဖြစ်ကာ ရုံးပိတ်ရက်များတွင် မိသားစုအလိုက် ပျော်ပွဲစားလာရောက်လည်ပတ်မှုများလည်း ယခင်ထက် ပိုမိုလာရောက်နေပြီဖြစ်ကြောင်း၊ သင်းသေချောင်းရေတံခွန်အပန်းဖြေစခန်းတည်ဆောက်မှု ပြီးစီးသွားပါက မြို့ပေါ်ရှိပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားများအတွက် အပန်းဖြေအနားယူချင်စရာဆွဲဆောင်မှုအပြည့်ရှိသော အပန်းဖြေစခန်းတစ်ခု ဖြစ်လာတော့မည် ဖြစ်**

အဆိုပါ သင်းသေချောင်းရေတံခွန်၏ စွမ်းဆောင်ပေးမှုများကို ပြည်သူများ အကျိုးရှိရှိ ပြန်လည်အသုံးပြုနိုင်ရေးအတွက် ကြိုးပြင်တောဧရိယာ ဖွဲ့စည်းသတ်မှတ်ပေးခဲ့မှုနှင့်အတူ ယခုအခါ ရေတံခွန်အောက်ခြေဝန်းကျင်ကို မြို့နယ်လျှပ်စစ်ဌာနမှ မြို့နယ်စည်ပင်သာယာရေးကော်မတီက လွှဲပြောင်းလက်ခံပြီး အပန်းဖြေစခန်းတစ်ခုအဖြစ် ပြုပြင်ပုံဖော် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ဆွဲဆောင်မှုများရှိစေရန်

မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလင်းက လက်ရှိတွင် အပန်းဖြေနားနေစခန်းတစ်ခု တည်ဆောက်ပြီးစီးပြီဖြစ်ပါကြောင်း၊ နောင်တွင်လည်း စည်ပင်ကော်မတီအနေဖြင့် ရန်ပုံငွေခွင့်ပြုမှုပေါ်မူတည်ပြီး ရေအားလျှပ်စစ်ရုံအနီးမှ ရေတံခွန်အောက်ခြေထိ လှေကားထစ်များ တည်ဆောက်သွားရန် စီစဉ်ထားရှိပါကြောင်း၊ အနီးဝန်းကျင်ရှိ တောင်စောင်းများတွင်လည်း အလှပန်းပင်များ၊ အလှပန်းအိုးများစိုက်ကာ သင်းသေချောင်းအပန်းဖြေစခန်းသာယာလှပရေးနှင့် အပန်းဖြေအနားယူမည့်သူများ ပိုမိုလာရောက်နိုင်ရန် ဆွဲဆောင်မှုများရှိစေရန် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သင်းသေချောင်းရေတံခွန်အပန်းဖြေစခန်း ရေရှည်ထိန်းသိမ်းရေးအတွက် အပန်းဖြေစခန်းဝင်ကြေးကောက်ခံမည် မဟုတ်ပါကြောင်း၊ လိုအပ်ပါက ဆိုင်ကယ်ရပ်နားစခန်းတစ်ခုတည်ဆောက်ပြီး အပန်းဖြေစခန်းသို့ လာရောက်ဈေးရောင်းချကြသူများနှင့် ဆိုင်ကယ်စောင့်ရှောက်သည့် အခွန်အခ အနည်းအကျဉ်းကောက်ခံ၍လည်း အပန်းဖြေစခန်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

### ယခင်ထက် ပိုမို

သင်းသေချောင်းအပန်းဖြေစခန်းသို့ လာရောက်လည်ပတ်နေကြသူများအနက် နေ့စဉ် ညနေပိုင်းတွင် ရေချိုးရင်း လည်ပတ်ကြသည့် လူငယ်လူရွယ်များသာ အများဆုံးဖြစ်ကာ ရုံးပိတ်ရက်များတွင် မိသားစုအလိုက် ပျော်ပွဲစားလာရောက်လည်ပတ်မှုများလည်း ယခင်ထက် ပိုမိုလာရောက်နေပြီဖြစ်ကြောင်း၊ သင်းသေချောင်းရေတံခွန် အပန်းဖြေစခန်းတည်ဆောက်မှု ပြီးစီးသွားပါက မြို့ပေါ်ရှိ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားများအတွက် အပန်းဖြေအနားယူချင်စရာ ဆွဲဆောင်မှုအပြည့်ရှိသော အပန်းဖြေစခန်းတစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း တွေ့ရှိခံစားရေးသားလိုက် ရပါသည်။



# မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားသို့ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်

မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများနှင့် ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း သိရသည်။

ကုသိုလ်တော်ဘုရားကြီးသည် ပိဋကတ်သုံးပုံပါဠိတော်ကျောက်စာပေါင်း ၇၂၉ ချပ်ရှိပြီး မာတိကာအလိုက် ပိဋကတ်သုံးပုံကျောက်စာများမှာ သုတ္တန်သုံးကျမ်း ကျောက်စာအချပ် ၄၁၀၊ ဝိနည်းငါးကျမ်း ကျောက်စာ ၁၁၁ ချပ်၊ အဘိဓမ္မာခုနစ်ကျမ်း ကျောက်စာအချပ် ၂၀၈ ရှိသည်။ ဘုရားဝင်းအတွင်း၌ ကျောက်စာတစ်ချပ်လျှင် ဓမ္မစေတီတစ်ဆူနှုန်းဖြင့် တစ်ဆယ့်သုံးဧကကျယ်ဝန်းသော စေတီပရိဝုဏ်သုံးထပ်အတွင်း စိုက်ထူထားသည်။ အဆိုပါကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် စတင်ထွင်းထုခဲ့ရာ ၁၂၃၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ကုသိုလ်တော်ဘုရားကျောက်စာချပ်များကို Memory of the World စာရင်းသို့ ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်က တင်သွင်းခဲ့ပြီး အဆိုပါအမွေအနှစ်ကို တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အစည်းအဝေး၌ ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Ms. Irina Bokova က သဘောတူအတည်ပြုခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် UNESCO Memory of the World စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

# ချင်းဘာသာစကားဖြင့် ပုံပြောပြိုင်

ချင်းဘာသာစကားဖြင့် ပုံပြင်ပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ လူထုအခြေပြုဇဟိုဌာနအဖြစ် ဖွင့်လှစ်ထားသည့် ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြုလုပ်ရာ ဂန့်ဂေါမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ကိုးတွဲ ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

**ဘာသာ၊ ဓလေ့ ပိုမိုရှင်သန်နိုင်စေရန်**

“ပြိုင်ပွဲမှာ ချင်းဘာသာနဲ့ပုံပြင်ပြောပြတာကို အားလုံးနားလည်နိုင်အောင် ဗမာဘာသာ ပြန်ဆိုပြောဆိုသူ တစ်ဦးပါတွဲပြီးတော့ ပါဝင်ယှဉ်ပြိုင်စေပါတယ်။ ဘာသာ၊ ဓလေ့များ ပိုမိုရှင်သန်နိုင်စေရန် ကျင်းပတာဖြစ်ပါတယ်။ ဇိုတုန်းချင်းဘာသာရော၊ ဟားခါးချင်းဘာသာ နှစ်မျိုးလုံးအတွက် ယှဉ်ပြိုင်ပွဲကျင်းပတာပါ ”ဟု ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ပြောသည်။



အဆိုပါ ဇိုတုန်းချင်းဘာသာ ပုံပြင်ပြောပြိုင်ပွဲတွင် ကျောတိုက် အလက (ခွဲ) ကျောတိုက်မှ မတင်ပါးမွေးနှင့် ဆုန်ချင်းပါရ်မွေးတို့က ပထမ၊ မြို့မအထကမှ မမီးမီးဝင်းနှင့် မသိန်းမေတို့က ဒုတိယ၊ စည်ပင်သာယာ အလက (ခွဲ) မှ မောင်အောင်ပြည့်နှင့် မနော်ရင်မယ်တို့က တတိယဆုများကိုလည်းကောင်း၊ ဟားခါးချင်းဘာသာ ပုံပြင်ပြောပြိုင်ပွဲတွင် ဇာဟောရွာ အထက (ခွဲ) မှ မဗျက်ထားချင်းနှင့် မဇာလှဲကိန်းတို့က ပထမ၊ အုတ်လှ အလကမှ မောင်ကျုံးဘိခ်လျာန်းနှင့် မခင်စန္ဒာဦးတို့က ဒုတိယ၊ အုတ်လှ အလကမှ မခရစ္စတီးနားနှင့် မသီတာမြင့်တို့က တတိယဆုများ အသီးသီးရရှိကြ၍ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

စိန်ကျော်

## တိုင်းရင်းသားတွေ ညီညွတ်ပေ

ဒီမိုကရေစီ ပြည်ထောင်စု
ငါတို့တည်ထောင်ပြု
စည်းလုံးမှုနဲ့ ပန်းတိုင်မျှော်
အသွင်ပြောင်းလဲခဲ့ပြီနော်။
တောင်ပေါ်မြေပြန့် သွေးမကွဲ
အမြဲ လက်ချင်းတွဲ
ခိုင်ခိုင်မြဲမြဲ စည်းလုံးကာ
ရင်းနှီး ချစ်ကြည်စွာ။
သုံးရောင်ဖြာခြယ် လေမှာလွင့်
အပြုံးပန်းတွေပွင့်
ဖွံ့ဖြိုးဝင့်ကြွား တိုင်းရော
ပဲခူး တနင်္သာ။
မန္တလာမြေ မြို့စစ်ကိုင်း
ရန်ကုန် မကွေးတိုင်း
ရှိုင်းပင်းကြလို့ သွေးချင်းတွေ
ကချင် ကယား မွန်အဆွေ။
ရခိုင် ချင်းလေ ဗမာ ရှမ်း
ကရင် လက်ဆင့်ကမ်း
ညီတူလှမ်းလို့ ပြည်ကျိုးဆောင်
တိုင်းပြည် တိုးတက်အောင်။
ခေတ်ရေ့ဆောင်လို့ အားသစ်ဖြိုး
ညီညွတ်ကြတဲ့ တို့လူမျိုး
သမိုင်းဂုဏ်မည့်ျိုး။

ကိုကျော်စွာ(ကျိုက်ပီ)

## ကမ္ဘောဇမြေရှမ်းဌာနေ

ကမ္ဘောဇမြေရှမ်းဌာနေ
လာလည်ခဲ့ဖို့ ဖိတ်ခေါ်ပေ
တောင်တန်းပြည်မပေါင်းစည်းကြ
ပင်လုံမြေလည်း ရှိသဗျ ...။
ရှမ်းအိုးစည်တီးကကြမယ်
ရှမ်းရိုးရာဓလေ့ ပျော်မွေ့ဖွယ်
ခေါ်ပုပ်၊ ပဲပုပ် အစားအစာဓလေ့
မြိန်ရေရှက်စွာစားကြဟေ့ ...။
တန်ခိုးကြီးလို့ ဖူးကြသည်
ဖောင်တော်ဦးစေတီ
စူဠာမုဏိမြတ်ဘုရား
ရောက်အောင်သွားလို့ ဖူးစေသား ...။
မီးပုံးပျံပွဲစည်ကားသနော်
မြန်ပြည်တစ်လွှားလာကြသော်
ကိန္နရီအကလွန်ကြည့်လှ
ကိန္နရာလေးနဲ့ လိုက်သဗျ ...။
ရှမ်းတောင်တန်းကြီးပတ်ကာရံ
ချယ်ရီပန်းနဲ့ တင့်တယ်ပြန်
မောရှမ်းတို့ရဲ့ လက်ဖက်ခင်း
ကြည့်လို့မဝတဲ့ ရှုမျှော်ခင်း ...။
အေးချမ်းလှတဲ့ ဒီပြည်နယ်
ချစ်ကြည်ရင်းလို့ သွေးစည်းတယ်
လက်ချင်းယှက်ကာခိုင်မြဲဖို့
ပြည်ထောင်စုစိတ်ဓာတ် ထားကြစို့ ...။

ဇင်မင်းစိုး (ဗိုလ်ကလေး)

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]





# ဟဲဟိုးမြို့၌ ရွှေ့လျားဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်နေမှုအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့တွင် ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ဟဲဟိုးမြို့ မြို့လယ်ဓမ္မာရုံ၌ ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူများ၏လိုအပ်ချက်များဖြစ်သော လမ်းကိစ္စရပ်များ၊ မြို့နယ်စည်ပင်သာယာရေးကိစ္စရပ်များ၊ ပြည်တွင်းအခွန်ကိစ္စရပ်များ၊ ကျန်းမာရေး၊ တိုင်းရင်းဆေး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးကြပြီး ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းတွင် ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုဇယားများ၊ လယ်ယာမြေပုံစံ(၇)များ၊ ယာဉ်မောင်းလိုင်စင်တို့ကို ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူတို့က ဒေသခံပြည်သူများအား ပေးအပ်ခဲ့ကြသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ဟဲဟိုးမြို့ရှိ လေသာတောင်ဘုရားစေတီသို့ တက်ရောက်ဖူးမြော်ကြည်ညိုကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ အဆိုပါဘုရားဂေါပကအဖွဲ့က လက်ခံရယူပြီးနောက် အင်းခေါင်းဆည်(ဟဲဟိုး)ရှိ စိုက်ပျိုးရေးခြံသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# စစ်ကိုင်းမြို့တွင် ရိုးရာဓလေ့ မုန့်ပေါင်းပွဲတော် အစဉ်အလာမပျက် ပျော်ရွှင်စွာ ကျင်းပ

စစ်ကိုင်းမြို့ ဒါးဝယ်ဈေးတိုက်နယ်တွင် ရှေးယခင်ကတည်းက ရိုးရာဓလေ့အဖြစ် ကျင်းပခဲ့သည့် မုန့်ပေါင်းပွဲတော်ကို ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းက အစဉ်အလာမပျက် ပျော်ရွှင်စွာ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ မုန့်ပေါင်းပွဲတော်ကို သမိုင်းဝင် ဝေဠုဝန်ငါးထပ်ကြီးဘုရားရှေ့လမ်းတစ်လျှောက်တွင် နှစ်စဉ်နတ်တော်လပြည့်နေ့မှ လပြည့်ကျော်(၁)ရက်နေ့အထိ ကျင်းပလေ့ရှိကြောင်း၊ ယခုနှစ် မုန့်ပေါင်းပွဲတော်တွင် လာရောက်ရောင်းချသည့် ဈေးသည် ၁၀၀ ခန့်ရှိကြောင်း မုန့်ပေါင်းလာရောက်ရောင်းချသူများထံမှ သိရသည်။

“ဒီပွဲကို လာရောက်ရောင်းချတာ လေးနှစ်ရှိပါပြီ။ ဆေးပွဲလို့ ခေါ်ပါတယ်။ ဒီလပြည့်နေ့မှာ မုန့်ပေါင်းစားရင် ဆေးဖက်ဝင်တယ်လို့ ဆိုးရိုးစကားရှိခဲ့တယ်။ ညပိုင်းတွေဆို တိုးမပေါက်လာရောက်ဝယ်တဲ့သူတွေ စည်ကားတယ်”ဟု ညောင်ကုန်းကျေးရွာမှ မုန့်ပေါင်းလာရောင်းချသည့် ဈေးသည်ဒေါ်မြလင်းကပြောသည်။

ရှေးယခင်က မုန့်ပေါင်းပွဲကို နတ်တော်လပြည့်နေ့ ည တစ်ညတည်းသာ ကျင်းပရောင်းချခဲ့ရာမှ လွန်ခဲ့သည့် ၁၀ နှစ်ဝန်းကျင်မှစတင်၍ လပြည့်နေ့နှင့် လပြည့်ကျော်(၁)ရက် ညပိုင်းအထိပါ ရောင်းချမှုရှိလာကြောင်းနှင့် ယခင်က မြေပေါင်းအိုးများဖြင့်သာ ရောင်းချကြသော်လည်း ယခုအခါ ဆယ်ပိသာဝင် သံဖြူပုံးများအား ပေါင်းခံအိုးအဖြစ်အသုံးပြုကာ မုန့်ပေါင်း ပြုလုပ်ရောင်းချကြကြောင်း မုန့်ပေါင်းလာရောက်ရောင်းချသူများထံမှ သိရသည်။

**ရောင်းချ**

“ဒီပွဲက ကျွန်တော်မမွေးခင်ကတည်းက ရှိခဲ့တယ်လို့ အမေနဲ့အဖေက ပြောဖူးတယ်။ အခုဆို ကျွန်တော်အသက် ၄၃ နှစ်ရှိပြီ ဒီပွဲက နှစ် ၁၀၀ ကျော်ရှိပြီလို့ သိရပါတယ်။ ဟိုအရင်တုန်းကတော့ ဒီနားပတ်ဝန်းကျင် ကျေးရွာတွေလောက်ပဲ သိတယ်။ ခုနောက်ပိုင်းကျ လူသိများလာပြီး တိုးမပေါက်အောင် စည်ကားလာတယ်”ဟု ဒေသခံ ကိုမင်းမင်းက ပြောသည်။

ထို မုန့်ပေါင်းပွဲတွင် သမိုင်းဝင် ဝေဠုဝန်ငါးထပ်ကြီးဘုရားအနီး ဒါးဝယ်ဈေးတိုက်နယ်အတွင်းမှ တောင်ဘော်ဂါ၊ ကနားတော်၊ ညောင်းကုန် စသည့်ရပ်ကွက်များမှ လာရောက်ရောင်းချကြသည့် မုန့်ပေါင်းဈေးသည် ၁၀၀ ခန့်ရှိကြောင်း၊ မုန့်ပေါင်းတစ်ခုလျှင် ငွေကျပ် ၁၀၀ ဖြင့် ရောင်းချကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အင်းလေးဒေသ၏ နှစ်သက်စရာပုံရိပ်များ

ဇေဒါမောင်[ပညာရေး]

အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့၌ တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက်ပေပေါင်း ၂၉၀၀ ကျော် မြင့်မားသော တောင်ပေါ်ဒေသက အင်းအိုင်ကြီးတစ်ခုလည်းဖြစ်သည်။ အင်းလေးကန်သည် အင်းသူအင်းသားတို့၏ နေထိုင်ရာအိမ်ဖြစ်သလို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာပါ ထူးခြားဆန်းပြားသော နေရာဒေသတစ်ခုလည်းဖြစ်၏။ ရေထဲမှာ အိုးအိမ်ဆောက်လုပ်ပြီး ရေထဲမှာပဲ လုပ်ကိုင်စားသောက်နေမှုက အံ့သြစရာကောင်းလှသည်။ နှစ်စဉ်ကျင်းပလေ့ရှိသော ဖောင်တောင်ဦးမြတ်စွာဘုရားများ ဒေသစာရီကြွချီတော်မူသည့် ဖော်တော်ဦးဘုရားပွဲသည် အင်မတန်မှစည်ကားလှပြီး စိတ်ဝင်စားစရာများဖြင့် ပြည့်နှက်နေလေသည်။ အများနှင့်မတူ တစ်မူကွဲပြားသော အပြုအမူများဖြင့် ပုံဖော်ထားခြင်းသည် အင်းလေးဒေသ၏ စွဲဆောင်မှုတစ်ခုပင်။ ထို့ကြောင့်လည်း အင်းလေးဒေသသို့ အလည်အပတ်ခရီးထွက်ကြသူများကဖြင့် စဉ်ဆက်မပြတ်ရှိနေကြခြင်းဖြစ်သည်။

လူသားတွေဟာ နေထိုင်စရာအဆောက်အဦကို တည်ဆောက်ကြသည့်အခါ မြေပြင်ကိုပဲ ရွေးချယ်ကြရသည်။ အင်းသူအင်းသားများကတော့ ရေပေါ်မှာ အိမ်ဆောက်နေသည်ဟု ထင်မြင်မိကြသည်ပင်။ အမှန်မှာ ရေပြင်၏အောက်အလွှာရှိမြေ၌ တိုင်ရှည်ရှည်ထူကာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ရှမ်းပြည်နယ်အတွင်းရှိ အင်းလေးဒေသတွင် နေထိုင်ကြသည့်အင်းသူအင်းသားများမှာ ရှမ်းလူမျိုးများဖြစ်ကြသည်။မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးနွယ်စုများသည် မိမိဓလေ့ မိမိရိုးရာများဖြင့် ပျော်ရွှင်မှုများကို ဖန်တီးကာ ပွဲတော်များကျင်းပကြလေ့ရှိသည်။ အင်းလေးဒေသတွင် လူသိအများဆုံးပွဲတော်တစ်ခုဖြစ်သည့် လှေပြိုင်ပွဲက စည်းလုံးခြင်း၊ ညီညွတ်ခြင်း၏ ပြယုဂ်တစ်ခုပင်။ လှေပြိုင်ဖို့ရာအတွက် လှေပေါ်ရှိပြိုင်ပွဲဝင်သူတိုင်းက တက်ညီလက်ညီ လှော်ခတ်ကြရသည်။ ဤတွင်အပြေးပြိုင်ပွဲများမှာ ဝင်ရောက်ယှဉ်ပြိုင်ကြသော အပြေးသမားများနှင့်မတူ။ များသောအားဖြင့် ပြိုင်ပွဲဟုဆိုလျှင် ပန်းဝင်ဖို့ မိမိကိုယ်တိုင်မိမိတစ်ဦးတည်း အစွမ်းကုန်ကြိုးစားအားထုတ်ရလေသည်။ အင်းလေးဒေသ၏ လှေပြိုင်ပွဲက တစ်ဦးတစ်ယောက်တည်း ကြိုးစားနေရုံဖြင့်မရနိုင်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၁၂-၂၀၁၉)ရက်နေ့ထုတ် တိုင်းရင်းသားရေးရာကဏ္ဍ စာမျက်နှာ(၈)ရှိ ချင်းမျိုးချစ်ခေါင်းဆောင် ဦးဝမ္မသူးမောင်းခေါင်းစဉ်၏ ပထမကော်လံ တတိယပိုဒ်စာကြောင်းရေ(၆)၌ ဦးကီးဖေ(သခင်အောင်မောင်း)**အစား** ဦးကီးဖေလိန်း(သခင်အောင်မင်း)ဟုလည်းကောင်း၊ ဒုတိယကော်လံ စတုတ္ထစာပိုဒ်စာကြောင်းရေ(၅)၌ အင်္ဂလိပ်အစိုးကို **အစား** အင်္ဂလိပ်အစိုးရဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **မောင်မောင်ကျော့(ပလက်ဝ)**

# ရခိုင့်သဘာဝအလှ ကျောက်ပန်းဒူကမ်းခြေ



**ခိုင်မြတ်လင်း(ယွန်းရွှေမြေ)**

ရခိုင်ပြည်နယ်သည် ရခိုင်ရိုးမတောင်တန်းကြီးနှင့် လှပသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသော ဒေသတစ်ခု ဖြစ်သည့်အလျောက် သဘာဝအလှအပနေရာများစွာ တည်ရှိနေသည်။ ထိုထိုသဘာဝလှပဆန်းကြယ်သော နေရာများစွာထဲကမှ မြန်မာနိုင်ငံ၏အနောက်ဘက်ရှိ ရခိုင်ပြည်နယ်မြောက်ပိုင်း မေယုဒေသ မောင်တောမြို့နယ် ကျောက်ပန်းဒူကမ်းခြေသည်လည်း အလွန်သာယာလှပပြီး မေယုဒေသ၌ အထင်ကရ ကမ်းခြေတစ်ခုဖြစ်သည်။ ထိုကမ်းခြေရှိ ကျောက်ဆောင်ပုံစံသည် တစ်ချိန်က အဘိုးအဘွားများ ဆေးရွက်ကြီးထည့်၍ သောက်သည့် ပန်းဒူ(ဆေးတံ)ပုံစံမျိုး တည်ရှိနေ၍ ကျောက်ပန်းဒူကမ်းခြေဟု ခေါ်တွင်ရခြင်း ဖြစ်သည်။ အတိတ်က ရာမ၊ လက္ခဏာရာဇဝင်များနှင့်အတူ ရှိခဲ့သော ကမ်းခြေလည်းဖြစ်သည်။ ယခင်က လူသူအရောက်ပေါက်နည်းပြီး သိသူရှားပါးခဲ့သည်။ ယခုအခါ မောင်တောနှင့် ဘူးသီးတောင်ဒေသခံများ၏ စိတ်အပန်းဖြေခရီးသွားရောက်ရာ နေရာတစ်ခုအဖြစ် အလွန်ပင်စည်ကားလျက် ရှိနေပါသည်။

ပင်လယ်ကမ်းခြေ၏ သဘာဝအလှတရား သဘာဝကျောက်ဆောင်များစွာတို့က ထိုကမ်းခြေကို ဆွဲဆောင်ထားသည်။ လှိုင်းလုံးလေးများ တလိပ်လိပ်တက်လာနေပုံတို့သည်ပင်လျှင် စိတ်အပန်းဖြေရန် ရောက်လာသူအပေါင်းအား နောက်တစ်ကြိမ်ထပ်မံ၍ အရောက်လာချင်စိတ်ဖြစ်ပေါ်စေသည်။ ဒီရေတက်လာလျှင် ထိုကျောက်ဆောင်အား ရေပတ်လည်ဝိုင်းရံထား၍ ရေဆော့ကစားရန် အလွန်ပင်ကောင်းသည်။ ရေ၏စိမ်းကြည်မှုကြောင့် ကျောက်သားပြင်၊ ကျောက်ဆောင်ငယ်လေးများဖြင့် ကမ်းခြေအလှ ရှုမဝဖြစ်ကြရသည်။ လုပ်ငန်းခွင်၌ စိတ်အကျပ်အတည်း အခက်အခဲဖြစ်နေသော လုပ်ငန်းရှင်များကပင် ထိုကမ်းခြေသို့ အပန်းဖြေခရီးထွက်ရန် စိတ်ဝင်တစားရှိလာကြသည်။ ကျောက်ဆောင်အပေါ်သို့တက်၍ အမှတ်တရဓာတ်ပုံများ ရိုက်နိုင်သည်။ တခြားသောကမ်းခြေများကဲ့သို့ သဘာဝအလှတရားများစွာတို့ကို တဝကြီးခံစားနိုင်သည်။ ရှုမြင်ရသူများ၏စိတ်ကိုလည်း ကြည်နူးလန်းဆန်း အပန်းပြေစေပါသည်။



ကမ်းခြေ၏ အနီးနားတစ်ဝိုက်တွင် ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးများနှင့် ဟိန္ဒူဘာသာဝင်များစွာ နေထိုင်ကြပြီး ဘာသာရေးယုံကြည်မှုအရ ဟိန္ဒူဘာသာဝင်များ မီးမျှောပွဲကျင်းပလေ့ရှိသော ကမ်းခြေလည်းဖြစ်သည်။ ဘူးသီးတောင်နှင့် မောင်တောဒေသခံများ၏ သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် သင်္ကြန်ပွဲတော်ရက်နေ့များအပြင် စနေ၊ တနင်္ဂနွေကဲ့သို့ အားလပ်သောနေ့ရက်များ၌လည်း သူငယ်ချင်းအပေါင်းအသင်း၊ မိသားစုများ ပျော်ပွဲစား အပန်းဖြေခရီးအဖြစ် အလည်အပတ်သွားသည့် နေရာတစ်ခု ဖြစ်နေသည်။ အလွန်စည်ကားသော နေရာလည်းဖြစ်သည်။

**ကျောက်ပန်းဒူကမ်းခြေသို့ မည်သို့သွားရမည်နည်း**

ကျောက်ပန်းဒူကမ်းခြေသည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၏ အနောက်တောင်ဘက် ၃၆ မိုင်ခန့်အကွာ၊ မောင်တောမြို့၏ အရှေ့တောင်ဘက် ၃၂ မိုင်ခန့်အကွာနှင့် အငူမော်ဆိပ်ကမ်း၏မြောက်ဘက် ၁၈ မိုင်ခန့်အကွာ အငူမော်ကားလမ်းဘေး၌ တည်ရှိနေသည်။ ကျောက်ပန်းဒူကမ်းခြေကို အပန်းဖြေခရီးအဖြစ် လာရောက်လည်ပတ်မည်ဆိုပါလျှင် ဘူးသီးတောင်၊ မောင်တောဘက်မှ ကား၊ ဆိုင်ကယ်တို့ဖြင့် အငူမော်လမ်းမကြီးအတိုင်း သွားရောက်နိုင်သလို စစ်တွေ-ရေချမ်းပြင်-အငူမော်ဆိပ်ကမ်းမှတစ်ဆင့်လည်း အငူမော်လမ်းမကြီးအတိုင်း သွားရောက်နိုင်ပြီဖြစ်သည်။ ယခုကဲ့သို့ ပွင့်လင်းရာသီတွင် အပန်းဖြေခရီးထွက်သွားရောက်ရန် အကောင်းဆုံးနေရာတစ်ခုလည်း ဖြစ်ပေသည်။